www.burmeseclassic.com

အသစ်စက်စက်ဂမ္ဘီရဝတ္ထု

# ဂမ္ဘီရပဟောင်ရွေ

ရွှေဝင်းထွဋ်မြားကြီးရဲ့ဝိညာဉ်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၃၁၀၉၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၇၅၁၀၀၉
၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀/-) ကျပ်

◈ ထုတ်ဝေသူ
ဦးအောင်ခိုင်၊ ရွှေအိမ်မှူးစာပေ၊ (မြ-၀၄၂၄၃)၊
အမှတ် (၂၂၁)၊ ၃၁လမ်း (ထက်)၊ ပန်းဘဲတန်း။

◈ မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်၊
အမှတ် (၁၇၁)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

◈ အတွင်းပုံနှိပ်
ဦးကျင်ရင် (၀၅၄၁၇)၊ ရွှေခြေသေ့ပုံနှိပ်တိုက်၊ အမှတ်(၁၂)၊
သရဖီလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်။

◈ ပြည်လုံးကျွတ်ဖြန့်ချိရေး

◈ ရဲရင့်အောင်စာပေ
အမှတ်(၄၉)၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်
အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅ ၊ ၈၃
မောင်ရွှေ ကျွဲ့ခု
မော်ဝင်ပတ္တမြားကြီးရဲ့ ဝိညာဉ် / ကျွဲ့ခုမောင်ရွှေ။ ရန်ကုန်၊
ရွှေအိမ်မှူးစာပေ ၊ ၂၀၀၉ ။
၁၂၅ - စာ ၊ ၁၃၀ X ၂၀၇ စင်တီ။
(၁) မော်ဝင်ပတ္တမြားကြီးရဲ့ ဝိညာဉ်

## ပါဝင်သောအခန်းများ

| | | |
|---|---|---|
| အခန်း | ၁။ | ကြောက်မက်ဖွယ် အိပ်မက်ဆိုး |
| အခန်း | ၂။ | ဝိညာဉ်အိမ် |
| အခန်း | ၃။ | ရွှေလည်တိုင် ရွှေဖော့ရိုး |
| အခန်း | ၄။ | ဝိညာဉ်အလင်းတန်းများ |
| အခန်း | ၅။ | အိမ်ကြီးထဲက ဝိညာဉ်များ |
| အခန်း | ၆။ | အိမ်ကြီးမာယာ |
| အခန်း | ၇။ | လျှို့ဝှက်မှတ်တမ်းတစ်ခု |
| အခန်း | ၈။ | ကြေကွဲချိန်ဆည်းဆာ |
| အခန်း | ၉။ | မရဏလက်သံများ |
| အခန်း | ၁၀။ | ဝိညာဉ်တွေက သတ်ဖြတ်ခြင်း |
| အခန်း | ၁၁။ | ဌာနအုပ်ငွေမောင်းနှင့် လူသတ်မှု |
| အခန်း | ၁၂။ | ထူးဆန်းသည့် မြေပုံအညွှန်း |

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com


အခန်း ၁၃။ နောက်ဆုံးလက်စပျောက်ခြင်း

အခန်း ၁၄။ မှော်ဝင်ပတ္တမြားကြီး

အခန်း ၁၅။ အချစ်သည်စွမ်းအား

အခန်း ၁၆။ အနာဂတ်လေညင်း


## အခန်း (၁)

# ကြောက်မက်ဖွယ်အိမ်မက်ဆိုး

လေကြမ်းတွေက တဟူးဟူး တရားရား တိုက်ခတ်နေကြသည်။ လသည် ပြည့်ဝန်းလုခဲခဲ ကောင်းကင်တိမ်စိုင်ခဲတို့၏ အနားစွန်း၌ ချိတ်တွဲနေလေသည်။ ကြယ်ပွင့်ကြယ်စတွေလည်း ကောင်းကင်ကမ္ဗလာပြင်ကြီးအား စိန်ပွင့်များ ယှက်ဖောက်ထားသည့်နှယ် အကွက်အပြောက်လေးများအဖြစ် လင်းလက်နေ၏။

လရောင်ကြောင့် မြေပြင်တစ်ခုလုံးသည် လင်းကျန်လုမတတ် အရာဝတ္ထုတွေကို ပီသထင်ရှားစွာ မြင်တွေ့နေရလေသည်။ ထို့ကြောင့်လည်း သချိုင်းကုန်းပျက်ကြီးတစ်ခုဆီသို့ သွားရာလမ်းလေး၏နံဘေး တောင်ကုန်းမို့မို့လေးတစ်ခုဆီသို့ များပြားလှသော မီးတုတ်အလင်းရောင်များဖြင့် အရိပ်သဏ္ဍာန်များရွေ့လျားလှုပ်ရှားနေသည်ကို မြင်တွေ့ရခြင်းဖြစ်သည်။

အရိပ်သဏ္ဍာန်များမှာ လူသားများဖြစ်ကြပြီး မီးတုတ်များကိုယ်စီကိုင်ဆောင်ထားကြ၏။ ယင်းလူသားများသည် အပေါ်တစ်နှစ်ဆယ်ကျော်သုံးဆယ်ခန့်မှက ရှိသည်ဟု ခန့်မှန်းရလေသည်။

www.burmeseclassic.com



ထူးခြားသည်မှာ မီးတုတ်ကိုင်ဆောင်ထားသူများမှာ ယောကျ်ားသားများသာမက မိန်းမသားများ ကလေးသူငယ်များပါ ပါဝင်နေကြခြင်းဖြစ်သည်။

လရောင်အောက်မှာ ယင်းလူစုလူဝေးကြီး တရွေ့ရွေ့လာနေကြသည်မှာ မီးမောင်းတန်းကြီး ရွေ့လျားလာနေသကဲ့သို့ ထင်မှတ်ရလေသည်။ ထူးဆန်းသည်မှာ ယင်းမီးတုတ်ကို လူများများသည် မီးရောင်အောက်၌ မိန်းမယောကျ်ားမတူ သူတို့၏မျက်နှာများပေါ်၌လည်းကောင်း မျက်လုံးများပေါ်၌လည်းကောင်း ဒေါသရောင်တွေ လက်ပကာ ခက်ထန်တင်းမာနေကြခြင်း ဖြစ်သည်။ မျက်လုံးများသည်လည်း ခံပြင်းခြင်းအရောင်တွေ မီးရောင်ဖြင့် အပြိုင် တဖျတ်ဖျတ်လက်နေလေ၏။

ယင်းလူအုပ်ကြီးအား လူကြီးတစ်ယောက်က ဦးဆောင်လာခြင်းဖြစ်ပေသည်။

ထူးဆန်းသည့်အရာဝတ္ထုမှာ ယင်းလူအုပ်ကြီး၏ရှေ့ဆုံးရှိ လူသုံးလေးဦး၏လက်တွင်းမှာ ကြိုးဖြင့်တုပ်နှောင်ထားသည့် လူကြီးတစ်ယောက်ပါလာခြင်းဖြစ်သည်။ လူကြီး၏အသက်မှာ ငါးဆယ်နီးပါးခန့်ရှိကာ ရှည်လျားသော လျှောင်ထုံးကြီးမှာ ပြည့်ကျလျက်ရှိပြီး ဆံပင်ရှိုင်းကြီးက မျက်နှာပေါ်နှင့် ကျောထက်၌ ဖရိုဖရဲပြန့်ကားနေလျက် အမှတ်တမဲ့ဆိုပါလျှင် ရူးသွပ်နေသူတစ်ဦးပမာဖြစ်နေ၏။ သို့သော် သူ၏မျက်ဝန်းတွေကမူ မကြာမီ ကြုံတွေ့ရင်ဆိုင်လာရမည့် အဖြစ်အပျက်ဆိုးကြီးအား တင်ကြိုသိနေသူအလား ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်းတို့ဖြင့် ချောက်ချားဝိုင်းစက်လျက်ရှိသည်။

သူ့အား နံဘေးမှ ဝိုင်းညှပ်လျက် တုပ်နှောင်ဖမ်းချုပ်ထားသူတွေ လက်တွင်းမှလည်း အတင်းရုန်းကန်ကာ နှုတ်ကနေ





ကြောက်လန့်တကြား အော်ဟစ်နေလေသည်။

"မင်း ... မင်းတို့လွှတ် ... ငါ့ကိုလွှတ် ... ငါမိစ္ဆာမဟုတ်ဘူး ... မင်းတို့ထင်သလို မိစ္ဆာအတတ်တွေမတတ်ပါဘူးကွာ၊ ငါ့ ငါ့ကို မ မသတ်ကြပါနဲ့"

"တယ် ... ဒီမကောင်းဆိုးဝါးကောင်ကြီးကတော့ ငါ့လက်ထဲကဓားနဲ့ပိုင်းမိတော့မယ်"

"ကြာတယ်ကွာ ... လက်ကယားနေပြီ ... ဒီကောင်ကြီးကြောင့် ငါ့မယားခင်ထွေးရော သားလေးပါသေခဲ့ရတာ"

"မ ... မလုပ်ကြပါနဲ့ကွာ ... ငါ ... ငါက မင်းတို့တစ်ရွာလုံးထင်သလို ... မ ... မဟုတ်ရပါဘူး"

လူကြီးသည် ထိတ်လန့်ချောက်ချားလျက် သနားစဖွယ်တောင်းပန်တိုးလျှိုးနေလေသည်။ ရွာသားများသည် လူကြီးအား ထိုခနဲတဲ့တွေးများဖြင့် ထွေးကာ သူတို့၏မျက်နှာပေါ်၌ နာကြည်းခံပြင်းလျက် သတ်ဖြတ်ချင်သည့်အရိပ်များ ပေါ်လွင်နေလေသည်။

တောင်ကုန်းမို့လေးထက်သို့ ရောက်ရှိလာကြလေပြီ။ တောင်ကုန်းလေးမှာ ကျယ်ပြန့်ပြီး ယင်းနေရာတွင် မြေပြန့်သဖွယ် ရှင်းလင်းနေလေသည်။ ရွာသားများသည် လူကြီးအား ယင်းမြေပြန့်အလယ်သို့ တရွတ်တိုက်ဆွဲခေါ်သွားကြလေသည်။ လူကြီးမှာ အတင်းရုန်းကန်လျက် ...

"လွှတ် ... ငါ့ကိုလွှတ်ကြ"

မကြာမီ မြေပြန့်လေးအလယ်ရှိ လက်ဝါးကပ်တိုင်သဖွယ် သစ်လုံးဖြင့်ပြုလုပ်ထားရာနေရာသို့ ရောက်လာ၏။ ထိုစဉ် ရှေ့ဆုံးကနေ မျက်နှာကြီးတင်းမာခက်ထန်စွာ ဦးဆောင်လာသူလူကြီးက ယင်းလက်ဝါးကပ်တိုင်ဆီသို့ ဦးတည်လျက်သွား၏။ ရွာသားများ



www.burmeseclassic.com

www.burmeseclassic.com



လည်း လူကြီးအားဆွဲခေါ်သွားသည်။

"ဋ္ဌိ ... ငါ့ကို မ ... မသတ်ပါနဲ့"

"တိတ်စမ်း ... ခင်ဗျားအလှည့်ကျတော့ သေရမှာ ကြောက်သလား ... ခင်ဗျားလက်ချက်နဲ့သေခဲ့ရတာ ကျုပ်တို့တစ်ရွာလုံး ပြုတ်ပြုတ်ပြွန်းတော့မယ် ... ဒါကို ကျုပ်တို့က ကျေနပ်ရမလား ... ခင်ဗျားလည်း သူတို့လိုတူညီတဲ့အကျိုးခံစားစေရမယ်၊ ကဲဟေ့ သူ့ကို ကားစင်တင်လိုက်ကြ"

"ဝေး ... ဟေး"

"သတ်ပစ် ... မိစ္ဆာကောင်ကြီးကို ချက်ချင်း သတ်သတ်ပစ်"

"ဟုတ်တယ် ... မှော်အတတ်တွေ တတ်တဲ့မိစ္ဆာကောင်ကြီးကို မြေပေါ်မှာမထားနဲ့ ကလဲ့စားချေကြ"

ရွာသူရွာသားများ၏ မီးတုတ်များ လက်နက်စားခုတ်လှံများ ဝင့်မြောက်ကာ အော်ဟစ်လိုက်သံက ဝန်းကျင်တစ်ခုလုံး လွှမ်းမိုး၍သွားတော့သည်။ ထိုစဉ် လမင်းအား အနက်ရောင်တိမ်တိုက်ကြီးတစ်ခုက လွှမ်းဖုံးသွား၍ ဝန်းကျင်တစ်ခုလုံး မှောင်အတိကျသွားလေသည်။

မီးရောင်များ ပို၍ လင်းထိန်သွားသည်။ လက်ဝါးကပ်တိုင်သဖွယ် ကားစင်တွင် တုပ်နှောင်ခြင်းခံလိုက်ရသော လူကြီးမှာကြောက်လန့်တကြား အတင်းရုန်းကန်အော်ဟစ်နေပါသော်လည်းအချည်းနှီးပင်။

လူအုပ်ကြီးအား ဦးဆောင်လာသူ အကြီးအကဲလူကြီးသည် သူ့ရှေ့ရှိ ထိတ်လန့်သွေးပျက်နေသည့် ဆံပင်များ ချွေးသီးများကျလျှင် ဖရိုဖရဲဖြင့် တစ္ဆေသရဲ ကောင်းဆိုးဝါးနာနာဘာဝ





အသွင်သဏ္ဌာန်ပေါ်နေသည့် လူကြီးအား ခက်ထန်ရုန့်ရင်းစွာ ကြည့်လိုက်ပြီး ...

"ထွီ ... ဒီနေ့ဟာ ခင်ဗျားရဲ့ သေချင်းဆိုးနဲ့ သေတဲ့နေ့ပဲ ... ကျုပ်တို့ တစ်ရွာလုံးကို ခင်ဗျားရဲ့လူမဆန်တဲ့ရက်စက်တဲ့မိစ္ဆာအတတ်တွေနဲ့ ပြုစားခဲ့တာ နောက်ဆုံးနိဂုံးချုပ်ပဲ၊ ခင်ဗျားသိပ်ပြီး တန်ဖိုးထားတဲ့ ခင်ဗျားပိုင်ဆိုင်တဲ့ ဟောဒီ မှော်ဝင်ဓားဆိုတဲ့ မိစ္ဆာတက်ကြွပူးကပ်နေတဲ့ ဒီဓားမြှောင်နဲ့ပဲ ခင်ဗျားကိုဝိညာဉ်ချုပ်ပေးရမယ်၊ ကဲ သေပေတော့ မိစ္ဆာကြီး"

အကြီးအကဲ လူကြီးသည် နာကြည်းစွာပြောရင်း စကားဆုံးသည်နှင့် သူ၏လက်တွင်းရှိ တစ်တောင်ခန့်အရှည်ကြီးရှိ ဓားမြှောင်ကြီးဖြင့် ကားစင်မှာရှိနေသည့် လူကြီး၏ဝဲဘက်နှလုံးသားနေရာသို့ အားကုန်ထိုးစိုက်ချလိုက်လေတော့သည်။

"အ ... အ ... အား"

"ဝေး ... ဟေး ... ဟေး"

"သတ်ကြဟေ့ သတ်ကြ မိစ္ဆာကြီးတို့ရှင်းပစ်"

"သေသွားတဲ့ ငါတို့ဇနီးမယားတွေအတွက် ကလဲ့စားချေကြဟေ့ ... "

"ကဲကွာ ... "

"အား ... "

မီးတုတ်များကိုင်ဆောင်လျက် ဝိုင်းရံနေကြသော ရွာသားများသည် သူတို့၏အကြီးအကဲခေါင်းဆောင်က လူကြီးအား ဓားဖြင့် စ၍ထိုးစိုက်လိုက်သည်နှင့် သူတို့တွင်ကိုင်ဆောင်လာကြသော ဓားလှံလက်နက်များဖြင့် မှော်မိစ္ဆာရှင်ကြီးဟု သူတို့ပြောသော လူကြီးအား ဝိုင်းဝန်းထိုးခုတ်ကြလေတော့သည်။ နက်ကျော့သော



www.burmeseclassic.com

www.burmeseclassic.com



အသံကြီးသည် တောအန္တ တောင်အန္တ ပဲ့တင်ထပ်သွားလေတော့သည်။

"ဟား ဟား ဟား ဟား ဟား"

"အောင်ပြီကွ ... အောင်ပြီ ... မိစ္ဆာကြီးသေပြီ"

ရယ်မောသံများ ကျေနပ်အားရ ကြွေးကြော်သံများကလည်း ဝန်းကျင်ကို လွှမ်းဖုံးသွားလေတော့သည်။ လပြည့်ဝန်းကြီးက တိမ်မည်းညို့၏ခံတွင်းမှ ပြန်လည်လွတ်မြောက်လာပြီ။ ရွာသူရွာသား လူအုပ်ကြီးသည် မီးတုတ်များကိုင်ဆောင်လျက် ယင်းနေရာ ...

သွေးများက အိုင်ထွန်းနေသည်။ ဝန်းကျင်တစ်ခုလုံးလည်း သွေးညှီနံ့များ ပျံ့ဝေ့နေသည်။

ကားစင်ထက်မှ ဆံပင်တွေ ဖိုးရိုးဖားရားဖြင့် မသေဆုံးခင်ထဲနောက်ကို ပြင်းထန်စွာခံစားသွားရဟန်တူသော မှော်မိစ္ဆာရှင်ကြီးသည် များစွာသော ဒဏ်ရာဒဏ်ချက်များဖြင့် အသက်ပျောက်နေလေပြီ။ သူ၏မျက်ဝန်းတွေ့မှု နာကြည်းမှုအရောင်များဖြင့် ပြူးကျယ်ပိုင်းစက်လျက် ...

နှုလုံးသားနေရာတည့်တည့်မှ ဓားတစ်ချောင်းကစိုက်ဝင်လျက် ...

"ကဲဟေ့ မိစ္ဆာကြီးကို လုပ်စရာရှိတာလုပ်ကြ"

အကြီးအကဲဖြစ်သူ၏စကားသံအဆုံး ရွာသားများသည် လူကြီး၏အလောင်းအား အသင့်တူးထားသည့် ကျောက်တလားကြီးနှင့် ကျင်းကြီးထဲသို့ ပစ်ချလိုက်ကြ၏။ ယင်းနောက် အပေါ်ကနေ မြေကြီးများကျောက်တုံးများဖြင့် ဖို့ပစ်လိုက်ကြလေတော့၏။





ယင်းနောက် မကြာမီမှာပင် မီးတုတ်အလင်းရောင်များသည် လာရာလမ်းအတိုင်း တရွေ့ရွေ့ပြန်လည်ဆင်းသက်သွားလေတော့သည်။ သိပ်မကြာမီမှာပင် စောစောက မှော်မိစ္ဆာရှင်ကြီးအား မြှုပ်နှံထားခဲ့သည့်နေရာကနေ စူးရှသော အနီရောင်အလင်းတန်းကလေးတစ်ခု ထွက်ပေါ်လာလေ၏။

ယင်းအလင်းရောင်တန်းလေးသည် ထိုတောင်းသော အချိန်အတွင်း ကြီးမားကျယ်ပြန့်လာကာ နေရာတစ်ခုဆီသို့ မီးရောင်တန်းကြီးသဖွယ် ပြေးထွက်သွားလေတော့သည်။

"အား ... "

တိတ်ဆိတ်ငြိမ်သက်သော ညဉ့်ထဲမှာ အိမ်ကြီးတစ်အိမ်တွင် စူးရှသောအလင်းတန်တစ်ခုကထွက်ပေါ်လာသည်။ ကျွန်တော် အိပ်ရာပေါ်ကနေ ဝေါက်ခနဲထထိုင်မိလိုက်လေသည်။ သူ၏မျက်နှာပြင်မှာရော တစ်ကိုယ်လုံးမှာရော ချွေးသီးချွေးပေါက်များ စိုနစ်နေလေ၏။

ထွန်းဇော်၏လက်များတွေ တဆတ်ဆတ်တုန်နေသည်။

ထွန်းဇော် အိပ်မက်ဆိုးကြီးအား မက်ခြင်းဖြစ်သည်။ အိပ်မက်ထဲမှာ စူးရှသောအနီရောင်အလင်းတန်းကြီးသည် သူ၏ပွင့်နေသော ပြတင်းပေါက်ကနေဘစ်ဆင့် သူ၏ခန္ဓာကိုယ်တွင်းသို့ ဖြတ်သွားသဖြင့် ကျွန်တော် ထိတ်လန့်တကြားအော်ရင်း အိပ်စက်ရာက လန့်နိုးသွားခြင်းဖြစ်သည်။

အိပ်မက်ဆိုးကြီးကြောင့် သူ့တစ်ကိုယ်လုံး တုန်လှုပ်နေ၏။

ကျွန်တော် အခန်းထဲ မျက်ကလဲဆန်ပြာ ထရမ်းကြည့်လိုက်မိသော်လည်း မည်သည့်ထူးခြားမှုမျှ မရှိပါ။ သို့သော် ထို အိပ်မက်ဆိုးကြီးအား ထွန်းဇော် မက်ခဲ့သည်မှာ ယခုလဖွယ်ည



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ဆိုလျှင် သုံးကြိမ်တိုင်တိုင်ရှိခဲ့ပြီ။ ယင်းသုံးကြိမ်းလုံး ထွန်းဇော်ယခုကဲ့သို့ ကြောက်လန့်တကြား ချောက်ချားသွေးပျက်စွာ လန့်၍ နိုးထလာရစမြဲ။ ကျွန်တော်သည် အိပ်မက်မက်ခဲလှသူတစ်ဦးဖြစ်သည်။

ယင်းသို့ အနီရောင်ဝိညာဉ်အလင်းတန်းကြီး သူ၏ကိုယ်တွင်းသို့ ထိုးဖောက်ဝင်ရောက်သွားတိုင်း ထွန်းဇော်တစ်ကိုယ်လုံး ထိတ်လန့်ကြောက်ရွံ့စိတ်ကို လွှမ်းခြုံသွားပြီး ကြက်သီးမွေးညင်းများ ထသွားရစမြဲ။ ထူးခြားစွာ ကျန်ရစ်ခဲ့ရစမြဲဖြစ်လေသည်။

"ဘုရား ... ဘုရား ... ဒီအိပ်မက်ဆိုးကြီးက ငါနဲ့ ဘယ်လိုသက်ဆိုင်နေသလဲ ... မှော်မိစ္ဆာကြီးရဲ့မျက်နှာကလည်း ကြောက်မက်ဖွယ်မျက်နှာကြီး။ ငါ့ကိုမကောင်းဆိုးရွား ဝိညာဉ်တွေများ ဝင်ပူးကပ်တာလား မသိဘူး။ ထူးတော့အရမ်းထူးဆန်းတယ်"

ထွန်းဇော် ရေထသောက်ရင်း ဟိုတွေးဒီတွေး လျှောက်တွေးနေလေသည်။ သူ၏အိပ်ခန်းခုတင်ဘေးရှိ ပွင့်နေသည့်ပြတင်းတံခါးကနေ ခြံတွင်းသို့ လှမ်းကြည့်လိုက်မိသည်။ ကျယ်ဝန်းသော ခြံကြီးတွင်းမှာ မည်သည့်အရာမျှ မမြင်မတွေ့ရအောင် မှောင်မိုက်နေသည်။

ထွန်းဇော်သည် တစ္ဆေသရဲ နာနာဘာဝမကောင်းဆိုးဝါး ဝိညာဉ်များအား ကြောက်တတ်သူမဟုတ်ပါ။ သူ၏အသက်သည် နှစ်ဆယ်ကျော်ခဲ့ပြီဖြစ်သည်။ ယင်းအပြင် နယ်ကောလိပ်လေးတစ်ခုတွင်လည်း စိတ်ပညာအဓိကဖြင့် သင်ယူနေသည့် ကောလိပ်ကျောင်းသားတစ်ဦးလည်းဖြစ်သည်။

ဒီည လကွယ်ညဖြစ်သည်။

လကွယ်ညဆိုလျှင် မည်သည့်အတွက်ကြောင့် ယင်းရုတ်





စက်ကြမ်းကြုတ်လွန်းလှသည့် ကြောက်မက်ဖွယ် အိပ်မက်ဆိုးကြီးအား မည်သည့်အကြောင်းကြောင့် သူမက်ရသည်လဲ၊ ဘာကြောင့်လဲ။

နောက် ...

ယင်းအိပ်မက်ကြီးအား မက်ပြီးတိုင်း မည်သည့်အတွက်ကြောင့် သူ၏စိတ်တို့သည် တစ်စုံတရာအား မမြင်မတွေ့ရပါဘဲ ကြောက်ရွံ့တုန်လှုပ်နေရပါသည်လဲ။

⌘



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

# စံညှာဦးအိမ်

ထွန်းဇော် အိပ်ရာမှနိုးသောအခါ နေပင်ထွက်နေလေပြီ။ ထွန်းဇော်သည် သူ၏အိပ်ခန်းထဲကနေ အပြင်သို့လှမ်းထွက်လာပြီး အောက်ထပ်ရှိ ရေချိုးခန်းရှိရာသို့ လှေကားကတစ်ဆင့် ဆင်းသက်လာမိလေသည်။

အိမ်ကြီးမှာ ရှေးခေတ်ကဆောက်လုပ်ခဲ့သည့် နှစ်ဆောင်ပြိုင်အိမ်ကြီးဖြစ်၍ လှေကားသည် ကြောင်လိမ်လှေကားဖြစ်ပြီး လက်ရန်းတွင် ကနုတ်များ ထွင်းထုထား၏။ ထွန်းဇော်အောက်ထပ်သို့ရောက်လာ၏။

ထွန်းဇော်ဆင်းလာသည်ကို ဧည့်ခန်းကျယ်ကြီးထဲကနေ လှမ်းမြင်လိုက်သည့် ဖခင်ဖြစ်သူ ဦးထွန်းမြတ်က ...

''ဟော ... သား နိုးပြီလားကွ''

''ဟုတ်ကဲ့ဖေဖေ ... ညက စာဖတ် ဘာ နည်းနည်းညဉ့်နက်သွားလို့''

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထွန်းဇော်သည် သူ့အိပ်ရာက အနည်းငယ်နောက်ကျသွားသည့်အတွက် ဖခင်ဖြစ်သူအား မိုက်ရိုးစွာဖြေလိုက်၏။ အမှန်က ထွန်းဇော် ညည့်နက် အိပ်ရာထနောက်ကျသွားရခြင်းမှာ၊ ညတုန်းက မက်သည့်အိပ်မက်ကြောင့် မိုးလင်းခါနီးမှ ပြန်အိပ်ပျော်သွားခြင်းဖြစ်သည်။

ဖခင်ဖြစ်သူအား မညာစဖူး ညာလိုက်မိသည်။ ဦးထွန်းမြတ်က ခေါင်းတစ်ချက်ညိတ်ပြီး ...

"မျက်နှာသစ်ပြီး ရေချိုးမှာမို့လား ... သွားလေ ... သား ... ဝင်းမေမေတော့ နောက်ဖေးထမင်းစားခန်းထဲမှာ မနက်စာပြင်ဆင်နေရဲ့ ... မြန်မြန်လုပ်နော်သား"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဖခင်ဖြစ်သူအား ဖြေလိုက်ပြီး ထွန်းဇော် ရေချိုးခန်းရှိရာသို့ လှမ်းခဲ့သည်။ အိမ်ကြီးသည် အုတ်စံအိမ်ကြီးဖြစ်၍ ရေချိုးခန်းကို သီးခြားလုပ်ထား၏။ ထွန်းဇော်တို့မိသားစုသည် အိမ်ကြီးသို့ရောက်လာမှ စက်ရေတွင်းတူးထားခြင်းဖြစ်သည်။ ကျွန်တော်တို့မှာ သားအမိသားအဖသုံးယောက်ထဲသာ နေထိုင်ကြလေသည်။ ဤနှစ်ဆောင်ပြိုင်အိမ်ကြီးသို့ ထွန်းဇော်တို့ ရွှေ့ပြောင်းလာသည်မှာ ခြောက်လကျော်ခန့်မျှသာ ရှိသေး၏။

ထွန်းဇော်မှာလည်း ကျောင်းပိတ်ရက်မို့ တစ်ပါတည်းလိုက်ပါလာခြင်းဖြစ်သည်။ ထွန်းဇော် ကောလိပ်ပြန်သွားနေချိန်တွင် ဤအိမ်ကြီး၌ ဖခင်ဦးထွန်းမြတ်နှင့် မိခင် ဒေါ်ယဉ်နွယ်တို့သာ နှစ်ဦးတည်း နေကြပေသည်။ အခြားအဖော်အလျော် အိမ်စေလည်း မရှိပေ။ ထွန်းဇော်သည် အိမ်ဖော်မိန်းကလေးတစ်ဦးဦး အဖော်အလျော်အဖြစ် ငှားရန်ပြောသော်လည်း နဂိုကမှ အေးအေးဆေး





ဆေးနေချင်သူ မိဘနှစ်ပါးကမူ ထွန်းဇော်ပေးသော အကြံကို [illegible] မခံချေ။ လူရှုပ်လျှင် စကားရှုပ်သည်ဟုဆိုကြသည်။

နောက်ပိုင်း ထွန်းဇော်သည် မတိုက်တွန်းတော့ချေ။ သူကိုယ်တိုင်လည်း အချိန်အားလျှင် စာဖတ်၊ ခြံကြီး၏မြေပိုမျှားတွင် သစ်ပင်စိုက်၊ ခြံရှင်း၍ နေတတ်သူဖြစ်သည်။ ထွန်းဇော် ရေချိုးပြီး အဝတ်အစားလဲကာ အောက်ထပ်ပြန်ဆင်းလာတော့ ထမင်းစားခန်းထဲမှာ အသင့်စောင့်နေသည့် မိဘနှစ်ပါးအားတွေ့ရ၏။ ထွန်းဇော် စားပွဲမှာ ဝင်ထိုင်လိုက်သည်။ မနက်စာအဖြစ် အမြဲတမ်းမေမေသည် ထမင်းကြော်ဖြင့် ကြက်ဥပဟက်ဘွိုင်ကြော်၊ မုန့်ဟင်းခါး၊ အသုပ် တစ်ခုခုစီစဉ်တတ်သည်။

ဒေါ်ယဉ်နွယ်သည် သားဖြစ်သူထွန်းဇော်အားကြည့်ကာ

"သား ... အပြင်ထွက်ဦးမှာလား"

"ဟုတ်ကဲ့မေမေ ... လက်ဖက်ရည်ဆိုင်သွားဦးမယ်"

ထွန်းဇော်ခေါင်းညိတ်ရင်း ဖြေလိုက်၏။ မေမေကတော့ ကော်ဖီ နို့ဖျော်တိုက်ပါသည်။ သို့သော်လည်း ထွန်းဇော်သည် မြို့လေးမှာ ကျောင်းတက်နေသည့် ကောလိပ်ကျောင်းသားတစ်ဦးပီပီ လက်ဖက်ရည်ဆိုင်ထိုင်ခြင်းနှင့် လက်ဖက်ရည်သာ သောက်တတ်လေ့ရှိသည်။ သူတို့ရွာကြီး၏ အလယ်၌ လက်ဖက်ရည်ဆိုင်ရှိလေသည်။ ထိုဆိုင်သည် ထွန်းဇော်အမြဲထိုင်နေကျ ...

မနက်စာစားပြီးသောအခါ မိဘတွေကိုခွင့်ပန်ကာ ထွန်းဇော် ခြံကြီးထဲကနေ ထွက်ခဲ့လေသည်။ သူ့မိဘပိုင်အိမ်ကြီးသည် တောင်ကုန်းမော့မော့လေးထက်၌ တည်ရှိနေပြီး [illegible] ငယ်လှမ်းသည်။ ထွန်းဇော်သည် သူ ညတုန်း[illegible] ချောက်ချားဖွယ်ရာ အိပ်မက်ဆိုးကြီးအား ပြန်စဉ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။

"ဟော့ ... မောင်ထွန်းဇော်"

"ဟာ ... ဦးလေးမာဃ"

ထွန်းဇော်က လှမ်း၍နှုတ်ဆက်လိုက်သူမှာ သူတို့ခြံဖြင့် မနီးမဝေးရှိ ခြံကြီးမှာနေသည့် ဦးမာဃဆိုသူလူကြီးဖြစ်သည်။ ဦးမာဃသည်လည်း ထွန်းဇော်ကဲ့သို့ လက်ဖက်ရည်ကြိုက်သည်။ ဦးမာဃသည် ဇနီးမယား သမီးသားမရှိဘဲ တစ်ကိုယ်တည်းနေသူဖြစ်သည်။ အရာရာနှံ့စပ်၍ ဗဟုသုတ ကြွယ်ဝသူတစ်ဦးလည်း ဖြစ်ပေ၏။

"လက်ဖက်ရည်သောက်လားကွယ့်"

"ဟုတ်ကဲ့ခင်ဗျ ... ဦးလေးရော လက်ဖက်ရည်ဆိုင် သွားမလို့လား၊ အတော်ပဲပေါ့ ကျွန်တော်ပါလိုက်မယ်"

"ဟဲဟဲ ... မင်းချည်းမဲ တိုက်နေတော့ အားနာလာပြီကွ"

"ဦးလေးမာဃက ကျွန်တော့်မိဘတွေနဲ့ သက်တူရွယ်တူပဲ ဥစ္စာ၊ ကျွန်တော် ကုသိုလ်ရပါတယ် ဦးလေးရာ"

မကြာမီ စကားတပြောပြောဖြင့် လျှောက်လာရာ ရွာလမ်းရှိ လက်ဖက်ရည်ဆိုင်သို့ ရောက်ရှိလာခဲ့ကြသည်။ စားပွဲလွတ်မှာ ဝင်ထိုင်ပြီး ထွန်းဇော်က လက်ဖက်ရည်နှစ်ခွက်မှာလိုက်၏။ ခဏအကြာ လက်ဖက်ရည်ရောက်လာသည်။

ဦးမာဃက လက်ဖက်ရည်ကျကျအား တစ်ငုံသောက်လိုက်ပြီး ...

"မောင်ထွန်းဇော် ... "

"ဗျာ ... ဦးလေးမာဃ"





"အေးကွာ ဦးလေးလည်း မင်းကိုမေးမယ် မေးမယ်နဲ့ ခင်မင်နေတာကြာပြီ၊ မေးရမှာ အားနာလို့ မမေးဖြစ်တာကွ၊ ခုတော့ စပ်စုတယ်ပဲပြောပြော မေးရတော့မှာပဲကွ"

"ဘာမေးမှာလဲ ဦးလေးမာဃ ... ဦးလေးနဲ့ကျွန်တော် ခင်မင်နေတာကြာပါပြီ ... ကျွန်တော့်မိဘတွေနဲ့လည်း ခင်မင်နေတဲ့ ခြံနားနီးချင်းပါ မေးပါ"

"ဒီလိုကွ ... ဦးလေးသိချင်တာက မင်းတို့ အဲဒီအိမ်ကြီးမှာနေတာ စပြောင်းလာကတည်းက ဘာမှမထူးခြားဘူးလား သိချင်လို့ပါ"

"ဟင် ... ဘာဖြစ်လို့လဲ ဦးလေးရဲ့"

ဦးမာဃပင် နှုတ်ကနေ ထူးဆန်းစွာမေးလာသော စကားကြောင့် ကျွန်တော် အံ့အားတသင့်ပြန်မေးလိုက်မိသည်။ ဦးမာဃ၏ အမေးက ထူးဆန်းလွန်းလှ၏။

"ဟို ... ဒီ ... ဒီလိုပါကွာ ... မင်းတို့နေနေတဲ့ အိမ်ကြီးက သရဲခြောက်သလိုလို ဝိညာဉ်တွေ မကျွတ်မလွတ်သလိုလို ပြောနေကြလို့ကွ၊ မင်းတို့အရင် အဲဒီအိမ်ကြီးတို့ ပိုင်ခဲ့တဲ့အဘိုးကြီး အဘွားကြီးလင်မယားက လူသတ်ခံရပြီး အစိမ်းသေ သေခဲ့ကြတာသေ ... တချို့ကတော့ မကျွတ်မလွတ်ဘဲ ဝိညာဉ်တွေဖြစ်နေတယ်ပြောတယ်"

"ဟုတ်လား ... အဲဒီအကြောင်းတွေ ခု ဦးမာဃပြောမှပဲ ကျွန်တော်သိတယ်"

"ဟင် ... မင်းရဲ့မိဘတွေက မပြောပြဘူးလား ... မောင်ထွန်းဇော်ရ ... "

ကျွန်တော်သည် ဦးမာဃအမေးကို ခေါင်းယမ်းပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ...

"ကျွန်တော့်မိဘတွေက စကားမစပ်မိလို့ပဲလား၊ တမင်ပဲ မပြောပြတာလားတော့ ကျွန်တော်မသိဘူး ဦးလေး၊ ကျွန်တော်ကလည်း ထူးပြီးမမေးမိပါဘူး၊ အဲဒီတုန်းက ကျွန်တော်က ကောလိပ်ရောက်နေတာ ..."

"အေးလေ ... မင်းတို့ ဒီအိမ်ကြီးကို အပေါင်ခံထားတာရော မင်းကောလိပ်ကျောင်းသွားတက်နေတာရော ဦးလေးသတင်းကြားပါတယ် ... နောက်ဆုံး ဒီအိမ်ကြီးကို ပေါင်နှံထားတဲ့ အဘိုးကြီးလင်မယား သူများသတ်လို့သေဆုံးသွားတော့မှ မင်းတို့မိသားစု ပြောင်းရွှေ့လာနေကြတာလည်း တစ်ရွာလုံးသိနေပြီးသားပဲ၊ ဦးလေးက မင်းသိတယ်ထင်လို့ မေးမိတာ တစ်မျိုးမထင်နဲ့နော်"

"ဟာ ... မထင်ပါဘူး ဦးမာဃရာ ... ကျွန်တော်ကောင်း အခု ဦးလေးပြောမှ သိတဲ့ဥစ္စာ"

"အေးကွ ... အဲဒီအိမ်ကြီးမှာနေတဲ့ အဘိုးကြီးအဘွားကြီးလင်မယားက သူတို့ဘာသာ အေးအေးရိုးရိုးကုပ်ကုပ်နေတာကွ၊ ရွာနဲ့လည်းသင့်တင့်အောင် ဆက်ဆံကြလို့ သူတို့မှာ မုန်းသူ ညိုးသူရယ်လို့ မရှိဘူးကွ ... သူတို့ကို ဘယ်သူသတ်သွားမှန်းလဲ မသိဘူး၊ သေဆုံးပြီးလို့ နောက်တစ်ရက်မှာမှ ရွာထဲက နွားနို့ပို့ပေးနေကျ မသွေးခင် နွားနို့သွားပို့မှ သေနေမှန်းသိကြရတာ၊ ရွာက စိတ်မကောင်းကြဘူးပေါ့ကွာ ... မင်းတို့မိသားစု အဲဒီအကြောင်း မေးချင်ပြောချင်ပေမယ့် တစ်မျိုးတစ်မည်ထင်မှာစိုးလို့ မမေးတာရယ်၊ မင်းတို့မိသားစုကလည်း ရွာထဲအသွားအလာနည်းတော့ ခပ်စိမ်းစိမ်းဖြစ်နေကြတာပေါ့ကွာ ... ရွာကတော့ အဲဒီ





အဘိုးကြီးလင်မယား မကျွတ်မလွတ်ဘဲ ဝိညာဉ်အဝနဲ့ရှိနေတယ်လို့ ယုံကြည်နေကြတယ်ကွ ... မင်းတို့ရောက်မလာခင် ညဘက်ဆိုရင် ခွေးတွေအူပြီး ခြံထဲမှာ အရိပ်မည်းကြီးတွေ ရွေ့လျားသွားလာနေတာ မြင်တဲ့သူက မြင်တာကိုး"

"ကျွန်တော်တို့ကတော့ ခုထိ ဘာမှမတွေ့ပါဘူး ဦးလေးမာဃရာ"

ဦးမာဃအား ပြောလိုက်ရင်း ကျွန်တော်သည် သူ့တော်သည့် အိပ်မက်ဆိုးကြီးအား ဖျတ်ခနဲအမှတ်ရလိုက်လေသည်။ ပထမတော့ ယင်းအိပ်မက်ကို ဦးလေးမာဃအား ပြောပြမည် ဆုံးဖြတ်လိုက်လေသည်။

ကျွန်တော်တို့ကို ကောလိပ်၌ စိတ်ပညာသင်ယူနေလို့ အချို့တွေက အရူးဟု ထင်မှတ်နေတတ်ကြသည် မဟုတ်ပါလားလေ။ အမှန်တကယ်လည်း ယခု ကျွန်တော်တို့နေထိုင်သော ကုန်းမြင့်လေးပေါ်ရှိ နှစ်ဆောင်ပြိုင်အိမ်ကြီးသည် မူလပိုင်ဆိုင်သူတွေထံမှ အပေါင်ဆုံးသွား၍ ထွန်းဇော်တို့မိသားစု ပိုင်ဆိုင်လိုက်ခြင်းဖြစ်သည်။ ထွန်းဇော်တို့သည် ဒီပုလဲမြို့ဇာတိမဟုတ်ပေ။

ယခုနေထိုင်သည့် ပုလဲမြို့ရွာကြီး၏ မြောက်ဘက်ရှိ မိုင်နှစ်ဆယ်ကျော်ခန့်ကွာဝေးသည် ပန်းသဇင်ရွာလေးမှာ နေထိုင်ကြီးပြင်းခဲ့သူတွေဖြစ်သည်။ ထွန်းဇော်၏မိဘနှစ်ပါးသည် ပန်းသဇင်ရွာတွင် ငွေကြေးအနည်းငယ်ချောင်လည်သူတွေဖြစ်ပြီး အနီးဝန်းကျင်ကျေးရွာများတွင် လယ်ယာမြေအချို့အပေါင်ခံသည်။ ယခု အိမ်ကြီးကလည်း ထွန်းဇော်၏မိဘနှစ်ပါး အပေါင်ခံထားသည့်အိမ်ကြီးပင်ဖြစ်သည်။

ယင်းအိမ်ကြီးအား ပိုင်ဆိုင်ခွင့်ရသောအခါ မိဘဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



က ပုလဲမြို့သည် ရွာကြီးတစ်ရွာဖြစ်၍ လာရောက်အခြေချနေထိုင်ခြင်းဖြစ်လေသည်။ ထွန်းဇော်၏ ပညာရေးအတွက်လည်းပါသည်။ ထွန်းဇော်သည် ပန်းသဇင်ရွာလေးအကြောင်း တွေးမိတော့ ချစ်ရသောသူ သင်းနန္ဒာအား ဖျတ်ခနဲ သတိရလိုက်မိလေသည်။ သင်းနန္ဒာ ဖြင့် သူမတွေ့ရတာပင် နှစ်ပတ်လောက်ရှိနေလေပြီဖြစ်သည်။ ကျွန်တော်သည် ယခင်ကဆိုလျှင် တစ်ပတ်လျှင် တစ်ကြိမ်မျှ ပန်းသဇင်ရွာလေးသို့ စက်ဘီးဖြင့်သွားကာ သင်းနန္ဒာနှင့်တွေ့လေသည်။

သင်းနန္ဒာကလည်း ထွန်းဇော်အား မျှော်လင့်စောင့်စားနေတတ်သည်။ သင်းနန္ဒာနှင့် ထွန်းဇော်သည် ငယ်စဉ်ထဲက အတူတတွ ဆော့ကစားကြီးပြင်းလာခဲ့ကြသည့် ချစ်သူတွေဖြစ်လေသည်။ ငယ်ချစ်တွေဟုဆိုသော်ရလေသည်။ ယခု ကျွန်တော်သည် ပန်းသဇင်ရွာကလေးသို့ မရောက်ခဲ့သည်မှာ နှစ်ပတ်ပင်ရှိခဲ့လေပြီ။

သူတို့နှစ်ယောက် ရွာကနေ ဆယ်တန်းအတူတူအောင်ပြီးသောအခါ မြို့ပေါ်ရှိ ကောလိပ်သို့နှစ်ယောက်သား အတူသွားတက်ကြသည်။ ထွန်းဇော်သည် စိတ်ပညာအဓိကသင်ယူသလို သင်းနန္ဒာက သမိုင်းဘာသာရပ်ကို ယူလေသည်။ ယခု ကျောင်းပိတ်တော့ ရွာသို့အတူတူပြန်လာသော်လည်း တစ်ယောက်တစ်ရွာဆီ လေးနေရလေသည်။ ထွန်းဇော်သည် ရွာသို့ပြန်လျှင် သူတို့၏နေအိမ်ခြံဝင်းကြီးထဲမှာ တစ်ရက်နှစ်ရက်ခန့်နေထိုင်တတ်သည်။

ရွာရှိသူငယ်ချင်းများဖြစ်သည့် မင်းလက်၊ လက်ပွားတို့ဖြင့် အတူပျော်သည်။ ချစ်ရသူ သင်းနန္ဒာဖြင့် တွေ့သည်။ သူတို့နှစ်ယောက် သူငယ်ချင်းဘဝကနေ ချစ်သူဘဝသို့ တက်လှမ်းခဲ့ကြသည်ကိုလည်း မိဘများကသိနေ၍ တားမြစ်ချုပ်ချယ်ခြင်း မပြု





ပေ။ ထွန်းဇော်သည် ရိုးသားတည်ကြည်သူဖြစ်၍ သင်းနန္ဒာ၏မိဘမောင်ဘွားများကလည်း ကျေနပ်ကြည်ဖြူကြလေသည်။ ကျောင်းပြီးလျှင် လက်ထပ်ကြမည်ဟု နှစ်ဦးသား ရည်ရွယ်ထားကြလေသည်။

မမျှော်လင့်ဘဲ ... ဦးမာဃဖြင့် စကားစပ်မိရာက ရွာအကြောင်းရောက်သွား၍ ချစ်ရသူ သင်းနန္ဒာအား ထွန်းဇော်လွမ်းလာမိလေသည်။ ဒီနေ့တော့ မသွားတော့။ မနက်ဖြန်ကျလျှင်တော့ နံနက်စောစောထကာ ပန်းသဇင်ရွာသို့သွားမည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်လေသည်။ သင်းနန္ဒာလည်း သူ့အား တမ်းတသတိရနေမည်မှာ သေချာပါသည်။

ဦးမာဃကြီးအား နှုတ်ဆက်ကာ ထွန်းဇော် လက်ဖက်ရည်ဆိုင်ကနေ ပြန်လာချိန်မှာ ရွာတွင်းသို့ ဆွမ်းခံပင်ဝင်နေလေပြီဖြစ်သည်။ နေကာမြင့်တက်စပြုနေလေပြီ။

⌘



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

# ရွှေလည်တိုင် ရွှေစော့နိုး

ထွန်းဇော်၏စက်ဘီးသည် ပန်းသဇင်ရွာလေးထဲသို့ လှမ်းဝင်လာလေသည်။ နံနက်နေထွက်စကပင် ထွန်းဇော် ပုလဲမြို့ရွာကနေ နင်းလာခြင်းဖြစ်သည်။ မကြာမီ ချစ်သူဖြင့် တွေ့ဆုံရင်ခုန်ရပေတော့မည်။ သင်းနန္ဒာဖြင့် တွေ့ရခါနီးမှ ရင်ကပို၍လှုပ်ရှားလာ၏။ ထိုစဉ် ...

"ဟော့ ... ထွန်းဇော်"

"ဟာ ... ဘကြီးခွေး"

"ရွာကိုလာလည်တာလား ... ကောင်မလေးဆီလာလည်တာလားကွ ... "

"နှစ်ခုစလုံးပဲဗျို့ ... ရည်းစားနဲ့တွေ့ဖို့ကအဓိက"

ကျွန်တော် စက်ဘီးနင်းလာသည်ကို ခြံဝိုင်းထဲကနေ လှမ်းအော်နှုတ်ဆက်ကာ နောက်ပြောင်လိုက်သော ဘကြီးခွေးအား ကျွန်တော်ပြန်လည်စနောက်ရင်း စက်ဘီးကို ဆက်နင်းလာခဲ့သည်။ သင်းနန္ဒာတို့အိမ်သည် ရွာမြောက်ဖျားတွင်ရှိသည်။ ထွန်းဇော် စက်ဘီး



www.burmeseclassic.com

www.burmeseclassic.com



အား ဖြည်းညင်းစွာနင်းလာရင်းမှ ရှေ့ကလာနေသော လက်ပွားအားမြင်၍ တုံ့ခနဲရပ်လိုက်၏။

"ဟာ ... ထွန်းဇော်"

"မင်းဘယ်သွားမလို့လဲလက်ပွား"

"တောထဲသွားမလို့လေကွာ ... ငါက မင်းတို့လို ကောလိပ်ကျောင်းသား သူဌေးသားမဟုတ်ဘူးကွ၊ ထင်းသွားခုတ်ရမယ်"

"ခွေးကောင် ရိုမနေပြန်ပြီ ... ငါပစ်ထိုးလိုက်ရ"

"ဟား ... ဟား ... ဟား ... အလကားနောက်တာပါသူငယ်ချင်းရာ ... စိတ်မဆိုးပါနဲ့ ... မင်းကလည်းရွာဘက် ခြေဦးတောင်မလှည့်ဘူး ... ဘာလဲ ပုလဲမြို့သူချောချောလှလှလေးတွေ မျက်စိကျနေပြီလား ဟဲဟဲ ကြည့်လုပ်ဦးနော် ဟွန်း"

လက်ပွားက တဟားဟားရယ်မောရင်း ထွန်းဇော်အားနောက်ပြောင်သည်။ ထွန်းဇော်က လက်ပွား၏လက်မောင်းအား မနာကျင်အောင် ပိတ်ထိုးလိုက်ရင်းက ...

"ပုလဲမြို့မှာ ရင်ခုန်စရာတွေ့နေမှဖြင့် ဒီထိ စက်ဘီးကို အမောခံပြီးတော့ နင်းလာပါ့မလားကွ ... ငါက ပိတောက်ဆို ပိတောက် တစ်ယောက်ဆိုရင် တစ်ယောက်ပါကွ ... ငါ့နှလုံးသားထဲမှာ သင်းနန္ဒာကလွဲပြီး ဘယ်သူ့ကိုမှ နေရာမပေးနိုင်ပါဘူးကွာ၊ နန္ဒာ့ကို ငါဘယ်လောက်ချစ်တယ်ဆိုတာ မင်းတို့လည်းသိသားနဲ့"

"လိုက်လည်းလိုက်ပါတယ်ကွာ ... မင်းနဲ့နန္ဒာက ဟိုကလည်း အဲလိုအပြောမျိုးတစ်ပြားမှမလျှော့ဘူး ... မနေ့တစ်နေ့ကတောင် မင်းမလာတာကြာလို့ ငါတို့မေးနေသေးတယ် ... ငါလည်း သေပြီလို့ပြောလိုက်တယ်"

"ဟာကွာ ... ခွေးကောင် မဦးမချွတ်"





လက်ပွားသည် သူငယ်ချင်းနှင့် ပတ်သက်လာလျှင် အနစ်နာခံ အကြမ်းပတမ်းခံပေါင်းသင်းတတ်ပါသော်လည်း တစ်ခါတရံ စကားကို ဤသို့တုံးတိတိုပြတ်စွာ အရွဲ့တိုက်ပြောဆိုတတ်၏။ သို့သော် ထွန်းဇော်ကိုတော့ ငယ်စဉ်တည်းကပင် ခင်တွယ်သည်။

"မင်း ... နန္ဒာဆီသွားမှာမို့လား ထွန်းဇော်"

"အေး ဟုတ်တယ် ... ညနေကျ ရွာထိပ်ထန်းတောထဲ စောင့်နေကွာ ... မင်းလက်ကိုပါခေါ်ထား ... ငါနက်ဖြန်မနက်မှာ အိမ်မှာ ဖေဖေနဲ့မေမေ နှစ်ယောက်တည်းကွ ... ကဲ ... သွားပြီလက်ပွား ... "

"ဒါပေါ့ကွာ ... သူငယ်ချင်းမျက်နှာထက် ရည်းစားမျက်နှာက ပိုကြီးမှန်းသိပါတယ် ... သွားသွား ဟိုကလည်း လည်ပင်းက ဝါးပိုးဝါးဖြစ်တော့မယ် ... ဟား ဟား "

ထွန်းဇော် နန္ဒာတို့အိမ်ဘက်သို့ နင်းလာခဲ့သည်။ လက်ပွားပြောသွားသော စကားကို သဘောကျ၍ပြုံးမိသည်။ လည်ပင်းဝါးပိုးဝါးလောက် ဖြစ်နေပြီဆိုခြင်းမှာ သင်းနန္ဒာ သူ့အားမျှော်နေ၍ လည်ပင်းရှည်နေပြီဟု ရွဲ့ပြောသွားခြင်းဖြစ်သည်။ ရွာမြောက်ဖျားရှိ သင်းနန္ဒာတို့ခြံဝိုင်းရှေ့ရောက်တော့ ခြံဝတွင် စက်ဘီးရပ်ကာ လွှားခနဲခုန်ဆင်းမိလေသည်။

ထွန်းဇော် စက်ဘီးဖြင့် ခြံထဲတွန်းဆင်းလာသည်ကိုတွေ့တော့ နန္ဒာသည် အပြေးကလေးလှမ်းပြေးထွက်လာသည်။

"ထွန်း"

"နန္ဒာ"

ထွန်းဇော်သည် ချစ်သူ၏လက်ဖျားကလေးအား ညင်သာစွာ ဖမ်းဆုပ်လိုက်သည်။ အိမ်တွင်း၌ သင်းနန္ဒာ၏မိဘတွေမှုပုံ



www.burmeseclassic.com

www.burmeseclassic.com



မပေါ်ချေ။ သင်းနန္ဒာသည် ထွန်းဇော်အား လှပသောချစ်မျက်စောင်းလေးတစ်ချက်ထိုးလိုက်ရင်း ...

"ထွန်းရယ် နေနိုင်လိုက်တာ ... တစ်ရက်ကလေး လာဖော်မရဘူး ... "

"အလုပ်တွေမအားလို့ပါနန္ဒာရဲ့ ... ဦးကြီးတို့ရော"

"မေမေတို့ လယ်ထဲခဏသွားကြတယ် ထွန်း"

"အတော်ပဲပေါ့ အဟင်း"

"ဘာအတော်ပဲပေါ့လဲ ဟွန်း ... စကားကြီးက ဘာလိုလိုနဲ့နော် ထွန်း"

သင်းနန္ဒာက နှုတ်ခမ်းလေးစူကာ မျက်စောင်းကြီးတစ်ချက် ထင့်ခနဲထိုးကာ ပြောသည်။ နှစ်ယောက်သား အိမ်အောက်ထပ် ကွပ်ပျစ်ဆီလှမ်းလာရင်းက ...

"အတော်ပဲပေါ့ဆိုတာက ဦးကြီးတို့ဒေါ်လေးတို့မရှိတော့ ထွန်းနေသမျှ နန္ဒာနဲ့စကားတွေ တစ်ဝကြီးပြောရတာပေါ့ အဟင်း"

"အပိုတွေပါနော် ... ကွယ်ရင်မေ့ တွေ့သေအောင်လွမ်းပြနဲ့နော် ... မယုံပါဘူး ... ယောကျ်ားတွေက ဒီလိုပဲထွန်းသေရင်ခက်မယ် ... "

သင်းနန္ဒာသည် ထွန်းဇော်မလာသည်ကို စိတ်အဆိုးမပြေသေးသမျှ စကားနာထိုးလိုက်၊ မျက်စောင်းတွေခွေလိုက်ဖြစ်နေ၏။ ထွန်းဇော်သည် သင်းနန္ဒာ၏လက်ဖျားလေးတွေကို ဆုပ်ထားရင်းမှ

"နန္ဒာရယ် တို့အကြောင်းလည်း နန္ဒာအသိသားနဲ့ ... တို့ဘဝမှာ ဘဝရော အသည်းနှလုံးရော ပုံအပ်ပြီးချစ်ရသူဆိုတာ နန္ဒာတစ်ယောက်တည်းပါ ... နန္ဒာကလွဲရင် အားလုံးဖွဲ့နဲ့ဆန်ကွဲပဲ၊ တို့ရဲ့သစ္စာကို နန္ဒာလည်းသိရဲ့သားနဲ့"





"ထွန်းရယ် ... "

ကျွန်တော်၏စကားကြောင့် သင်းနန္ဒာ စိတ်ပေါက်သွားဖြစ်သွားရလေသည်။ သင်းနန္ဒာ ထွန်းဇော်၏ရင်ခွင်တွင်းသို့ အသာအယာတိုးဝှေ့ဝင်လိုက်သည်။ သူမ၏နဖူးပြင်ခံ့ဝင်းသို့ မွှေးမွှေးသော အနမ်းလေးတစ်ခု ကျရောက်လာသဖြင့် သင်းနန္ဒာ ကြည်နူးရင်ခုန်သွားရပါသည်။

ထွန်းဇော်နှင့် တစ်ရွာထဲနေ တစ်ရေထဲသောက်ပြီး ငယ်စဉ် ကလေးရွယ်ကပင် အတူတကွ ပြေးလွှားဆော့ကစားခဲ့ကြသူတွေမို့ ထွန်းဇော်၏စိတ်ရင်းနှလုံးသားကို သင်းနန္ဒာသိပါ၏။ ထွန်းဇော်သည် ရုပ်ရည်မှာ ယောကျ်ားပီသတင့်တယ်ပြီး စိတ်ကောင်းနှလုံးကောင်းရှိကာ ဖြောင့်မတ်ရိုးသားသူဖြစ်သည်။ ချစ်သူဘဝသို့ ရောက်သော် ထွန်းဇော်၏ယောကျ်ားပီသမှု စောင့်ထိန်းနိုင်မှု သစ္စာတည်ကြည်မှုတို့ကို သင်းနန္ဒာ ပို၍သိလာခဲ့ရ၏။

ကောလိပ်ကျောင်းပြီးလျှင် လက်ထပ်ကြရန် နှစ်ဖက်မိဘတွေက သဘောတူခွင့်ပြုထားသည့်ချစ်သူတွေမို့ ထွန်းဇော်သည် အခွင့်အရေးယူချင်က သင်းနန္ဒာသည်လည်း မည်သို့မျှ ငြင်းဆန်နိုင်မည်မဟုတ်။ မြို့ကောလိပ်တွင် နှစ်ဦးသား အဆောင်မှာနေကြသည်။ တစ်ခါတရံလည်း စားသောက်ဆိုင် ပန်းခြံသို့သွားရောက်လည်ပတ်ကြသည်။

ရွာမှာရော မြို့မှာပါ ထွန်းဇော်သည် သင်းနန္ဒာနှင့် နှစ်ဦးတည်းဆုံပါလျှင် မြတ်နိုးစွာ လက်ဖျားကလေးကိုင်၍ နဖူးပြင်လေး နမ်းမွှေးရုံအပြင် မည်သည့်စည်းကိုမျှ ယောကျ်ားကောင်းသည် ယောကျ်ားပီသစွာ မကျော်ခဲ့ပေ။ ထို့ကြောင့်လည်း သင်းနန္ဒာသည် ထွန်းဇော်အပေါ် ပို၍တွယ်တာမြတ်နိုးရလေသည်။ ယောကျ်ားကြည်



www.burmeseclassic.com

www.burmeseclassic.com



ညှိရလေသည်။ ယင်းအကြောင်းတွေကို သူမတို့ချစ်သူနှစ်ဦးမှလွဲ၍ မည်သူမျှ သိနိုင်မည်မဟုတ်ပေ။ ယခုချိန်ထိ သူမတို့၏ချစ်သက်တမ်း ချစ်သူဘဝသည် သန့်ရှင်းဖြူစင်နေဆဲပင်။

ယခု ထွန်းဇော်ရောက်ရောက်ချင်း သင်းနန္ဒာစိတ်ကောက်စကားနာထိုးနေခြင်းမှာ နှစ်ပတ်တိတိ ထွန်းဇော်ရောက်မလာ၍ မိန်းမသားတို့သဘာဝ ချစ်သူအချော့ခံရန် မူနွဲ့နေမိခြင်းသာဖြစ်လေ၏။ လာချင်လျှင် ခရီးဘယ်လောက်ဝေးဝေး အနီးကလေးဆိုသော စကားလုံးရှိသည်မဟုတ်ပါလား။ ယခင်ကဆို ရွာမှာအမြဲတစေ တွေ့မြင်နေခွင့်ရှိပါသော်လည်း ယခုတော့ ပုလဲမြို့ရွာနှင့် ပန်းသဇင်သည် ခရီးအတန်ငယ်ကွာသည်။ ထွန်းဇော်ရောက်မလာလျှင် မိန်းမသားတို့သဘာဝ ရွေလည်တိုင်ဖော့ရှီးကျိုးလုမတတ် သင်းနန္ဒာ မျှော်လင့်ရင်မောရသည်။ အတွေးမျိုးစုံဖြင့် မွန်းကျပ်ရသည်။ ဒါကိုတော့ ထွန်းဇော်သိချင်မှသိပေလိမ့်မည်။ ထိုကြားထဲ ယခု ထွန်းဇော်တို့ပြောင်းရွှေ့သွားသည့် ပုလဲမြို့ရွာကြီးသည် မြို့မကျ ရွာမကျ ကြီးမားစည်ကားလွန်းသလို ခေတ်ဆန်သည့်မိန်းမပျို မိန်းမချောတွေလည်း ပေါများလှသည်။

မိမိအသည်းတနင့်မျှ သိပ်ချစ်ရသူ အဘယ်မိန်းမသားသည် စိတ်ချရပါမည်လဲ။ ထို့ကြောင့်လည်း သင်းနန္ဒာသည် ထွန်းဇော်၏ကတိသစ္စာစောင့်စည်းမှုကို သိရှိပါသော်လည်း မိန်းမသားပီပီ ချစ်သူကို မူနွဲ့ပိုကာ စကားနာထိုးမိခြင်းဖြစ်လေသည်။

"ထွန်း ... "

"ဟင် ... ဘာလဲနန္ဒာ ပြောလေ"

"ထွန်း နန္ဒာ့ဆီကိုအမြဲလာပါလား ထွန်းရယ် ... နန္ဒာ နန္ဒာလေ ထွန်းကို အရမ်းသတိရတာပဲသိလား"





"နန္ဒာရယ် ... တို့က နန္ဒာရဲ့မျက်နှာ လဝန်းကလေးကို အမြဲတမ်းမြင်တွေ့နေရပြီး နန္ဒာရဲ့နံဘေးမှာ အရိပ်ကလေးလိုနေချင်သူပါကွာ၊ မေမေ့ရဲ့ကျန်းမာရေးအရသာ ပုလဲမြို့ကို ပြောင်းသွားခဲ့ရပေမဲ့ တို့ရဲ့နှလုံးသားက ရွာမှာပဲကျန်ရစ်ခဲ့တာပါ ... မေမေ့ကျန်းမာရေးလည်း နန္ဒာသိနေသားပဲဥစ္စာ၊ တစ်နေ့ရှာတစ်နေ့ငွေဖြစ်နေတာ၊ ဒီကြားထဲ တို့ နန္ဒာဆီ အမြဲလာချင်နေပေမဲ့ ခြံထဲမှာ သီးပင်စားပင်တွေ လုပ်စရာကိုင်စရာတွေ လုပ်နေရလို့ နန္ဒာဆီကို စိတ်ကရောက်ပေမဲ့ လူကမရောက်ဖြစ်တာပါ"

ထွန်းဇော်၏မိခင်ကြီး ဒေါ်ယဉ်နွယ်မှာ နှလုံးရောဂါသည် ဖြစ်သည်။ ပုလဲမြို့မှာက ကျန်းမာရေးမှူးရှိသလို မြို့သို့လည်း အလွယ်တကူ သွားရောက်နိုင်လေသည်။ ဒါကို သင်းနန္ဒာသိသည်။ သင်းနန္ဒာသည် ထွန်းဇော်၏ရင်ခွင်ထဲကနေ ထွန်းဇော်၏မျက်နှာကို မော့ကြည့်လျက်က မေးလိုက်၏။

"ထွန်း ... ရွာမှာ ဘယ်နှစ်ရက်နေမှာလဲဟင်"

"တို့ မနက်ဖြန်ကျ ပြန်မှာနန္ဒာ ... နန္ဒာရယ် တို့လည်း နန္ဒာနဲ့မခွဲချင်ပါဘူး ... တတ်နိုင်ရင် အခုတောင်ခိုးပြေးလိုက်ချင်တယ် ... နောက်ထပ်တစ်နှစ် နှစ်နှစ် မစောင့်ချင်တော့ဘူး"

"အို ... ထွန်းကလည်း မဟုတ်က ဟုတ်က"

"အဲဒါဆို နန္ဒာ့ကို မခွဲဘဲ အမြဲတွေ့နေရမှာလေ ... တို့က နန္ဒာရဲ့ဂုဏ်သိက္ခာပျက်စီးညှိုးနွမ်းသွားမှာစိုးလို့ ဘယ်လောက်စိတ်ကိုထိန်းချုပ်ထားနေရတယ်ထင်သလဲ၊ မင်းလက်တို့ကတော့ ဒီလောက်ဖြစ်နေရင် ခိုးပြေးကြွာလို့ ပြောနေသေးတယ်"

"အို ... နန္ဒာ အဲသလိုဆို မလိုက်ပါဘူးနော် ... နန္ဒာဘွဲ့ရမှပဲ ထွန်းကို မိန်းမကောင်းပီသစွာလက်ထပ်မယ် ...



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာစိတ်အလိုလိုက်လို့ ထွန်းရဲ့မိဘတွေရော နန္ဒာရဲ့မိဘတွေရော ရွာမှာ မျက်နှာငယ်မခံပါဘူး ... ဒါထက် ညနေကျ မင်းလက်တို့ လက်ပွားတို့နဲ့ ထန်းတောသွားဦးမှာမဟုတ်လား ... ''

''ယောက်ျားလေးပဲနန္ဒာရယ် ... သူငယ်ချင်းနဲ့ဆုံတုန်း အပျော်သဘောပါ ... လက်ပွားတို့ မင်းလက်တို့လည်း ဗိုဗိုပြေပြေ စားသောက်ရတာမဟုတ်လား ... တို့အာဆွတ်ရုံလေးပဲ သောက်မယ်လို့ ကတိပေးတယ် ဟုတ်ပြီလား''

''ထွန်း ... ဘာလဲ ... ထွန်းတို့သူငယ်ချင်းတွေ အာဆွတ်ရုံဆိုတာ ထန်းတောတစ်တောလုံး ကုန်တဲ့အထိမဟုတ်လား ... နန္ဒာသိပါတယ်နော် ... ဟောဟိုမှာ အမေတို့ပြန်လာပြီ ... နန္ဒာထမင်းပွဲပြင်လိုက်ဦးမယ်''

''ဘာချက်လဲ နန္ဒာ''

''ထွန်းအရမ်းကြိုက်တဲ့ ဝက်သားနဲ့ပုန်းရည်ကြီးနှပ် ... ငါးရံ့ခြောက်ထောင်း ... ''

''နန္ဒာပြောတာနဲ့ ဗိုက်ကဆာလာပြီကွာ''

ခြံဝိုင်းအတွင်းသို့ ဝင်းလာသော သင်းနန္ဒာ၏မိခင်ဖြစ်သူ ဒေါ်သင်းလှကိုမြင်လိုက်၍ သင်းနန္ဒာ မီးဖိုခန်းဘက်သို့ လှမ်းထွက်သွားလေသည်။ ဒေါ်သင်းလှသည် အိမ်ကြီး၏အောက်ထပ်သို့လှမ်းဝင်လာလေသည်။

✻



အခန်း (၄)

# စိတ်ညှော်အလင်းတန်းများ

လရောင်သည် ရိပ်ရိပ်ဝေးဝေးလေးထင်းနေလေသည်။

ထွန်းဇော်သည် ရွာထဲကနေ တောင်ကုန်းပြေပြေလေးပေါ်သို့ တရွေ့ရွေ့ လျှောက်လာလေသည်။ လေကြမ်းတွေက တဝေါဝေါ တိုက်ခတ်နေလေ၏။ ထွန်းဇော် မကြာခင်ပင် တောင်ကုန်းလေးထိပ် မြေပြန့်ကျယ်ကြီးသို့ ရောက်လာသည်။ ထွန်းဇော်၏ခြေလှမ်းတို့သည် မြေကွက်လပ်ကြီး၏အလယ်သို့လျှောက်လာလေသည်။ ထွန်းဇော်သည် အသိစိတ်ကင်းမဲ့လျက် အိပ်မက်ယောင်နေသလို ဖြစ်နေလေသည်။

မြေကွက်ပြန့်ကြီး၏အလယ်တွင် လက်ဝါးကပ်တိုင်လို ကားစင်ကြီးတစ်ခုရှိနေလေသည်။ ထွန်းဇော် ယင်းကားစင်ကြီး အနီးသို့ရောက်သော် ထွန်းဇော်၏မျက်ဝန်းအစုံ ပြူးကျယ်ဝိုင်းစက်သွားရလေသည်။ ကားစင်ကြီးအနီးတစ်ဝိုက်၌ သွေးညှီနံ့များ ပုပ်လောင်နေသည်။ ထွန်းဇော်သည် စိတ်ညှို့ခံထားရသူပမာ ကားစင်ကြီးအနီးသို့ တိုးကပ်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားစင်မှာ ဒဏ်ရာဒဏ်ချက်များဖြင့် သွေးစိမ်းများ စီးကျ လျှက်သေဆုံးနေသူမှာ ရှည်လျားသည့် ဆံပင်များဖြင့် အဘိုးအို တစ်ဦးဖြစ်လေသည်။ အဘိုးအို၏ဝဲဘက်ရင်အုံနေရာ၌ ဓားမြှောင် တစ်ချောင်းသည် အဆုံးထိ နစ်စိုက်ဝင်နေ၏။ ထွန်းဇော်၏အကြည့် က လရောင်ထိုးဖျာကျနေသည့် ဓားမြှောင်၏ လက်ကိုင်ရိုးသို့ အကြည့်ရောက်သွား၏။

ဓားမြှောင်လက်ကိုင်ရိုးတွင် ထွန်းဇော်မသိသော မှော်ဆန် ဆန် အက္ခရာများ လေးထောင့်အကွက်ငယ်များအား ထွင်းထုရေး သားထားသည်ကို ထင်ရှားစွာမြင်တွေ့နေရလေသည်။ ထွန်းဇော် သည် အနီးသို့တိုးကပ်သွားကာ ဓားမြှောင်အား ဆွဲနှုတ်မည်အပြု။

"မနှုတ်နဲ့ . . . အဲဒီအဘိုးကြီးဟာ မကောင်းတဲ့မိစ္ဆာမှော် အတတ်တွေတတ်တဲ့ မှော်ပညာရှင်ကြီးတစ်ဦးပဲ . . . သူ့ကြောင့် တစ်ချိန်တုန်းက ဟောဒီနေရာမှာတည်ရှိခဲ့တဲ့ ဒါမင်းဟိုးရွာဆိုတဲ့ ရွာကြီးဟာ ကပ်ရောဂါဘေးဆိုးကြီး ကျရောက်ပြီး ရွာလုံးကျွတ် ပျက်စီးသေကြေခဲ့ကြတယ်၊ အဲဒါကြောင့် မသေတဲ့ကျန်ခဲ့တဲ့ရွာသူ ရွာသားတွေဟာ မှော်မိစ္ဆာရှင်ကြီးကို ဝိညာဉ်လိပ်ပြာနှုတ် ဓားမှော် ဝင်ဓားနဲ့ပဲ အဆုံးစီရင်ခဲ့ကြတယ် . . . အဲဒီဓားမြှောင်ကာ မှော်ဝင် ဝိညာဉ်လိပ်ပြာနှုတ်ဓားမြှောင်ပဲ . . . ဓားကို ဆွဲနှုတ်တာနဲ့ သူ့ရဲ့ ဝိညာဉ်က ပြန်လည်နိုးထလာလိမ့်မယ်"

"ဟင် . . . "

အသံကြီးက မည်သည့်နေရာကမှန်းမသိဘဲ ဝန်းကျင်တစ် ခုလုံး ဟိန်းထွက်သွားသည်။ ကျွန်တော် ထိတ်လန့်ကြောက်ရွံ့သွား လေသည်။ လေပြင်းများသည် ရုတ်တရက် ကွင်းပြင်ကြီးတစ်ခုလုံး လေကြမ်းဝှေ့ရမ်းတိုက်ခတ်လာလေသည်။ တဝေါဝေါအသံကြီးများ





လည်း ဝန်းကျင်တစ်ခုလုံး ဆူညံစွာမြည်ဟီးနေလေသည်။ ထင်း အခိုက်မှာပင် . . .

"အဟီး ဟား ဟား ဟီး ဟီး"

"ဟာ . . . "

ထွန်းဇော် ရုတ်တရက် ထိတ်လန့်သွားရ၏။ မည်သည့် အတွက်ကြောင့်ဆိုသော် ကားစင်ထက်၌ သွေးအလူးလူးဖြင့်သေဆုံး နေသော အဘိုးအို၏မျက်ဝန်းများသည် ဖျတ်ခနဲပွင့်လာသယောင် ထင်မှတ်မိလေသည်။ အဘိုးအို၏မျက်ဝန်းများသည် နာကြည်းခြင်း၊ ခံပြင်းခြင်း၊ ဒေါသအရိပ်အယောင်များဖြင့် စူးရဲလင်းပြောင်နေလေ သည်။

"ဟီး . . . ဟီး . . . ငါ့ကိုမှော်မိစ္ဆာရှင်ကြီးမကောင်းဆိုး ရွား နာနာဘာဝကောင်ကြီးဆိုပြီး သူတို့တွေသတ်ဖြတ်ခဲ့ကြ တာလေ . . . ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ကြတာ . . . သံသရာ တလျှောက်လုံး မကျေတော့ဘူး၊ ငါခံစားခဲ့ရသလို သူတို့တွေ လည်း ခံစားခဲ့ကြရပြီးပြီ၊ မင်းဟာ ငါ့ရဲ့ကိုယ်ပွားပဲ မင်းရဲ့ခန္ဓာ ကိုယ်ကြီးထဲကို ငါပိုင်ဆိုင်တဲ့ စိတ်စွမ်းအားတွေ ဝိညာဉ်အလင်း တန်းအဖြစ်နဲ့ပူးကပ်ထည့်သွင်းပေးထားပြီးပြီ . . . မင်းယခုနေတဲ့ နေအိမ်မှာ ထူးခြားမှုတွေရှိနေတယ် . . . မင်းမတွေ့တွေ့အောင်ရှာ ပါ . . . အဲဒါဆို မင်းဘဝချမ်းသာမယ် . . . အဟီး ဟီးဟီး"

"ဟင် . . . "

ထွန်းဇော်သည် အထိတ်တလန့်ဖြင့် ခြေလှမ်းတွေနောက် ဆုတ်သွားသည်။ သူ၏စိတ်ကပင် မဟုတ်တာတွေထင်မိမြင်ယောင် နေတာလား၊ ဒါမှမဟုတ် အမှန်တကယ်ပင် သူ့ရှေ့ရှိ သွေးလူးနေ ပေကျံနေသည့် ကားစင်ရှိ အဘိုးအို၏ဝိညာဉ်ကပင် အသက်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ကာ ပြောဆိုနေခြင်းလား ထွန်းဇော်မတွေးတတ်တော့ပေ။

လေပြင်းတွေက ပို၍တိုက်ခတ်မှုကြမ်းတမ်းလာ၏။ ဝန်းကျင်တစ်ခုလုံး တဖြည်းဖြည်း တိမ်မည်းညိုကြီးတွေ ဖုံးအုပ်သွား၍ အမှောင်ပြင်ကြီးဖြစ်သွားလေသည်။ ထိုစဉ် ကောင်းကင်တစ်ခုလုံးသည် အမှောင်တိုက်ကြီးထဲမှ ဝင်းလက်သော အနီရောင်လျှပ်စစ်စီးကြောင်းတွေ တဝင်းဝင်းတလက်လက် ဝင်းလက်လာလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး အော်သံကြီးများနှယ် ဆူညံနေလေသည်။

''အဟီး ... ဟားဟား''

''အဟီး ... ဟီး ... ဟားဟား ... အိုး''

ထွန်းဇော်၏နောက်မှာလည်း ဝိညာဉ်တစ္ဆေသရဲ မကောင်းဆိုးရွား နာနာဘာဝများ၏ အော်ဟစ်သံကြီးများ ညည်းတွားရယ်မောသံကြီးများ ကြားယောင်နေရသည်။ ထွန်းဇော်သည် ထိုနေရာမှ ရုတ်တရက် လျှင်မြန်စွာ ပြေးထွက်ခဲ့မိတော့သည်။

အော်သံဟစ်သံများ ရယ်မောသံများကလည်း ထွန်းဇော်၏ ပတ်ဝန်းကျင်၌ လွှမ်းခြုံနေဆဲ။ ထွန်းဇော် ကြောက်လန့်လွန်း၍ ဇောချွေးများပြန်နေလေပြီ။ ထွန်းဇော်ကြောက်လန့်တကြား အပြေးထွက်ခဲ့ရသော်လည်း အလာတုန်းကကဲ့သို့မဟုတ်ဘဲ မှောင်မိုက်နေ၍ ရုတ်တရက် မည်သည့်အရာဝတ္ထုမှန်းမသိဘဲ ထွန်းဇော် ခလုတ်တိုက်၍ အရှိန်ဖြင့် ဒလိမ့်ကောက်ကွေးကျသွားလေသည်။ တောင်စောင်းလေးအတိုင်း ထွန်းဇော် အရှိန်ပြင်းစွာ လိမ့်ဆင်းသွားလေတော့၏။ ရင်ထဲမှာ အေးခနဲ ...

''အား ... ''

ထွန်းဇော် အထိတ်တလန့်အော်ဟစ်ရင်း ဖျတ်ခနဲတ





လိုက်မိသည်။ သူ၏ရင်တစ်ခုလုံး ဖားဖိုကဲ့သို့ မောပန်းနေလေသည်။ ချွေးများလည်း တစ်ကိုယ်လုံးရွှဲနစ်နေ၏။ အခန်းထဲ ထွန်းညှိထားသည့် ဘက်ထရီမီးချောင်းအားအလင်းကြောင့် ထွန်းဇော်သူကိုယ်သူ အိပ်မက်မက်နေမှန်း သိလိုက်ရ၏။

အိပ်မက်သည် ယခင် သူမက်နေကျ အိပ်မက်မြင်ကွင်းထက် ယခုအိပ်မက်က ပို၍ဆန်းကြယ်နေလေသည်။ မည်သည့်အတွက်ကြောင့်ဆိုသော် မည်သည့်အရပ်ကမှန်းမသိသည့် အသံဆိုးကြီးများနှင့် ကားစင်ထက်က လူသေကောင်ကြီးက စကားပြောခြင်းပင်ဖြစ်၏။ မျက်လုံးအစုံကလည်း နာကြည်းခံပြင်းမှုအရောင်တွေ တဖျတ်ဖျတ်လက်နေလေသည်။

ကြောက်မက်ဖွယ်ရာ မျက်ဝန်းပင်ဖြစ်၏။

သို့သော် ယင်းလူသေကောင်အသိုးကြီး၏ ပဲ့တင်လိုက်သံပါနေသော စကားတွေက ထူးဆန်းလွန်းလှသည်ဟု ထွန်းဇော်ထင်မြင်မိသည်။ ရင်အခုန်ပြေသွားအောင် ထွန်းဇော်ရေအေးအေးတစ်ခွက်ခပ်သောက်လိုက်မိလေသည်။ အိမ်အပြင်မှာ ညသည်နက်မှောင်နေဆဲ။

⌘



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

# အိမ်ကြီးထဲက စီညှာဉ်များ

"ဖေဖေ့ကို ကျွန်တော်မေးစရာရှိလို့ဖေဖေ"

"ဟေ ..."

မနက်ကော်ဖီဝိုင်းထိုင်မိမိချင်း အရင်းမရှိ အဖျားမရှိပြော လိုက်သည့် ထွန်းဇော်၏စကားကြောင့် ဦးထွန်းမြတ်သည် ဟောခနဲ ထူးရင်း မျက်မှောင်ကြီးတွေမသိမသာတွန့်သွားရလေသည်။ ဒီမနက် သူ၏သားဖြစ်သူ စကားသည် ထူးဆန်းနေသည်ဟု ဦးထွန်းမြတ် ထင်လိုက်မိ၏။

ဦးထွန်းမြတ်သည် သားဖြစ်သူအားကြည့်ကာ ...

"ဘာမေးစရာရှိလို့လဲ သားရဲ့ ... မေးလေ"

"ဟို ... ဒီလိုပါဖေဖေ ... ဖေဖေနဲ့မေမေ ဒီအိမ်ကြီးကို စတင်ပြောင်းရွှေ့လာတော့ ထူးဆန်းတာ ဘာမှမမြင်မတွေ့ကြုံရဘူးလားလို့မေးမလို့ပါ"

"သားရဲ့စကားက ဘာအဓိပ္ပာယ်လဲကွ ... "

"ဟို ... ဟိုလေ ... ဒီအိမ်ကြီးကို ပြောင်းလာစဉ်အာ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးဝါးနာနာဘာဝ ဝိညာဉ်တစ္ဆေသရဲတွေ ဘာတွေများ မြင်ရတွေ့ရသလားလို့၊ ဟိုလေ ရွာထဲမှာ ဒီအိမ်ကြီးရဲ့ မူလပိုင်ရှင်တွေ လူသတ်ခံရပြီး အစိမ်းသေသေရတာလို့ ရွာထဲမှာ ပြောနေကြလို့ပါ ...''

''ဩော် ... ဒါလား ... အေးလေ ဖေဖေတို့သိသားပဲ၊ အဲဒါ ဘာဖြစ်လဲသားရဲ့ ... အထူးအဆန်းလုပ်လို့ကွာ''

''တို့ ... ဖေဖေတို့ အဲဒီတုန်းက ... အရိပ်ကလေး အယောင်ကလေးတောင် မမြင်ရဘူးလား ... သူတို့တွေက ကျွတ်မလွတ်တဲ ဒီခြံကြီးထဲမှာ အစောင့်အဖြစ်ရှိနေကြတယ်တဲ့၊ သားက အဲဒါတွေဝိညာဉ်လောကတို့ မမြင်အပ်တဲ့ပရလောကတို့ တို့ ယုံကြည်လို့လားကွယ့် ...''

ဦးထွန်းမြတ်သည် ထမင်းကြော်စားနေတာကို လက်စသတ်လိုက်ပြီး ကော်ဖီတစ်ငုံသောက်ရင်း ထွန်းဇော်အား မေးလိုက်၏။ ဒေါ်ယဉ်နွယ်ကလည်း သားဖြစ်သူအား လှမ်းကြည့်လိုက်၏။

''သားကို အဲဒီအကြောင်းတွေ ဘယ်သူပြောတာလဲ''

''ဟို ... ဦးမာယဆိုတဲ့လူကြီးပါ ... သားတို့ခြံကြီးနဲ့ မျက်စောင်းထိုးခြံကြီးထဲမှာနေတဲ့လူကြီးလေ''

''ဩော် ... မာယလား ... ဒီကောင်က နာမည်ကသာ သိကြားမာယကွ၊ လူကတော့ ဟုတ်ချင်မှဟုတ်မယ်၊ အင်္ဂလိပ်စွာ ညာကျွမ်းအရဆိုရင်တော့ သူ့ရဲ့သေးငယ်ကျဉ်းမြောင်းတဲ့မျက်လုံးနဲ့အဖျားကောက်နေတဲ့နှာခေါင်းက ကောက်ကျစ်စဉ်းလဲမဲ့စရိုက်ကို ဖော်ပြနေတယ် ... သားက သူနဲ့အတော်ရင်းနှီးလားကွယ့်''

''ဟို ... ယက်ဖက်ရည်ဆိုင်မှာ အမြဲတွေ့နေလို့ပါဖေဖေ၊ ခြံနားနီးချင်းဆိုတော့ သားနဲ့ခင်မင်နေကြတာပေ့ါ ဘာဖြစ်လို့လဲ''





ထွန်းဇော်သည် ခြံနားနီးချင်း ဦးမာယဖြင့် ခင်မင်ရင်းနှီးနေကြောင်းပြောပြလိုက်လေသည်။ ဖခင်ဖြစ်သူက ဦးခေါင်းကို တဆက်ဆက်ညိတ်ရင်း ...

''ဘာမှမဖြစ်ပါဘူးသားရယ် ... အမှန်ပြောရရင် တို့မိသားစုဟာ ဒီပုလဲမြို့ရွာနေထိုင်သူတွေ မဟုတ်ကြဘူး၊ သစ်ပင်အပွေးအကောက်ကိုသာမြင်ရတယ်၊ လူတွေရဲ့အရွတ်အကောက်ကို မမြင်ရဘူး မဟုတ်လား ... ဒါကြောင့်လည်း ဖေဖေတို့မိသားစု ကိုယ့်ဘာသာကိုယ် အေးချမ်းစွာနေထိုင်ကြတာပဲ၊ သားကိုတော့ ရွာထဲက ဘယ်သူနဲ့ပေါင်းပါ သင်းပါ မပြောပါဘူး၊ သတိမကွာဖို့ ပြောပြတဲ့သဘောပါကွယ်''

''အိုတော် ... ကိုထွန်းမြတ်ကလည်း သားက သိချင်နေတဲ့ဥစ္စာ ... မထူးပါဘူးရှင် ကျွန်မတို့ ဒီအိမ်ကြီးကိုဝယ်ပြီးပြောင်းရွှေ့လာပြီး တွေ့ကြုံခဲ့ရတဲ့အဖြစ်တွေကို ပြောပြလိုက်ပါ ... သားလည်း သိသင့်ပါတယ် ...''

''အေးပါကွာ ... ငါကလည်း ပြောပြဖို့ စိတ်ကူးပြီးသားပါ ... ဒီလိုသားရဲ့ ဒီအိမ်ကြီးရဲ့မူလပိုင်ရှင်တွေ သေဆုံးသွားကြလို့ ဖေဖေတို့မိသားစု ပြောင်းရွှေ့လာတော့ သားက မြို့မှာ ကျောင်းတက်နေတုန်းလေ ... အဲ ထူးဆန်းတာက မူလပိုင်ရှင်အဘိုးကြီး အဘွားကြီးလင်မယားဟာ ဒွေးရိုးသားရိုးသေတယ်လို့ ဖေဖေတို့က ထင်ခဲ့ပေမဲ့ နောက်မှ လူသတ်ခံရပြီး သေမှန်းဖေဖေတို့သိခဲ့ရတာ ...''

''ဒီအိမ်ကြီးကို ပြောင်းလာပြီး တစ်ပတ်တိတိပြည့်တဲ့နေ့မှာပဲ ထူးဆန်းတာကို စတင်တွေ့ရတော့တာပဲသား ထွန်းဇော်''

အဲသည့်နေ့ညက ရွာအစွန် တောင်ကုန်းမြေပြန့်သိပ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားလှသည့် ယင်းနှစ်ဆောင်ပြိုင်အိမ်မည်းကြီးသို့ ဦးထွန်းမြတ်တို့လင်မယား ပြောင်းရွှေ့လာပြီး တစ်ပတ်တိတိပြည့်သောညဖြစ်သည်။ ထိုညက လဆုတ်ရက်ဖြစ်၍ ကောင်းကင်စကြာဝဠာတစ်ခုလုံး အနက်ရောင်ခြုံထည်ကြီး လွှမ်းခြုံထားသကဲ့သို့ မှောင်မိုက်နေပြီး ကြယ်ပွင့်တချို့တလေသာ ရှိလေသည်။ ရဲဖန်ရွာဘက်ဆီကနေ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြီးကမူ ချောက်ချားစဖွယ် အိမ်ကြီးဘက်သို့ ပျံ့လွင့်လာသည်ကလွဲ၍ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေပေ။

ဦးထွန်းမြတ်ရော ဒေါ်ယဉ်နွယ်ပါ ရတနာသုံးပါးကို ကိုင်းရှိုင်းမြဲမြံသူတွေဖြစ်၏။ ယနေ့ညလည်း အပေါ်ထပ်ရှိ ဘုရားခန်းတွင် ဘုရားဝတ်ပြု မေတ္တာပို့ပြီး စောစီးစွာပင် အိပ်ရာဝင်ခဲ့ကြလေသည်။

ယင်းသို့ အိပ်ရာဝင်ပြီး ဦးထွန်းမြတ်တစ်ယောက် နှစ်ခြိုက်စွာ အိပ်ပျော်သွားပါသော်လည်း ဒေါ်ယဉ်နွယ်ကမူ ဟိုတွေးဒီတွေးဖြင့် ချက်ချင်းအိပ်မပျော်ပါ။ အိမ်ကြီးမှာ သူမတို့လင်မယားအတွက် ကြီးမားကျယ်ဝန်းပြီး အပေါ်ထပ်ရော အောက်ထပ်ကိုပါ အောက်လင်းမီးအိမ်ကြီးနှစ်လုံးအား ခပ်မှိန်မှိန်လေး ထွန်းညှိထားလေသည်။

ယင်းအချိန်မှာပင် ဒေါ်ယဉ်နွယ်၏နားတွင်းသို့ အောက်ထပ်မှ လှုပ်ရှားသံသဲ့သဲ့အားကြားလိုက်မိခြင်းဖြစ်သည်။ လှုပ်ရှားသံမှာ တဖျတ်ဖျတ်ဖြင့် ခြေသံဖြစ်သည်။

"ဖျတ် ... ဖျတ် ... ဖျတ်"

ခြေသံသည် တိတ်ဆိတ်နေသည့်ညကာလဖြစ်၍ ပီသထင်ရှားလှသည်။ ဒေါ်ယဉ်နွယ်ထိတ်ခနဲဖြစ်သွားရ၏။ အောက်ထပ်မှာ လူတစ်ယောက်ရောက်နေသည်မှာ သေချာသည်။ အနီးဝန်း





ကျင်မှ သူခိုးသူဝှက်တစ်ယောက်ယောက်ပင် တစ်စုံတရာခိုးဖုက်ဖို့ အိမ်ထဲဝင်လာခြင်းဖြစ်သည်။ သို့သော် ညမမှောင်ခင်ကပင် သူမတို့လင်မယားနှစ်ယောက် တစ်အိမ်လုံးရှိ တံခါးတွေ ပြတင်းပေါက်တွေကို သေချာစွာ လိုက်လံစစ်ဆေးပြီးပိတ်ထားသည်။

ယင်းခြေသံရှင်သူခိုးသည် မည်သည့်နေရာကနေ ဝင်လာသည်လဲ။

ထိုစဉ် ခြေသံက ပို၍ထင်ရှားလာ၏။

"ဖျတ် ... ဖျတ်"

"ကို ... ကိုထွန်းမြတ် ... အိမ်ထဲသို့ တစ်ယောက်ယောက်ဝင်နေတယ်ထင်တယ်"

"ဟင် ... "

ဒေါ်ယဉ်နွယ်သည် ဦးထွန်းမြတ်အား ခပ်တိုးတိုးလေး လှုပ်နှိုးလိုက်၍ အအိပ်ဆက်သတိရှိသော ဦးထွန်းမြတ် ချက်ချင်း နိုးသွားလေ၏။ ဒေါ်ယဉ်နွယ်က လေသံဖြင့် ...

"အောက်ထပ်မှာ ခြေသံကြားရတယ် ... သူခိုးလားမသိဘူး"

ဒေါ်ယဉ်နွယ်စကားကြောင့် ဦးထွန်းမြတ် ချက်ချင်းပင် ခုတင်ထောင့်ရှိ ငှက်ကြီးတောင်ဓားကြီးအား ယူလိုက်၏။ ဟုတ်သည် သူ၏နားထဲတွင်လည်း အောက်ထပ်ဆီကနေ တဖျတ်ဖျတ်ဖြင့် ရွေ့လျားနေသော ခြေသံအားကြားလိုက်ရလေသည်။ လက်နှိပ်ဓာတ်မီးအားယူလိုက်ကာ ဦးထွန်းမြတ်အခန်းတံခါးကို အသာဖွင့်ကာ ထွက်လိုက်၏။

"ဖျတ် ... ဖျတ် ... ဖရော"

ဦးထွန်းမြတ်အခန်းပြင်ရောက်စဉ် ခြေသံက ပို၍ထင်ရှား



www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။ အခန်းထောင့်မှောင်ရိပ်များကိုကွယ်ကာ ဦးထွန်းမြတ်သည် ကြောင်လိမ်လှေကားကနေတစ်ဆင့် အောက်ထပ်သို့ ဆင်းလာခဲ့၏။ ဦးထွန်းမြတ်သည် သတ္တိသွေးနည်းလှသူတော့ မဟုတ်ချေ။ ငယ်စဉ်ကဆိုလျှင် ရွာတွင် ထစ်ခနဲဆို တွန်းမြတ်တို့ပါပြီးသားဟူသော လူစားဖြစ်သည်။

"ဖရော ဖျတ် ... ဖျတ်"

ကြောင်လိမ်လှေကားတစ်ဝက်မှာပင် အောက်ထပ်ရှိ မှုန်ပျပျ အောက်လင်းမီးရောင်အောက် ဖျတ်ခနဲလှုပ်ရှားသွားသည့် အရိပ်မည်းမည်းကြီးတစ်ခုအား လှမ်းမြင်လိုက်ရ၏။ ဦးထွန်းမြတ် သူ့မျက်လုံးပင် သူမယုံနိုင်သလို ဖြစ်သွား၏။

ဦးထွန်းမြတ်သည် ဝိညာဉ်ကို တစ္ဆေသရဲ နာနာဘာဝများတို့ သိပ်ယုံကြည်လှသူတော့ မဟုတ်ပါ။ သူတွေ့လိုက်ရသည်မှာ ဆံပင်ရှည်ကြီး ဖိုးရိုးဖားရားဖြင့် ဝတ်ရုံမည်းကြီးခြုံလွှမ်းထားသည့် အရိပ်တစ်ခုဖြစ်သည်။ ထိုစဉ် ရုတ်တရက် အပုပ်နံ့ကြီးတစ်ခုက ဦးထွန်းမြတ်ထံသို့ ထောင်းခနဲ လွင့်လာလေသည်။ နံဟောင်လှွန်းလှပေ၏။

အရိပ်မည်းကြီးသည် ဦးထွန်းမြတ်၏ ရှေ့မှောက်၌ပင် ဖျတ်ခနဲ လေထဲသို့လျင်မြန်လှစွာ အခန်းထောင့်ချိုးအမှောင်ရိပ်တွင်းသို့ ပျောက်ကွယ်သွားလေတော့၏။

ဦးထွန်းမြတ်၏အော်သံကြီးက ဟိန်းထွက်သွားသည်။

"ဟိတ် ... ဘယ်သူလဲ မပြေးနဲ့"

ချက်ချင်းလိုလိုပင် ဦးထွန်းမြတ် ဓာတ်မီးခလုတ်ဖွင့်ကာ ငှက်ကြီးတောင်အား တင်းတင်းဆုပ်လျက် ယင်းနေရာသို့ တစ်ဟုန်ထိုးပြေးလွှားသွားသည်။





"ဟင် ... "

ဦးထွန်းမြတ် အံ့ဩသွားမိလေသည်။ ယင်းအခန်းထောင့်ချိုး၌ မည်သူမျှရှိမနေပါ။ ဤအိမ်ကြီးသို့ ဦးထွန်းမြတ်ရောက်စဉ်ကတည်းက ကြည့်ရှုစစ်ဆေးစဉ် ယင်းအခန်းထောင့်၌ ဟိုးခေါင်းသဘော ပစ္စည်းအဟောင်းများထည့်သိုရာ အခန်းနှင့်အခန်းထွက်တစ်ခုသာ မျက်နှာချင်းဆိုင်ရှိသည်။ အခန်းနှစ်ခုလုံးမှာ သော့ခတ်ထားလျက် မည်သည့်ထူးခြားမှုမျှမရှိပါ။

ဦးထွန်းမြတ် ဟိုဟိုဒီဒီလက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်စဉ် ...

"ကို ... ကိုထွန်းမြတ် ... ဘယ်သူလဲ ... လူလား"

မီးအိမ်ဖြင့် ဒေါ်ယဉ်နွယ်ပါ လှေကားကနေဆင်းလာသည်။ ဦးထွန်းမြတ်က ...

"လူလားဘာလားတော့ မသိဘူးကွ ... အရိပ်တစ်ခုတွေ့လိုက်လို့"

"သ ... သရဲဝိညာဉ်များလားရှင်"

"ဟာကွာ ... မင်းကလည်း အတွေးခေါင်နေပြန်ပြီ ... လူဖြစ်ဖြစ် မင်းပြောတဲ့ဝိညာဉ်တစ္ဆေသရဲဖြစ်ဖြစ် ပက်ပင်းမတွေ့လိုက်ရတာနာတယ် ... ဒီနားမှာပျောက်သွားတာကွ မယဉ်နွယ်"

"ဟင် ... ဒီနားမှာ အပြင်ထွက်ပြေးစရာ တံခါးမှမရှိဘဲ ဒီစတိုခန်းကလည်း သော့ခတ်ပိတ်ထားတဲ့ဥစ္စာ ... ရှင်အမြင်များမှားသလား ကိုထွန်းမြတ်ရယ် ... "

"ငါ့မျက်လုံး ဒီလောက်မမွဲသေးပါဘူးကွာ ... တွေ့လိုက်ရတာ ထင်ထင်ရှားရှားကြီးပါ ... အပုပ်နံ့ကြီးတောင် ရလိုက်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... သ ... သရဲခြောက်တာထင်တယ်"

ဦးထွန်းမြတ်ထံမှ အပုတ်နံ့ကြီးရတယ်ဟူသော စကားကြောင့်* ဒေါ်ယဉ်နွယ် လန့်ဖြန့်သွားမိလေသည်။ ယင်းနောက် နှစ်ယောက်သား အိမ်ကြီးအောက်ထပ်သို့ နှံ့စပ်အောင် လိုက်လံစစ်ဆေးပြီး အပေါ်ထပ်ပြန်တက်ခဲ့ကြတော့၏။

ဦးထွန်းမြတ်သည် ပြောနေလက်စ စကားကို နိဂုံးချုပ်လိုက်ရင်း ရေနွေးချမ်းတစ်ခွက်သောက်လိုက်လေသည်။ ထွန်းဇော်သည် ဖခင်ဖြစ်သူ ပြောပြသည့် အပြစ်အအပျက်အား စိတ်ဝင်စားသွား၏။

"အဲဒါ ဖေဖေကို့ ဒီအိမ်ကြီးရောက်ပြီး တစ်ပတ်အကြာမှာ တွေ့ကြုံရအဖြစ်အပျက်ပဲ အဲဒီနောက်ပိုင်း ရွာထဲကလူတွေ ပြောဆိုနေကြတဲ့ အသံတွေလည်း ဖေဖေတို့ ကြားရပါတယ်၊ တစ်ခါတလေ ခြံထဲမှာ တစ္ဆေလား ဝိညာဉ်လား မကွဲပြားတဲ့ အရိပ်မည်းကြီးတစ်ခုကို မကြာခဏ ရိပ်ခနဲ ရိပ်ခနဲ မြင်တွေ့ရတတ်တယ် အိမ်ကြီးထဲမှာလည်း ခြေသံတွေ လျှောက်သွားနေသံတွေ တစ်ခါခါ ကြားရတယ် ရွာသူရွာသားတွေပြောကြသလို အသက်ခံရတဲ့ ပထမအိမ်ပိုင်ရှင် အဘိုးကြီးလင်မယား မကျွတ်မလွတ်ဘဲ သူတို့ အိမ်ကြီးကို စွဲလမ်းစိတ်နဲ့ နေထိုင်နေကြတယ်လို့ပဲ ဖေဖေ ယူဆထားတော့တယ် ဖေဖေတို့ကို အဲဒီညတုန်းက အန္တရာယ်မှ မပြုဘဲ ပြီးတော့သားကလည်း ခေတ်ပညာတတ် ကောလိပ်ကျောင်းတောင် တက်နေပြီဆိုတာ ဒါတွေကို လက်ခံချင်မှ လက်ခံမှာလို့ ဖေဖေက ဘာတစ်ခွန်းမှ မဟတာပါ"

ထွန်းမြတ်သည် ယင်းအကြောင်းတွေကို ဘာကြောင့် မပြောပြရသည်ကို ရှင်းပြလေသည် ထွန်းဇော်က ဖခင်ဖြစ်သူအား





ကြည့်ကာ ...

"ဒီအိမ်ကြီးက ဆန်းကြယ်တာတော့ အမှန်ပဲ ဖေဖေ"

"သားက ဘာတွေ ကြုံတွေ့ရလို့လဲ ပြောပါဦး"

"ဒီလိုလေ ဖေဖေ"

ဖခင်ဖြစ်သူ အမေးကြောင့် ထွန်းဇော်သည် သူရောက်ရှိသည့်ကစ၍ မကြာခဏမက်လေ့ရှိသော အိမ်မက်ဆိုးကြီးဖြင့် ညတုန်းကမှ လက်လက်ဆတ်ဆတ် မက်ခဲ့ရသည့် အိမ်မက်ဆိုးအား မိဘနှစ်ပါးအား ပြောပြလိုက်လေတော့သည်။

သူ့စကားဆုံးသွားတော့ ဖခင်ဖြစ်သူ ဦးထွန်းမြတ်သည် မျက်မှောင်တွန့်ကျုံ့လျက်က–

"သားရဲ့အိပ်မက်က အတော်ထူးဆန်းလှပါလားကွယ်"

"ဟုတ်တယ်ဖေဖေ ကျွန်တော်အိပ်မက်မက်ခဲ့တာ ဖေဖေတို့အသိပဲ ခုဒီအိမ်ကြီးရောက်မှ ခုပြောပြတဲ့ အိပ်မက်ဆိုးကြီးကို မက်တာ လေးကြိမ်ရှိနေပြီး ဘယ်လိုအဓိပ္ပာယ်လဲတော့မသိဘူး အိပ်မက်က ထူးဆန်းတယ်လို့တော့ ကျွန်တော်ထင်မိတာ အမှန်ပဲ"

"သားရယ် သားကျောင်းစာတွေ သိပ်ဖတ်ပြီး တစ်ခုခုကို စွဲလန်းလို့များလား"

ဒေါ်ယဉ်နွယ်ကပါ သံသယလေသံဖြင့် ထွန်းဇော်အား ဝင်ပြောသည်။

"ဟာ ... မေမေရာ ကျွန်တော်ဖက်နေတဲ့ စာတွေက စိတ်ပညာနဲ့ပတ်သတ်တဲ့ လူလောက အတွေးအခေါ်တွေနဲ့ ပတ်သက်တဲ့ စာတွေပါ၊ ခုဟာက အိပ်မက်မက်တာ မေမေရဲ့၊ နောက်ဆုံးအိပ်မက်က ပိုဆန်းတယ် ဒီခြံကြီးနဲ့အိမ်ကြီးဟာ တစ်ချိန်ချိန် ရှေးပဝေသဏီက တစ်ခုခုများဖြစ်ခဲ့သလားလို့ ကျွန်တော် တွေးနေ



www.burmeseclassic.com

www.burmeseclassic.com



မိတာ''

ထွန်းဇော်၏အပြောကြောင့် မိခင်ဖြစ်သူ ဒေါ်ယဉ်နွယ်သည် ဦးထွန်းမြတ်ဘက်ဆီသို့ အဓိပ္ပာယ်ပါပါ တစ်ချက်လှမ်းကြည့်လိုက်လေသည်။ ဦးထွန်းမြတ်သည်။ ဦးခေါင်းအား မသိမသာရမ်းခါ၏။ ဒေါ်ယဉ်နွယ်က ပြန်လျက် ...

''ဒါထက် သားဒီမနက် ရွာထဲမသွားတော့ဘူးလား''

''သွားမယ် မေမေ''

''သားကိုဖေဖေ တစ်ခုတော့ပြောမယ်၊ ဦးမာဃဆိုတဲ့ ကောင်နဲ့ ဆက်ဆံရင် သတိထားဆက်ဆံ၊ လိုတာထက်ပိုမပြောမိစေနဲ့၊ သူ့မျက်ဝန်းတွေက ကောက်ကျစ်စဉ်းလဲတဲ့ မျက်လုံးတွေပဲသား''

ဖခင်ဖြစ်သူသည် မည်သည့်အတွက် ဦးမာဃဖြင့် ပတ်သက်၍ ထိုစကားကိုဆိုလေသည်ကို ထွန်းဇော်မတွေးတတ်ပါ ချေ။ ထွန်းဇော်၏ အမြင်မှာတော့ ဦးမာဃသည် သူကဲ့သို့ပင် စာပေဗဟုသုတ ဝါသနာထုံပြီး ရိုးသားသောသူဟု ထင်မြင်နေမိသည်။

သည့်နောက် ထွန်းဇော်သည် မိဘနှစ်ပါးအား နှုတ်ဆက်ကာ ရွာထဲသို့ အညောင်းအညာပြေ ထွက်လာခဲ့လေတော့၏။

⌘



အခန်း (၆)

# အိမ်ကြီးမာဃ

''မောင်ထွန်းဇော်''

''ဗျာ ဦးလေးမာဃ ဘာပြောမလို့လဲ''

''မင်း ... လောကမှာ ဝိညာဉ်လောကသားတွေ ပရလောကသားတွေဖြစ်တဲ့ တစ္ဆေသရဲဆိုတာကို ယုံသလားကွ''

ဦးမာဃက ဒီမနက်မှ ထူးထူးဆန်းဆန်း စကားကိုဆိုလေသည်။ ထွန်းဇော် လက်ဖက်ရည်ဆိုင်လေးသို့ရောက်သော် ဦးမာဃသည် သူ့အားစောင့်နေလျက် ဝမ်းသာအားရ နှုတ်ဆက်သည်။ ထို့ကြောင့် ထွန်းဇော်နှင့် ဦးမာဃသည် အတူထိုင်ဖြစ်သွားကြတယ်။ ဤတွင် ဦးမာဃစကား ထူးထူးဆန်းဆန်း မေးလာခြင်းဖြစ်သည်။

''ဦးလေး မေးတာကိုဖြေရရင် ကျွန်တော်က ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လို့ ယုံတယ်လို့ ဖြေရမှာပဲ ဦးလေးမာဃ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ဗုဒ္ဓဘုရားရှင်ဟောကြားတဲ့ သုံးဆယ့်တစ်ဘုံထဲမှာ အပါယ်ဘုံဖြစ်တဲ့ ပြိတ္တာဘုံနဲ့ အသူရကာယ်ဘုံဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်လေ၊ တစ္ဆေကို သူရဲတို့ဆိုတာ စာပေတွေအရဆိုရင် အစွဲအလန်းဥပါဒါန်တစ်ခုခုကြောင့် မကျွတ်မလွတ်နိုင်ကြတဲ့ ပြိတ္တာဘုံသားတွေပဲလေ"

ထွန်းဇော်က သူ တတ်သိထားသလောက် ပြောပြလိုက်တော့ ဦးမာဃကပြုံးသည်။

"မင်းက ဘယ်ဆိုးလို့လဲကွ ဗုဒ္ဓစာပေတွေကိုပါ လေ့လာထားပုံရတယ်"

"ထွန်းဇော်တို့ ကောလိပ်မှာ ဗုဒ္ဓရဲ့စာပေတွေပါ လေ့လာရတယ် ဦးမာဃ"

"အေး မောင်ထွန်းဇော်က အဲသလို အယူအဆရှိတော့ ဦးကြီးက ထူးဆန်းတဲ့အကြောင်းတစ်ခုပြောပြမလို့ကွယ် မနေ့တုန်းက ဦးကြီးအိပ်မပျော်တာနဲ့ လမ်းလျှောက်နေတုန်း မောင်ထွန်းဇော်တို့ခြံကြီးဘက်ကနေ အရိပ်မည်းကြီးနှစ်ခု ရိပ်ခနဲဆင်းလာတာတွေ့လိုက်ရတယ်ကွယ်"

"ဗျာ"

"မောင်ရင် မယုံကြည်ရင်လည်းနေပါ ဦးကြီးက ပထမ သူခိုးသူဝှက်တွေလားထင်မိတာ နောက်တော့ မျက်စိရှေ့မှောက်တင် ရိပ်ခနဲပျောက်သွားကြတယ်၊ ဦးလေးထင်တာတော့ အိမ်ရှင်အဘိုးကြီးလင်မယားရဲ့ဝိညာဉ်တွေလို့ ထင်တာပဲကွယ်"

"ဦးလေးမာဃတွေ့တာ သေချာရဲ့လားဗျာ"

"မင်းကို ဦးကြီးက ဘာညာပြောစရာရှိမှာလဲကွယ် ... ညတုန်းကလည်း ရွာထဲမယ် ခွေးတွေအူနေတာ ဆူညံနေတာပဲ၊ ဝိညာဉ်တွေ ရွာထဲလျှောက်သွားနေတာနေမှာပေါ့၊ မောင်ထွန်းဇော် ရော ဘာမှမမြင်မတွေ့ဘူးလားကွယ်"





ဦးမာဃသည် ထွန်းဇော်အား စကားပြောနေရင်းက အကဲခတ်သလို မသိမသာလှမ်းကြည့်လိုက်၏။ ထွန်းဇော်၏မျက်နှာသည် စိတ်ရှုပ်ထွေးဟန်ပေါ်နေသလို တစ်ခုခုအား အလေးအနက်တွေးနေတန်တူသည်။ တစ်ခုခုအားပြောရန် ချိတုံချတုံစဉ်းစားနေသလိုမျိုး ...

"အင်း ... ဘယ်လိုပြောမလဲ ထွန်းဇော်ကတော့ မကြုံတွေ့ဖူးပါဘူး ... ဒါပေမဲ့ ကျွန်တော့်မိဘနှစ်ပါးကတော့ အိမ်ကြီးကို ပြောင်းလာပြီးနောက် ကြုံရတယ်ပြောတာပဲ ဦးမာဃ"

ထွန်းဇော်သည် ဦးမာဃအား သူ၏မိဘနှစ်ပါး ခုနကမှ ပြောပြသည့် ဝိညာဉ်တစ္ဆေသရဲခြောက်လှန့်သည့်အကြောင်း ပြောပြလိုက်၏။ ဦးမာဃက နားထောင်နေပြီးနောက် ...

"ဖြစ်နိုင်တယ် မောင်ထွန်းဇော် ... ဒီခြံနဲ့အိမ်ကြီးက နာမည်ကြီးပဲဥစ္စာ၊ မကျွတ်လွတ်တဲ့ဝိညာဉ်တွေ တစ္ဆေမကောင်းဆိုးဝါးတွေ ရှိနေမှာအသေအချာပဲ။ တတ်နိုင်ရင် မောင်ထွန်းဇော်တို့ မိသားစု ပန်းသဇင်ရွာကို ပြန်ပြောင်းရွှေ့သင့်တယ်"

"ဟာ ... အဲဒါတော့ မဖြစ်နိုင်ဘူးထင်တယ် ... ဦးကြီးမာဃ ... ကျွန်တော်က ဒီပုလဲမြို့ထက် ပန်းသဇင်ရွာကို ပိုပြီးသံယောဇဉ်ကြီးတယ် ... ကျွန်တော့်ရဲ့ချစ်သူကလည်း ပန်းသဇင်ရွာမှာရှိတယ်လေ ... ဒါပေမဲ့ အဖေရော အမေရော ဒီခြံကြီးနဲ့ အိမ်ကြီးကို နှစ်သက်သဘောကျနေတာအမှန်ပဲ"

"မောင်ထွန်းဇော်ရဲ့မိန်းကလေးက ပန်းသဇင်ရွာကလား"

"ဟုတ်ပါတယ် ဦးကြီးမာဃ ... "

"နာမည်ဘယ်လိုခေါ်သလဲကွယ့် ... မောင်ထွန်းဇော်"

"သင်းနန္ဒာလို့ခေါ်ပါတယ် ဦးကြီးမာဃ ... ငယ်စဉ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



က သံယောဇဉ်ကြီးပြီးတော့ ချစ်သူတွေဖြစ်သွားကြတာပါ ... နန္ဒာက ကျွန်တော့်ကိုသိပ်ချစ်ပါတယ် ... ကျွန်တော်ကောလိပ်ကျောင်းအောင်ရင် လက်ထပ်ကြဖို့ နန္ဒာရဲ့မိဘတွေရော ကျွန်တော့်ရဲ့မိဘတွေပါ ပြောဆိုထားပြီးသားပါ ... "

"ဩော် ... ဒီလိုကိုး ... ဒါဆို ခု မောင်ထွန်းဇော်တို့ ချစ်သူနှစ်ယောက်က တစ်ယောက်တစ်ရွာဆီ ကန္နရီချောင်းချားပတ်ပျိုးလို ဖြစ်နေတာပေါ့ကွာ ဟား ဟား"

"အဲဒီအတိုင်းပါပဲ ဦးကြီးမာဃရာ ... "

ထွန်းဇော်လည်း မချိသွားဖြဲရယ်မောမိလေသည်။ ဦးမာဃသည် ထွန်းဇော်အားကြည့်လျက် ...

"အဟဲ ... ဦးတို့လည်း မင်းတို့ခြံကြီးထဲက ဝိညာဉ်တွေ ဖရလောကသားတွေအကြောင်း ပြောရင်းက ရည်းစားဘက်စကားလမ်းကြောင်းလွဲသွားတယ် ... ဒါထက် မောင်ထွန်းဇော်ကိုမေးရဦးမယ် ... ငါတူ အဲဒီအိမ်ကြီးထဲမှာ ဘာထူးခြားမှုမှ မတွေ့တာ သေချာပါတယ်နော် ... တွေ့ရင်ကြုံရင် ဦးကြီးကို ထူးဆန်းတာမှန်သမျှ ပြောပြစမ်းပါ ... ဦးကြီးက ဝိညာဉ်တို့ တစ္ဆေသရဲတို့ဆို အရမ်းစိတ်ဝင်စားတယ်ကွ ... ဟဲ ဟဲ"

"ထွန်းဇော် ကြုံတာကတော့ အိပ်မက်ပဲ ဦးကြီးမာဃ ... ထူးဆန်းတဲ့အိပ်မက်တွေတော့ မက်တယ်ဗျ"

"အိပ်မက်ဟုတ်လား ... "

ထွန်းဇော်၏စကားကြောင့် ... ဦးမာဃ၏မျက်ဝန်းတွေ အရောင်ရှင်းလက်လာလေသည်။ ချက်ချင်းပင် ထွန်းဇော်အား ...

"မောင်ထွန်းဇော် မက်တဲ့အိပ်မက်ဆန်းတွေ ဦးလေးကို ပြောပြပါလား"



"ဒီလိုပါ ဦးလေး ... "

ထွန်းဇော်သည် သူ ပထမဦးဆုံးစတင်မက်သော အိပ်မက်ကနေ နောက်ဆုံးမက်ခဲ့သည့်အိပ်မက်ဆိုးကြီးအထိ စီကာပက်ကုံး ပကတိအတိုင်း ဦးမာဃကိုပြောပြလိုက်လေသည်။ အထူးအဆန်းတွေဆိုလျှင် စိတ်ဝင်စားသည်ဆိုသော ဦးမာဃကြီးသည် ထွန်းဇော်အိပ်မက်တွေအကြောင်း ပြောပြနေစဉ် သူ၏သေးငယ်ကျဉ်းမြောင်းသော မျက်ဝန်းတွေ တစ်ခါတရံ လေးနက်ငြိမ်သက်သွားလိုက်၊ တစ်ခါခါ အရောင်တွေတဖျတ်ဖျတ်လက်လျက် စူးရှလာလိုက် ဖြင့် ထွန်းဇော်စကားဆုံးသည်ထိ နားထောင်နေလေသည်။ ဦးမာဃကြီးသည် ထွန်းဇော်ပြောပြနေသော အိပ်မက်ကို လွန်စွာစိတ်ဝင်တစားနားထောင်နေ၏။

ကျွန်တော် စကားဆုံးသောအခါမှ လှစ်ခနဲပြုံးရယ်လျက်က ...

"မောင်ထွန်းဇော်မက်တဲ့အိပ်မက်က သိပ်ကိုဆန်းကြယ်တဲ့အိပ်မက်တွေပဲ ... "

"ဟုတ်ကဲ့ ... ကျွန်တော်လည်း ... အဲလိုပဲထင်တယ် ဦးကြီး"

ခဏအကြာ ဦးမာဃသည် စကားစပြတ်ဟန်ဖြင့် ...

"ကဲ ... နေလည်းအတော်မြင့်နေပြီ မောင်ထွန်းဇော်၊ ဦးကြီးလည်း မြို့ပေါ်ကို ကိစ္စတစ်ခုရှိလို့သွားရဦးမယ် ... တစ်မျိုးမထင်ပါနဲ့ ... ဩော် ... ဒါထက် မောင်ထွန်းဇော်တို့ ကောလိပ်ကျောင်းတွေက ဘယ်တော့ပြန်ဖွင့်မှာလဲကွယ်"

"ရှေ့လဆိုရင် ပြန်ဖွင့်ပြီ ဦးကြီးမာဃ ... ကျွန်တော်ကျောင်းသွားတက်နေတုန်း ကျွန်တော့်မိဘတွေကို ဦးကြီးပဲ ကြည့်

www.burmeseclassic.com



ရှုစောင့်ရှောက်ပေးပါခင်ဗျာ ... ''

ထွန်းဇော်သည် သူ မြို့ပေါ်ရှိ ကောလိပ်ကျောင်းဖွင့်၍သွားလျှင် ကျန်ရစ်ခဲ့မည့်မိဘနှစ်ပါးအား ကြည့်ရှုစောင့်ရှောက်ရန် ခြိမ်းချင်း ဦးမာဃအား ပြောလိုက်၏။ ဦးမာဃသည် ပျာပျာသလဲပင်

"ဟာ ... စိတ်ချပါ မောင်ထွန်းဇော်ရာ ... ဦးကြီးနဲ့မင်းက ခင်မင်နေတာပဲ ... စိတ်ချပြီးသွားပါကွာ ... ကဲ ဦးကြီးသွားဦးမယ်''

ယင်းနောက် ဦးမာဃသည် ထွန်းဇော်အား နှုတ်ဆက်ကာ လှမ်းထွက်သွားလေတော့၏။ ထွန်းဇော်လည်း ရွာတွင်းသို့ ပြန်ခဲ့လေသည်။



BURMESE CLASSIC

အခန်း (၇)

## လျှို့ဝှက်မှတ်တမ်းတစ်ခု

"ဟော ... ဖေဖေ"

ထွန်းဇော်သည် သူ၏စာကြည့်ခန်းတွင်းသို့ လှမ်းဝင်လာသော ဖခင်ဖြစ်သူကို ရုတ်တရက်မြင်လိုက်ရသဖြင့် အံ့ဩသွားရလေသည်။ ဦးထွန်းမြတ်သည် အခန်းတွင်းသို့ လှမ်းဝင်လာသဖြင့် ထွန်းဇော်သည် ဖခင်ထိုင်ရန် ထိုင်ခုံပြင်ဆင်ပေးလိုက်၏။ ဦးထွန်းမြတ်က ထွန်းဇော်၏စာကြည့်ခန်းသို့ လာခဲ့သည်။ ထွန်းဇော်၏ မိဘနှစ်ပါးမှာ အပေါ်ထပ်တွင်နေကြပြီး ထွန်းဇော်ကမူ လွတ်လပ်စွာနေချင်၍ အောက်ထပ်၌နေလေသည်။

"သားကို ဖေဖေပြောစရာရှိလို့လာခဲ့တာ"

"ဟုတ်ကဲ့ ... ဘာများလဲဖေဖေ"

ဖခင်ဖြစ်သူထံမှ ပြောစရာစကားရှိသည်ဆို၍ ထွန်းဇော် ဘာများပြောမည်လဲဟု နားစွင့်မိလေသည်။

"အင်း ... ဒီအကြောင်းတွေကိုတော့ ဖေဖေ သားကို ပြောပြဖို့ချင့်ချိန်နေတာကြာပြီ ... ပြီးတော့ ဖေဖေ သိထားတာ



www.burmeseclassic.com

www.burmeseclassic.com



တွေကလည်း ပုံပြင်ဒဏ္ဍာရီဆန်လွန်းတယ်လို့ ဖေဖေယုံကြည်လို့ မပြောခဲ့တာပဲ၊ ဒါပေမဲ့ သား ဟိုတစ်ရက်က ဖေဖေ့ကိုပြောပြတဲ့ အိပ်မက်အကြောင်းအရာတွေရယ်၊ ဖေဖေသိထားတာတွေရယ်ဟာ တစ်နည်းတစ်ဖုံ ဆက်နွယ်နေလိမ့်မယ်လို့ ဖေဖေယူဆလို့ ခုလိုဖွင့်ပြောရတာပဲ၊ ဖေဖေတို့ ဒီအိမ်ကြီးကို အလကားနီးပါးပိုင်ဆိုင်ခဲ့ရတယ်ဆိုတာတော့ သားသိတယ်နော်"

"ဟုတ်ကဲ့ဖေဖေ သိပါတယ်"

ထွန်းဇော်ဖြေလိုက်၏။ ဦးထွန်းမြတ်သည် ခေါင်းတစ်ချက်ညိတ်ရင်း ...

"ဖေဖေတို့ရဲ့ ဒီနှစ်ဆောင်ပြိုင် အိမ်ကြီးပိုင်ရှင်ဖြစ်တဲ့ ဦးကာလူးနဲ့ ဒေါ်ဆယ်ဆိုတဲ့ အဘိုးကြီးလင်မယားက မားပြတွေ သတ်လို့သေတယ်ဆိုတာ သားသိပြီးသားနော် ... ဖေဖေတို့ဒီအိမ်ကြီးကိုစပြီး ပြောင်းရွှေ့လာတော့ အိမ်ကြီးကိုရှင်းလင်းပြီး သုံးရက်လောက်အကြာမှာ အိမ်ရှင်အဘိုးကြီးလင်မယားရဲ့ အခန်းထဲက ဟောဒီမှတ်တမ်းလေးကို ထူးဆန်းစွာရလိုက်တယ်သား"

"ဟင် ... "

ဦးထွန်းမြတ်သည် ထွန်းဇော်၏ရှေ့သို့ အနက်ရောင်သားရေဖုံးကလေးနှင့် မှတ်တမ်းစာအုပ်လေးတစ်အုပ်အား ချပေးသည်။ ထွန်းဇော် အံ့အားသင့်သွားရ၏။ ဦးထွန်းမြတ်က ဆက်၍ ...

"အဲဒီစာအုပ်လေးကို အခန်းရှင်းရင်းနဲ့ အဘိုးကြီးအဘွားကြီးရဲ့ခေါင်းအုံးထဲကနေ မမျှော်လင့်ဘဲ ရရှိခဲ့တာဆိုပါတော့ ... ပထမတော့ ဖေဖေလည်း လွှင့်ပစ်ပြီးမီးရှို့မလို့ပဲ ... နောက်မှ စူးစမ်းချင်တာနဲ့ ဘာတွေရေးထားသလဲလို့ ဖတ်ကြည့်လိုက်တော့ စိတ်ဝင်စားဖွယ်ရာ ထူးဆန်းအံ့ဩဖွယ် မှတ်တမ်းလေးတစ်ခုမှန်း





ဖေဖေ သိလိုက်ရတယ်"

"ဘာတွေရေးထားလို့လဲဖေဖေ ... "

"ပြီးရင် ... သားဖတ်ကြည့်ပေါ့ ... ပထမတော့ ဖေဖေ ဒီကိစ္စကို လျှို့ဝှက်ထားမလို့ပဲ ... ဒါပေမဲ့ သားမက်တဲ့ အိပ်မက်တွေရယ် ဒီမှတ်တမ်းရယ် ... ဖေဖေတို့ကြုံတွေ့နေရတာရယ်က တစ်နည်းတဖုံဆက်စပ်နေတယ်လို့ ထင်တာနဲ့ ဖေဖေ သားကို ခုလိုဖွင့်ပြောရတာပဲ ... မှတ်တမ်းထဲက အကြောင်းအရာအချို့ကိုတော့ ဖေဖေအကြမ်းဖျင်းပြောပြမယ် ... ဒီလို သားရဲ့ ဒီအိမ်ကြီးကို ဖေဖေတို့အရင်ပိုင်ဆိုင်ခဲ့တဲ့ ဦးကာလူးဟာ တစ်ချိန်က လူဆိုးလူမိုက် ထောင်ထွက်ကြီးတစ်ယောက် ... သူဟာ ဒီနေရာမှာ အိမ်ကြီးဆောက်ပြီးလာနေတာ ကြီးမားတဲ့ ရည်ရွယ်ချက်တစ်ခုရှိတယ် ... အဲဒါကတော့ ဦးကာလူးထောင်ထဲမှာ တွေ့ကြုံခဲ့တဲ့ လူသတ်မှုကြီးမိန့်ကျသားတဲ့ ဘိုစိန်ဆိုတဲ့လူ တစ်ယောက်ဆီကနေ သတင်းအစအနသိထားတဲ့ နန်းစဉ်မှော်ဝင်ပတ္တမြားကြီးကို ရှာဖွေဖို့ပဲ ... "

"ဗျာ ... နန်းစဉ်မှော်ဝင်ပတ္တမြားကြီး ဟုတ်လား ... ဖေဖေ"

"ဟုတ်တယ်သား ... သူ့ရဲ့မှတ်တမ်းထဲမှာ အပြည့်အစုံအတိအကျရေးသားထားတယ်လေ ... အမှန်တော့ အဲဒီမှတ်တမ်းကြီးဟာ လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာကျော်လောက်က အလွန်ရှေးကျပြီး အယူသီးလွန်းတဲ့ ဒါမင်းဆိုတဲ့လူမျိုးတစ်မျိုးနဲ့ ရွာလေးတစ်ရွာအကြောင်းရေးထားတဲ့ မှတ်တမ်းပါ။ အဲဒီ ဒါမင်းဟိုးဆိုတဲ့မျိုးနွယ်စုတစ်စုဟာ အိန္ဒိယပြည် တိဘက်နယ်စပ်ကနေ ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့လာကြပြီး ဟောဒီမြေပြန့်တောင်တန်းတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



အလယ်မှာရှိတဲ့ မြေပြန့်မှာ အခြေချရွာတည်ခဲ့ကြတာပဲ၊ သူတို့ဟာ ရှေးဟောင်းနတ်ဘုရားကို ကိုးကွယ်သလို မကောင်းတဲ့မိစ္ဆာအတတ်တွေဖြစ်တဲ့ စုန်းကဝေ မှော်ပညာရပ်တွေကိုလည်း ယုံကြည်သူတွေဖြစ်တယ်''

''အဲဒီ ဒါမင်းဟိုးလူမျိုးစုတွေ ရွာတည်ပြီး သိပ်မကြာခင် သူတို့ရွာလေးကို ခရီးသွားအဘိုးအိုတစ်ဦး ရောက်ရှိလာခဲ့တယ်၊ သူဟာ ခရီးသွားရင်း ဖျားနာလာတာမို့ ဒါမင်းဟိုးလူမျိုးစုတွေက ဆေးကုသပေးပြီး ရွာစွန်မှာ သီးခြားနေထိုင်ခွင့်ပြုခဲ့တယ်ဆိုပါတော့၊ အဘိုးကြီးကလည်း သူ့ဘာသာသူ ရွာစွန်မှာ တဲလေးထိုးပြီး သီးနှံစိုက်ခင်းစိုက်ပြီးနေထိုင်ခဲ့တယ်၊ ဒါမင်းဟိုးရွာကြီးထဲမသွားသလို ဒါမင်းဟိုးရွာသူရွာသားတွေနဲ့လည်း သိပ်ပြီးမရောနှောဘူး၊ အဘိုးကြီးရဲ့နာမည်ကိုတော့ ဒါမင်းဟိုးရွာသားတွေက ဦးတာဆန်လို့သိထားကြတယ်၊ ဒါမင်းဟိုးရွာသားသုံးလေးယောက်ပဲ တစ်ခါတရံ အဘိုးကြီးရဲ့တဲကိုသွားရောက်ပြီး စကားစမြည်ပြောကြတယ်၊ အဲဒီအခါတိုင်း ထူးဆန်းတာက အဘိုးကြီးရဲ့ခါးမှာ အမြဲချိတ်ဆွဲထားတဲ့ တစ်တောင်ခန့်ရှိတဲ့ဓားတစ်ချောင်းကိုတွေ့ရကာပဲ၊ အဘိုးကြီးဟာ အဲဒီဓားမြှောင်ကို သူ့ဘဝသူ့အသက်လိုပဲ မြတ်နိုးပုံပေါ်သလို ဘယ်သွားသွား ခါးကနေမချွတ်ဘဲ ဖြုတ်ထားတယ်ဆိုတာ မရှိဘူး၊ မကြာခဏ အဲဒီဓားမြှောင်ကို သူ့ရဲ့ကြင်ယာဇနီးမယားပမာ ပွတ်သပ်ငေးမောနေတတ်တာကိုလည်း ရွာသားတွေ မကြာခဏတွေ့မြင်ရတယ် ... ''

''ထူးဆန်းတာက ဒါမင်းဟိုးရွာသားတွေဟာ မြေဆိုးမြေယောက်တွေကို နတ်မြေနဂါးတွေလို ယူဆပြီး မဆီမဆိုင် မသတ်ဖြတ်ရဲသလောက် အမွေးနံ့သာတွေ ပူဇော်ထွန်းညှိသလောက်





ဦးတာဆန်ဆိုတဲ့ အဘိုးကြီးကတော့ မြွေကိုနိုင်တယ်လို့ဆိုရမယ်၊ သူဟာ ရွာကနေ တောထဲကို နှစ်ရက်သုံးရက်ဝင်သွားပြီးရင် ပြန်လာတဲ့အခါ သူ့ရဲ့ပခြုပ်ပလိုင်းထဲမှာ မြွေစိမ်း မြွေဝါ မြွေနီတွေ လေးငါးကောင်ပါလာစမြဲပဲ၊ တစ်ခုပြောဖို့ကျန်ခဲ့တာက အဲဒီအဘိုးကြီးဦးတာဆန်က တစ်ယောက်တည်းနေပေမဲ့လည်း အမြဲတစေ ဆေးဝါးတွေဖော်ကာ အဂ္ဂိရပ်ဓာတ်လုံးထိုးတာတွေပြုလုပ်နေလေ့ရှိတယ်၊ အဲလို ထူးဆန်းတဲ့အဘိုးအိုရဲ့ နေမှုထိုင်မှုကြောင့် ရွာသူရွာသားတွေဟာ အဘိုးအိုကို ထိတ်လန့်ကြောက်ရွံ့လာခဲ့ကြတယ်''

''အထူးသဖြင့် မြွေတွေကိုဖမ်းဆီးပြီး လိုရာခိုင်းစေနိုင်တဲ့ အဘိုးကြီးတာဆန်ကို သူ့ကွယ်ရာမှာ မှော်ပညာတွေတတ်မြောက်ထားတဲ့ မှော်ဝင်မိစ္ဆာရှင်ကြီးရယ်လို့ ဟိုးစွမ်းသမုတ်ခဲ့ကြတယ်၊ ခိုဖန် လကွယ်ည မှောင်မိုက်နေတဲ့ သန်းခေါင်ယံအချိန်တွေဆို အဘိုးအိုနေတဲ့ရွာစွန်ဘက်ဆီက တောက်ပတဲ့ မီးရောင်စုံတွေ မကြာခဏ ထွက်ပေါ်လာတတ်လို့ စုန်းမီးတောက်တယ်ဆိုပြီး ကြောက်ရွံ့နေကြတာပေါ့ ... အဲ ... ဖြစ်ချင်တော့ တစ်နှစ်မှာ ဒါမင်းဟိုးရွာကလေးဟာ မမျှော်လင့်ဘဲ မိုးခေါင်တဲ့ကပ်ဘေးကြီး ဆိုက်ရောက်လာခဲ့တယ် ... ရွာမှာလည်း လူတွေက ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ မကြာခင်မှာပဲ တဖျောက်ဖျောက် သေကြကြေကြတာပေါ့ ... ရွာသူရွာသားတွေလည်း ဇော်ကြပြတ်ကြ သေကြဆိုတော့ သူတို့ရွာကို တစ်စုံတစ်ယောက်က မကောင်းတဲ့အတတ်ပညာတွေနဲ့ ပြုစားနေတာလို့ ရွာလူကြီးအပါအဝင် သံသယဝင်လာခဲ့ကြတယ်၊ အဲဒီမှာ ထူးခြားမှုက ရွာသူရွာသား ဒါမင်းဟိုးမျိုးနွယ်စုက ဒီလောက်အထိ ဒုက္ခရောက်ပြီး ထိတ်လန့်ချောက်ချားစရာ ဒုက္ခတွေပင်လယ်ဝေနေတဲ့အချိန်မှာ ရွာစွန်မှာနေတဲ့ အဘိုးတာဆန်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဘာမှမဖြစ်ဘူးတဲ့၊ အဲဒီမှာ ရွာသားတစ်ယောက်က သူတို့ တစ်ရွာလုံး ခုလို အတိဒုက္ခခေါ်ဘေးကြီးဆိုက်နေရတာ ရွာစွန်မှာ နေတဲ့ အဘိုးကြီးက သူ့ရဲ့မကောင်းတဲ့ မှော်မိစ္ဆာမကောင်းဆိုးဝါး အတတ်တွေနဲ့ စီရင်တာလို့ပြောတော့ နဂိုကမှ ဦးတာဆန်အပေါ် မှော်မိစ္ဆာရှင်ကြီးဆိုပြီး ကြောက်ရွံ့ထိတ်လန့်နေကြတဲ့ ဒါမင်းဟိုး ရွာသားတွေဟာ ဒေါသပေါက်ကွဲပြီး အဘိုးကြီးကို သတ်မယ်ဖြတ် မယ်ဖြစ်ကြတယ်''

''အဲဒီနောက်မှာ ရွာလူကြီးနဲ့ရွာသားတွေဟာ မကောင်း ဆိုးဝါးမှော်မိစ္ဆာရှင်ကြီးဖြစ်နေတဲ့ အဘိုးကြီးကို ကားစင်တင် စတေးပစ်မှသာ သူတို့တစ်ရွာလုံး အသက်ရှင်ကြမယ်လို့ ယုံကြည် ပြီး လပြည့်ညတစ်ညမှာ အဘိုးကြီးကို အလစ်အငိုက်ဖမ်းပြီး စတေး ပစ်ကြဖို့ကြံစည်တယ် ... အဲလို တစ်ရွာလုံး မိန်းမတွေ ကလေး တွေ တဖြုတ်ဖြုတ်သေကြေနေတဲ့ ဝမ်းရောဂါဘေးကြီးက လွတ် ကင်းဖို့ မှော်မိစ္ဆာရှင်ကြီး အမြဲခါးမှာချိတ်ဆွဲထားတဲ့ ဓားမြှောင်မှာ မိစ္ဆာနိုင်ဂဏန်းအက္ခရာတွေရေးထိုးပြီးမှ ရမယ်လို့ ဘယ်လိုယူဆ ကြတယ်၊ နောက်ဆုံး အဲဒီညမှာပဲ ရွာကနေ တမျှော်လောက်ဝေး တဲ့ တောင်ကုန်းမြင့်လေးပေါ်က မြေပြန့်ကွင်းကြီးထဲမှာ ရွာလူကြီးနဲ့ ရွာသားတွေ အဲဒီတာဆန်ဆိုတဲ့ မှော်မိစ္ဆာရှင်အဘိုးကြီးကို မှော်ဝင် ဓားနဲ့ နှလုံးသားကိုထိုးစိုက်ပြီးအဆုံးစီရင်ခဲ့တယ်''

''ဟင် ... ဖေဖေ ... အဲ ... အဲဒီအဖြစ်က ကျွန်တော့်အိပ်မက်တွေနဲ့ ... ''

ထွန်းဇော်သည် ဖခင်ဖြစ်သူ တရှည်တလျားကြီးပြော နေတာကို စိတ်ပါဝင်စားစွာနားထောင်နေရင်းမှ အံ့ဩလာရလေ သည်။ ထို့ကြောင့် အလျင်အမြန်ဝင်ပြောလိုက်၏။





''နားထောင်ပါဦးသား ... ဖေဖေ့စကားမဆုံးသေးဘူး''

''ဟုတ်ကဲ့ ဖေဖေ ... ''

''အဲဒီနောက် မှော်ဆရာအဘိုးကြီးဟာ မချိမဆန့်သေဆုံး သွားတယ်ဆိုပါတော့ ... သေသွားတဲ့ မှော်မိစ္ဆာရှင်ကြီးရဲ့ အလောင်းကို ကြိုတင်အသင့်တူးထားတဲ့ မြေအောက်ကျောက်ဂူကြီး ထဲ ထည့်သွင်းမြှုပ်နှံလိုက်ကြတယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဘိုက်ဆိုင်သူ ပဒ္ဒါန်းဆက်ပုဂ္ဂိုလ်တစ်ဦးသီးက အဲဒီမှော်မိစ္ဆာရှင် အဘိုးကြီးရဲ့နှလုံးသားမှာ စိုက်နေတဲ့ မှော်ဝင်ဓားကို နုတ်ယူခဲ့မိ ရင် အဘိုးကြီးတာဆန်ဟာ သေလွန်ရွာကနေ ပြန်လည်နိုးထပြီး ကလဲ့စားချေမှာဆိုတာပဲ''

''ဆိုးဝိန်ဆိုတဲ့ သေဒဏ်သေမိန့်ချခံရတဲ့ အကျဉ်းသားဆို တာ တစ်ချိန်တုန်းက အဲဒီဒါမင်းဟိုး လူမျိုးနွယ်စုတနေ ပေါက်ပွား လာတဲ့ လူတစ်ယောက်ပဲ ...၊ တစ်ခုကျွန်ရစ်ခဲ့တာက အဲဒီမှော် ဝင်ဓားရဲ့ လက်ကိုင်အရိုးထဲမှာ ရည်သူမှမသိတဲ့ အရည်အသွေး ကောင်းပြီး တန်ဘိုးကြီးမားလှတဲ့ နှန်းစဉ်ပတ္တမြားကြီးနဲ့ ပတ္တမြား တွေလျှို့ဝှက်ထည့်သွင်းခဲ့တယ်ဆိုတာကိုပဲ၊ ဒါကို ဆိုးဝိန်တို့ရဲ့ ဘေးတော်တဲ့ ဒါမင်းဟိုးရွာသားကြီး ဝေမန်းဟာ တစ်ညမှာ အဘိုး ကြီးရဲ့တဲကိုသွားလို့ မှော်မိစ္ဆာရှင်အဘိုးကြီး အဲဒီအရည်တောက်ပြီး ဝင်းလက်နေတဲ့ ပတ္တမြားတွေထုတ်ယူပြီးကြည့်နေတာကို ချောင်း ကြည့်ပြီး မြင်ခဲ့ရတာလေ ... သူကလွဲလို့ အခြားဘယ်သူမှ အဲဒီလျှို့ဝှက်ချက်ကိုမသိကြဘူးတဲ့ ... တစ်ခါတရံ လမိုက်ရက် တွေမှာ ရွာစွန်က မှော်မိစ္ဆာရှင်အဘိုးကြီးရဲ့ တဲလေးကနေ အနီ ရောင် အစိမ်းရောင် အလင်းတွေဖြာထွက်လာတာ အဲဒီပတ္တမြား ကြီးကြောင့်လို့ ဝေမန်းတစ်ယောက်ပဲသိတယ်၊ ဒါပေမဲ့ သူလည်း



www.burmeseclassic.com

www.burmeseclassic.com



သေသည်ထိ ယူမသွားနိုင်ခဲ့ဘူး''

''တကယ်တော့ အဘိုးကြီး ဦးကာလူးဟာ အဲဒီသတင်း အစအနနဲ့ ဟောဒီနေရာမှာ အိမ်ကြီးဆောက်ပြီး နန်းစဉ်မော်ဝင်ပတ္တမြားကြီးကို ရှာဖွေဖို့ ကြိုးစားနေရင်း ဓားပြသတ်လို့သေခဲ့ရတာပဲ၊ အဲဒီမှာ မှတ်တမ်းဟာဆုံးသွားတယ်သား၊ မှတ်တမ်းထဲက ရက်စွဲအရဆိုရင် သူတို့မသေဆုံးခင် တစ်ပတ်အလိုမှာရေးခဲ့တာလို့ပဲဆိုရမယ် ... တကယ်တော့ ဒီနေရာကြီးဟာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ရာလောက်က ဒါမင်းဟိုးလူမျိုးတွေ ရွာတည်ခဲ့ကြတဲ့ နေရာလို့ သူ့ရဲ့မှတ်တမ်းထဲမှာ ဆိုထားတယ်''

ဦးထွန်းမြတ်သည် သူ၏စကားကို အဆုံးသတ်လိုက်၏။ ထွန်းဇော်သည် သူ မကြာခဏမက်တတ်သော အိပ်မက်များဖြင့် ခင်ပြောပြနေသော ဦးကာလူး၏မှတ်တမ်းထဲမှ အဖြစ်အပျက် အကြောင်းအရာတို့သည် ထပ်တူလာရောက် တူညီနေသည်ကို အံ့ဩနေမိလေသည်။ ထို့ကြောင့် ...

''ဆန်းကြယ်လွန်းလိုက်တာ ဖေဖေရာ ... ဖေဖေပြောပြတဲ့ မှတ်တမ်းထဲကအဖြစ်အပျက်တွေနဲ့ ကျွန်တော့်အိပ်မက်တွေ ထပ်တူကျနေတာ ထူးဆန်းတယ် ... ဒါဆို ဖေဖေကလည်း ဒီမှတ်တမ်းအရ နန်းစဉ်မော်ဝင်ပတ္တမြားတွေကို ရှာဖွေမယ်လို့ ဆုံးဖြတ်ထားသလား''

''အဲဒါကြောင့် ဖေဖေက ပန်းသဇင်ရွာကို စွန့်ခဲ့တာလေ သား - ဒါပေမဲ့ ဖေဖေ အဲဒီပတ္တမြားကြီးကို ရှာဖွေနေတာ အတ္တသောဘ၊ မတော်မတရား ကိုယ်ကျိုးသုံးစွဲဖို့ စိတ်မပါဘူး၊ အဲဒီမော်မိစ္ဆာရှင် ဦးတာဆန်ဆိုတဲ့အဘိုးကြီးရဲ့အုတ်ဂူသင်္ချိုင်းနေရာကို သာ ရှာတွေ့ရင် ပတ္တမြားတွေယူပြီး သာသနာရေးနဲ့လူမှု ပရဟိတ





တွေကို လှူဒါန်းလိုတဲ့စိတ်ကြောင့်ပဲသား''

''ဒီကိစ္စတွေ မေမေရောသိသလားဖေဖေ''

''အင်း ... ဖေဖေ အစအဆုံး ပြောပြထားလို့သိပါတယ် ... မယဉ်နွယ်ကလည်း သဘောတူပါတယ် ... ခက်တာက ဖေဖေ ကြိုးစားနေတာ ခုချိန်ထိ ဘာလက်စလက်နမှ ရှာမတွေ့သေးတာပဲ ... ခုလည်း သားက အိပ်မက်ဆန်းတွေ မက်လို့ရယ် ... မကြာခင် မြို့မှာကျောင်းသွားတက်ရတော့မှာမို့လို့ ဖေဖေကသိအောင် ဖွင့်ပြောလိုက်တာပဲ ... သားကလည်း သိထားသင့်တယ်ထင်လို့လေ''

''ကျေးဇူးတင်ပါတယ် ဖေဖေ ... သားနောက်ဆုံး မက်ခဲ့တဲ့အိပ်မက်အတိုင်းဆိုရင် အဲဒီမော်ဝင်ပတ္တမြားအဘိုးအိုကို မြှုပ်နှံထားတဲ့ကျောက်သင်္ချိုင်းဂူကြီးဟာ သားတို့ခြံမြေတစ်နေရာရာမှာ ရှိမှာသေချာတယ် ... ဘာလို့ဆို အိမ်ကြီးရဲ့တစ်နေရာမှာ လျှို့ဝှက်ချက်ရှိတယ် ... တွေ့အောင်ရှာလို့ အိပ်မက်ထဲမှာ ပြောသွားခဲ့တာ ဖေဖေ ... ''

''သားက ဘယ်နေရာလို့ထင်သလဲ''

သားဖြစ်သူအား ဦးထွန်းမြတ်က မေးလိုက်၏။ ထွန်းဇော်သည် သက်ပြင်းတစ်ချက်ရှိုက်လိုက်ရင်း ...

''ရှာကြည့်ရမှာပေါ့ ဖေဖေရာ ... ထွန်းဇော်တို့နဲ့ထိုက်ရင် တွေ့ကိုတွေ့ရမယ်လို့ ထွန်းဇော်ယုံကြည်တယ် ... ဒါပေမဲ့ ကျွန်တော်က ရှေ့တစ်ပတ်ဆို မြို့ကိုသွားရတော့မှာ''

''ဖေဖေ ဆက်ပြီးကြိုးစားရှာဖွေမှာပေါ့သားရာ ... သားသား ပညာရေးကို မလစ်ဟင်းစေဘဲ ကြိုးစားပါ ... သားဘွဲ့ရရင် မြန်မြန်ရမှ သင်းနန္ဒာလေးနဲ့ မြန်မြန်နီးရသလို ဖေဖေနဲ့မင်းမေမေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရွှေမချောလေး ချက်ပြုတ်ကျွေးမွေးပြုစုတာကို မြိန်မြိန်ခံစား ရမှာလေ မဟုတ်ဘူးလား ...”

“ဟာ ... ဖေဖေကလည်းဗျာ”

“ဟား ... ဟားဟား ... ဟားဟား”

ကျွန်တော်၏ ရှက်ရွံ့ပြောသံ ... ဖခင်ဖြစ်သူ ဦးထွန်းမြတ်၏ နှစ်ခြိုက်သဘောကျစွာ တဟားဟားရယ်မောသံဝါဝါကြီး က အိမ်ကြီးထဲ လွှမ်းခြုံသွားတော့သတည်း။

⌘



အခန်း (၈)

# ကြေကွဲချိန်ဆည်းဆာ

“ထွန်း”

“ပြောလေ နန္ဒာ”

ထွန်းဇော်သည် သူ့အား တိုးယဲ့ယဲ့လေးခေါ်လိုက်သည့် ညိုးပျော့ကြေကွဲဝမ်းနည်းနေသည်ကို ထွန်းဇော် ခံစားနားလည် မိလေသည်။ ချစ်ရသူအား အားပေးနှစ်သိမ့်သည့် သဘောဖြင့်

“ပြောလေ နန္ဒာ ... နန္ဒာဘာပြောမလို့လဲဟင်”

“ထွန်းရယ် ... မေမေ့ရဲ့ရောဂါက ရုတ်တရက်ကြီး ဖောက်လာလို့ နန္ဒာ ဒီနှစ်ကျောင်းတက်ဖို့ကိစ္စ ဖျက်လိုက်ရတာ၊ နန္ဒာတစ်ယောက်တည်း ရွာမှာကျန်ရစ်ခဲ့ရတာကိုတွေးပြီး ဝမ်းနည်း နေမိတာပါ ... ထွန်းကတော့ ပျော်နေမှာပေါ့နော် ... မြို့ကို မနက်ဖြန်သွားရတော့မယ်ဆိုတော့”

“နန္ဒာရယ် ... ကိုယ့်ရဲ့ရင်ထဲကိုလည်း ဝင်ကြည့်ပါဦး နန္ဒာမပါဘဲ ကောလိပ်ကိုသွားရမှာ တို့အတွက် ကန္တာရကြီးတစ်ခု ကို ဖြတ်သန်းသွားရမလိုပဲ၊ ထို့ဘေးမှာ နန္ဒာက အဆိုးကလေးလို



www.burmeseclassic.com

www.burmeseclassic.com



ရှိနေကျလေ၊ ဒါပေမဲ့ တို့ရွာကို မကြာမကြာပြန်လာမှာပါ၊ နန္ဒာ မပူပါနဲ့ ... ”

“န ... နန္ဒာလေ ထွန်းကို စိတ်မချဘူး အဟင့်ဟင့်”

“နန္ဒာကလည်းကွာ ... မျက်ရည်က ဘာလို့ကျလာရပြန်တာလဲ ... တော်ကြာ ဦးလေးနဲ့ဒေါ်လေးတွေ့သွားလို့ စိတ်မကောင်းဖြစ်နေပါဦးမယ် ... ”

ထွန်းဇော်၏စကားကြောင့် သင်းနန္ဒာသည် ရစ်ဝဲလာသော မျက်ဝန်းအိမ်တံခါးမှ မျက်ရည်ကြည်တို့ကို သုတ်ပစ်လိုက်၏။ သို့သော် သူမ၏ဝင်းမွတ်သန့်စင်သည့် မျက်နှာပြင်လေးမှာ အငိုရောင်ယှက်သန်းနေဆဲ။

မနက်ဖြန်ဆိုလျှင် ထွန်းဇော် မြို့သို့ ကျောင်းတက်ရန်သွားရပေတော့မည်။ သင်းနန္ဒာကမူ ကောလိပ်သို့မလိုက်ဖြစ်တော့ပါ။ လွန်ခဲ့သော သုံးလေးရက်ခန့်ကမှစ၍ သင်းနန္ဒာ၏ မိခင်ဖြစ်သူ ဒေါ်သင်းမြတ်၏ ရင်ကျပ်ပန်းနာရောဂါက ပြန်ထလာလေသည်။ သင်းနန္ဒာတို့သည် ထွန်းဇော်တို့ကဲ့သို့ပင် မိသားစုသုံးဦးတည်းသာ ရှိလေသည်။ ဒေါ်သင်းမြတ်သည် ရောဂါဖြစ်သည်နှင့် အိပ်ရာထက် ပုံခနဲလဲကျသွားလေတော့၏။ ချက်ချင်း ဆေးဝါးတွေဖြင့် ကုသရလေသည်။

နေမကောင်း၍ အသက်ရှူကျပ်မောပန်းနေသည့်ကြားက ဒေါ်သင်းမြတ်သည် သမီးဖြစ်သူအား ကောလိပ်ဆက်တက်ရန် အကြိမ်ကြိမ် တိုက်တွန်းလေသည်။ ဖခင်ဖြစ်သူ ဦးရွှေမောင်ကပါ တိုက်တွန်း၏။ သို့သော် သင်းနန္ဒာကမူ တွင်တွင်ခေါင်းခါကာငြင်းဆန်လေသည်။

“ဟင့်အင်း မဖြစ်ပါဘူးဖေဖေရယ် ... အမေ့ကျန်းမာ





ရေးက သမီးရဲ့ပညာရေးထက်ပိုပြီး အရေးကြီးပါတယ် ... ပညာဆိုတာ ဘယ်အချိန်သင်ယူယူရတယ်အဖေ ... အမေ သမီးရဲ့ မျက်ကွယ်မှာ တစ်ခုခုဖြစ်သွားရင် နန္ဒာစာစ်သက်လုံး ကြေကွဲရမှာ၊ နောက်ပြီး စားရေးသောက်ရေးနဲ့ ချက်ပြုတ်ကျွေးမွေးဖို့က နန္ဒာ မရှိလို့ မဖြစ်ဘူး”

“ရွာထဲက တစ်ယောက်ယောက်ခေါ်ခိုင်းရင် ဖြစ်ပါတယ် သမီးရယ် ... အဖေက သမီးလေးရဲ့အနာဂတ်နှောင့်နှေးသွားမှာ စိုးလို့ တိုက်တွန်းနေတာပါ ... ”

ဖခင်ဖြစ်သူ၏စကားသည် သူမဘွဲ့ရရှိမှသာ လက်ထပ်မည်ဟူသော သူမနှင့်ထွန်းဇော်၏လက်ထပ်ပွဲအား ရည်ရွယ်၍ပြောမှန်း သင်းနန္ဒာ ရိပ်စားမိလေသည်။ သို့သော် အဖေမည်သို့ပင် တိုက်တွန်းတွန်း သင်းနန္ဒာသည် မိခင်ဖြစ်သူ၏ကျန်းမာရေးသည် အဓိကဟုခံယူပြီး ယခုနှစ်ကောလိပ်ကျောင်း မတက်တော့ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထိုအခြေအနေတွေကို တစ်နေ့ကမှ ရွာသို့ ပြန်ရောက်လာသည့် ထွန်းဇော်သည် သိရှိသွားခြင်းဖြစ်သည်။ ဒေါ်သင်းမြတ် ရင်ကျပ်ပန်းနာ ပြန်လည်ထနေမှန်းသိသည်နှင့် ဆေးဝါးဓာတ်စာများအား ပုလဲမြို့ရွာသို့ တစ်ဖန်ပြန်ကာ သွားခယ် လေသည်။

ယခု ဒေါ်သင်းမြတ် ခဏအိပ်ပျော်နေခိုက် ထွန်း[illegible]
သင်းနန္ဒာ ခြံပိုင်းတွင်းရှိ မရမ်းပင်ကြီးအောက်ရှိ ကွပ်ပျ[illegible]
ထိုင်နေခြင်းဖြစ်သည်။ ယခုနှစ် သင်းနန္ဒာ ကော[illegible]
ရ၍ မည်မျှ စိတ်မကောင်းဖြစ်နေမည်ကို ထွန်း[illegible]
အမှန်ဆုံးပြောရပါလျှင် ထွန်းဇော်လည်း သင်[illegible]
မခွဲချင်ပါ။ ဖြစ်နိုင်လျှင် တစ်ခါက သင်းနန္ဒာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်း စိတ်ထင်ရာ ခိုးပြေးသွားလိုက်ချင်သည်။ ထွန်းဇော်ဤမျှထိ သူမအားချစ်သည်။ မြတ်နိုးလှပေသည်။

ယခုတော့ ကံကြမ္မာသည် သူတို့နှစ်ဦးသား၏ကြားသို့ လေပြေလေးသဖွယ် ရောက်ရှိလာလေပြီ။ မည်သူ့ကိုမျှ အပြစ်ပြောစရာမရှိ၍ ထွန်းဇော်၏စိတ်တွေလည်း ညစ်ညူးနေပေ၏။

"ထွန်း ... "

"ဘာလဲ နန္ဒာ"

"မြို့ကိုရောက်ရင် နန္ဒာက ရွာမှာကျန်ရစ်ခဲ့တယ်ဆိုပြီး လုပ်ချင်တာတွေလုပ်မနေနဲ့ဦးနော် ... ထွန်းတစ်ခုခုသတင်းကြားရင်းတော့ နန္ဒာကိုယ်တိုင် မြို့ပေါ်လိုက်လာမှာသိလား"

"လိုက်လာပြီး ဘာလုပ်မှာလဲနန္ဒာရဲ့"

"အို ... ထွန်း ဘာတွေလုပ်နေသလဲ၊ ကောင်မလေးတွေနဲ့ စားသောက်ဆိုင်ထိုင်နေသလား၊ ကျောင်းစာတွေလုပ်နေသလား ကြည့်ရမှာပေါ့လို့"

"နန္ဒာ ခြေညောင်းရုံပဲရှိမှာပေါ့"

"ဘာလို့ ... "

"တို့က ကျောင်းကိုရောက်တာနဲ့ အိပ်ဆောင်ခန်းထဲ နေ့ရောညပါမထွက်တော့ဘူးလို့ စဉ်းစားပြီးသား ... တစ်ပတ်တစ်ခါကျောင်းပိတ်ရက်ဆိုရင် ရွာကိုအပြေးပြန်လာမယ်"

"ဟင် ... မဖြစ်နိုင်တာ အလကား"

ပန်းသခင်ရွာဖြင့် ထွန်းဇော်ကောလိပ်ကျောင်းတည်ရှိရာ ခရိုင်မြို့ကြီးသည် တစ်ရက်နှင့်တစ်နေ့ သွားရသောခရီးဖြစ်သည်။ သင်းနန္ဒာ၏ မယုံသလိုစကားကြောင့် ထွန်းဇော်သည် ခစ်ခနဲပြုံးလိုက်၏။ ပြီးတော့ ...





"ဘာလဲ နန္ဒာက တို့စကားကိုမယုံလို့လား"

"ထွန်းပဲ စဉ်းစားကြည့်လေ ရွာနဲ့မြို့က မိုင်နှစ်ရာလောက်ကွာတာကို ဘယ်လိုလုပ်ပြန်လာလို့ရမလဲ"

"အဟင်း ... နန္ဒာကလည်း နန္ဒာပြောသလိုဆိုရင် ဘယ်ပြန်လာလို့ရမလဲ ... ဒါပေမဲ့ တို့က အိပ်မက်နဲ့ပြန်လာမှာလေ ... တို့ရဲ့နှလုံးသားထဲက မနောလိပ်ပြာလေးလွင့်ပြီး အိပ်မက်တွေအဖြစ်နဲ့ နန္ဒာထံကို နေ့ရောညပါ ပြန်လာမှာကိုပြောတာလေ နန္ဒာရဲ့ ... "

"ထွန်းနော် စကားတတ်တိုင်း ဟွန်း"

"နန္ဒာကို တို့အရမ်းလွမ်းနေ သတိရနေမှာသေချာပါတယ် နန္ဒာရယ် ... "

"အို ... "

သင်းနန္ဒာ၏ ကိုယ်လုံးအိအိလေးသည် ထွန်းဇော်၏ရင်ခွင်တွင်းသို့ နစ်မြုပ်သွားလေသည်။ နွေးမြသော ခွဲခွာခါနီး ချစ်သူအနမ်းပွင့်များသည် သင်းနန္ဒာ၏ပါးပြင်ထက် နှုတ်ခမ်းပြင်ထက်သို့ အဆက်မပြတ် ဖော့ဝဲကြွေဆင်းလာလေသည်။

သင်းနန္ဒာငြိမ်သက်ညင်သာစွာပင် ခံယူ ရင်ခုန်နေမိသည်။ မနက်ဖြန်ဆိုလျှင် ထွန်းဇော်ဖြင့် အကြာကြီးခွဲရတော့မှာ မဟုတ်ပါလားလေ။ ကောလိပ်ကျောင်းများ ပထမတစ်ကြိမ်ဖြေဆိုပြီးလျှင်တော့ ထွန်းဇော်သည် ရွာသို့ပြန်လာပေမည်။ ထိုအခါကျမှ သေနေသမျှ ဆွေးလေသမျှ အတိုးချကာ တွေ့ရပေမည်။ ယခုတော့

"အဟမ်း ... ဟွတ် ... ဟွတ်"

"ဟော ... အမေ နိုးပြီ"

သင်းနန္ဒာသည် ချစ်ရသူထွန်းဇော်၏ ရင်ခွင်ထဲကနေ

www.burmeseclassic.com



အတင်းရုန်းဖယ်ပြေးထွက်ကာ အိမ်ကြီးဘက်ဆီသို့ ပြေးထွက်သွားလေတော့သည်။ ထွန်းဇော်ပြုံးရင် ကျန်ခဲ့လေတော့သည်။ ခဏအကြာ ထွန်းဇော်လည်း နေရာမှထကာ သင်းနန္ဒာတို့အိမ်ကြီးဘက်သို့ လှမ်းလျှောက်လာခဲ့လေတော့၏။ ဒီညနေ ရွာထဲရှိ လက်ဖွားဖြင့်မင်းလက်အား သွားရောက်နှုတ်ဆက်ရပေဦးမည်။

သင်းနန္ဒာ၏မိသားစုနှင့် ပတ်သက်သမျှ လိုအပ်တာအကူအညီပေးရန်လည်း ပြောထားခဲ့ရဦးပေမည်။

⌘



အခန်း (၉)

# မရတာလက်တံများ

တောက နက်မှောင်နေလေသည်။

မြင့်မားလှသော သစ်ကြီးဝါးကြီးများ၏ အရိပ်အာဝါသသည် နေပြောက်တစ်စမထိုးနိုင်အောင်ပင် ထူထပ်အုပ်ဆိုင်းစွာတည်ရှိနေသဖြင့် မှောင်နေခြင်းပင်ဖြစ်လေသည်။ အချိန်က မွန်းတိမ်းစပြုနေပြီဖြစ်၍လည်း နေရောင်ကဖျော့မှိန်နေလေ၏။

ယင်းသို့ နက်မှောင်သည့်တောကြီး၏ တောင်ဘက်ယွန်းယွန်း၌ တသွင်သွင်စီးဆင်းနေသော စမ်းချောင်းတစ်ခုဖြင့် သစ်ခုတ်သမားတဲတစ်လုံးရှိလေသည်။ တဲကြီးမှာ တောတွင်းရှိ သစ်များအင်ဖက်များဖြင့် ကြီးမားစွာထည်ဆောက်ထားသလို တဲတွင်း၌ လူသုံးယောက်ထိုင်နေကြလေသည်။ သူတို့၏ရှေ့၌ အရက်ပုလင်းဖြင့် အမြည်းပန်းကန်ကရှိ၏။

အရက်သောက်နေကြခြင်းဖြစ်သည်။

တစ်ယောက်က သူ၏ရှေ့ရှိ အရက်ခွက်ကို ကောက်ယူကာ ဂွပ်ခနဲ မော့သောက်လိုက်ရင်း တံတွေးတစ်ချက် ဖျစ်ခနဲ

www.burmeseclassic.com



ပစ်ထွေးကာ တဲကြီး၏ရှေ့သို့လှမ်းမျှော်ကြည့်လိုက်လေ၏။ တဲ၏ ရှေ့တည့်တည့်ကနေ ညာဘက်သို့ ယောင်ယောင်လေး ကွေ့ချိုး သွားသည့်လမ်းလေးက မပီမသလေးဖြစ်နေရ၏။

"ဆရာကြီး ဒီနေ့လာမှ လာပါ့မလားကွ"

"ဟ ... နက်တူရ ... လာမှာပေါ့ကွ ... ဆရာကြီး က ငါတို့ကို တွေ့ဖို့ အချိန်းအချက်လုပ်ပြီးရင် ဘယ်နှခါလွဲဖူးလို့ လဲ ... လာမှာပေါ့ကွာ ... မလောစမ်းပါနဲ့ အချိန်တွေရှိပါသေး တယ် ဟဲဟဲ ... "

"အေးပါ ဗလကြီးရာ ... ငါက စိတ်လောနေမိလို့ပါ။ ဒီတစ်ခါ အရေးတကြီးခေါ်ပုံထောက်ရင် ငါတို့လုပ်ရမယ့်လုပ်ငန်း က ကြီးကျယ်မယ်ထင်တာပဲ"

နက်တူဆိုသူက ဗလကြီးဆိုသူအားပြောလိုက်ကာ အရက် ထပ်ငှဲ့လိုက်ပြန်သည်။ ဗလကြီးက အမြည်းတစ်ဖတ်အား ပလုပ်ပါ လောင်းဝါးရင်း ...

"ဟားဟား အလုပ်ကြီးတော့ ငွေထုပ်လည်းကြီးတာပေါ့ ကွာ နက်တူရာ ... ငါတို့အလုပ်က အဓိကငွေများများရဖို့ပဲ မဟုတ်လား ... ချဉ်ချဉ်တူးတူးငွေရရင်ပြီးရောမဟုတ်လားကွာ၊ ဘာလဲ ... မင်းက သစ်ဆွဲလွှဖြတ်အလုပ်ကို စိတ်မကုန်သေး ဘူးလား ဟားဟား"

"ဗလကြီးကလည်းကွာ ... ငါက ဆရာကြီးအရေး တကြီးချိန်းလိုက်လို့ ခန့်မှန်းကြည့်တာပါကွ ... ဘယ်သူက ငွေမလိုချင်ရှိမလဲ ... ငွေကိုမြိုးမြိုးမျက်မျက်လေးရလို့ ဒီအလုပ်ကို လုပ်နေတာပေါ့ကွ ... "

ထိုစဉ် ဗလကြီးနှင့် နက်တူတို့စကားပြောနေသည်ကို တစ်





ချိန်လုံး မည်သည့်စကားမှ ဝင်မပြောဘဲ အရက်ဖိသောက်နေသူ က ...

"မင်းတို့ကိုပြောရဦးမယ်ကွ ... ငါတို့တတွေနဲ့အလုပ် အတူတွဲလုပ်တဲ့ ဆရာကြီးကို ငါတို့လေးငါးကြိမ်လောက်ဆုံတွေ့ ပြီးပြီ ... ဒါပေမဲ့ ဆရာကြီးဘယ်သူဘယ်ဝါဆိုတာ ငါတို့မသိတာ ခက်တယ်ကွ ... "

"မုန်တိုင်းရာ သိတော့ရော မင်းက ဘာလုပ်မလို့လဲ .. သူ့ဘာသာသူ ဘယ်သူဘယ်ဝါဖြစ်ဖြစ်ပေါ့ကွာ ... အဲဒါက ငါတို့ အလုပ်မဟုတ်ဘူး ... ငါတို့အလုပ်က ဆရာကြီး ဟောဒီမြေပြင် ပေါ်မှာ မမြင်ချင်မတွေ့ချင်ဘူးဆိုလျှင် အဲဒီလူကိုရှင်းပစ်ပေးလိုက်၊ ပြီးရင် ပိုက်ဆံယူဒါပဲ"

"ဒါပေါ့ ဒါပေါ့ကွာ ... ဒါပေမဲ့ ဆရာကြီးက ငါတို့ကိုသိ နေပြီး ငါတို့က ဆရာကြီးရဲ့ရုပ်ကို အမြဲခေါင်းစွပ်ကြီးဆောင်းထား တော့ ဘယ်သူမှန်းမသိရတာ တပန်းရှုံးတာပဲပေါ့ကွ၊ ငါတို့လုပ်ခဲ့ သမျှ ဆရာကြီးသာ ဖော်ကောင်လုပ်လိုက်ရင် တို့အားလုံးကွိခနဲပဲ၊ အဲဒါကိုပြောတာ"

မုန်တိုင်းဆိုသူ၏ စိုးရိမ်မကင်းပြောသည်ကို ဗလကြီးက မျက်ထောင့်နီကြီးဖြင့်ကြည့်ရင်း ...

"အောင်မာ မုန်တိုင်းရာ ... မင်းက လူဆိုးလူမိုက်လုပ် နေပြီး သွေးကြောင်လှချည်လား ... ငါ့ကို ကွိခနဲဆိုရင် သူပါ ကွိသွားမှာပေါ့ကွ ... ဘယ်သူမှ ကိုယ့်သေတွင်းကိုယ်မတူးဘူး ကိုယ့်လူ ... ပြီးတော့ ဒီရိုးမတောကြီးက အကျယ်ကြီး ... ဒီထိအောင် ဘယ်ပုလိပ်မှမလာဝံ့ဘူး ... ခုတောင် ငါတို့မင်းတို့ ပြစ်မှုတွေ အသီးသီးနဲ့မို့ ရွာထဲတောင်ရုပ်ဖျက်ပြီးသွားရတာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား ... ပူစရာမရှိကွာ''

''ဟော ... မြင်းခွာသံကြားတယ် ... ဆရာကြီးလာပြီ ထင်တယ် ... ''

''ဟုတ်တယ်ကွ ... ဆရာကြီးပဲဖြစ်မယ်''

သူတို့သုံးယောက်သည် ရှေ့မှာကိုယ်စီရှိသော အရက်ခွက်များအား မြိုင်တွမော့သောက်လိုက်ကြပြီး တဲရှေ့ရှိ တောလမ်းလေးထံ မြိုင်တွလှမ်းကြည့်လိုက်ကြ၏။ တောလမ်းလေးအတိုင်း ကွေ့ချိုးလေးကနေ သူတို့အတွက် မြင်ကွင်းတွင်းသို့ ဝင်လာသောမြင်းတစ်ကောင်။

မြင်းထက်ရှိလူမှာ အနက်ရောင်ရှမ်းဝတ်စုံအား ဝတ်ဆင်ထားပြီး ဦးခေါင်းကိုမူ မျက်လုံးပေါက်နှစ်ခုသာပါသည့် ခေါင်းစွပ်တစ်ထည်ဆောင်းထား၏။ သူတို့မျှော်လင့်စောင့်စားနေသော ဆရာကြီးဆိုသူပင် ဖြစ်လေသည်။

မြင်းစီးလာသူက သစ်ခုတ်တဲအဟောင်းကြီးရှေ့အရောက် မြင်းပေါ်ကနေ လွှားခနဲခုန်ဆင်းလိုက်လေသည်။ ပြီးလျှင် သစ်ခုတ်တဲကြီးပေါ်သို့ ဝါးလှေကားကနေ လှမ်းတက်လာရင်း ...

''မင်းတို့ရောက်နေတာကြာပြီလား ... ''

''နေ့လည်လောက်ကတည်းကရောက်တာ ဆရာကြီး''

ဆရာကြီးဆိုသူသည် ခေါင်းတစ်ချက်ညိတ်လိုက်လျှင် လူသုံးယောက်၏ရှေ့တွင် ဝင်ထိုင်လိုက်၏။ လူသုံးယောက်အား တစ်ယောက်စီ သေချာစွာလိုက်လံကြည့်ရင်းက ...

''မင်းတို့သုံးယောက်ကို ငါချိန်းလိုက်တာက ဒီတစ်ခါ လုပ်ကြီးတစ်ခုလုပ်ဖို့ပဲကွ၊ ငါ့လုပ်ငန်းအတွက် ငါ့မျက်စိထဲမှာ နေတဲ့လူနှစ်ယောက်ရှိတယ်၊ အဲဒီနှစ်ယောက်ကို မင်းတို့ရှင်းပစ်





ရမယ် ... အဲဒီအတွက်လည်း မင်းတို့ဝေစုမနည်းစေရဘူး။ မင်းတို့ခန့်မှန်းတာထက် ပိုရမယ်၊ သူတို့မှာစုဆောင်းထားတဲ့ ပစ္စည်းတွေလည်းရှိတယ်၊ ပြောရရင် တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့ကွာ''

''ဟာ ... ပွတာပဲ ဆရာကြီး ... သူတို့က ဘယ်မှာနေတာလဲ''

''ပုလဲမြိုင်ရွာ''

''ပုလဲမြိုင်ရွာ ဟုတ်လား ဆရာကြီး''

''အင်း ... ဟုတ်တယ် ... ပုလဲမြိုင်ရွာက ရွာစွန်တောင်ကုန်းလေးပေါ်က နှစ်ဆောင်ပြိုင်အိမ်ကြီးကိုသိတယ်မဟုတ်လား ... အဲဒီအိမ်က လူနှစ်ယောက်ပဲ ... ရော့ ဒါမင်းတို့ကြိုတင်သုံးဖို့''

ဆရာကြီးဆိုသူသည် အသင့်ယူဆောင်လာသော အထုပ်ငယ်လေးအား ဗလကြီးတို့ရှေ့ ပစ်ချပေးလိုက်သည်။ ဗလကြီးသည် အထုပ်လေးကို သွက်လက်စွာကောက်ယူလိုက်ပြီး အင်္ကျီရင်ဘတ်ထဲသို့ ထိုးသွင်းလိုက်လေသည်။ သူ၏မျက်လုံးတွေက ဝင်းပြောင်နေလျက် ...

''လုပ်ငန်းက ဘယ်နေ့စမှာလဲ ဆရာကြီး''

''လာမယ့် လကွယ်နေ့''

''စိတ်ချဆရာကြီး သတင်းကိုသာ စောင့်နားထောင်နေပါ''

ဦးခေါင်းထက်တွင် မျက်လုံးပေါက်နှစ်ပေါက်သာပါသည့် ခေါင်းစွပ်နက်ကြီးထဲကနေ ဆရာကြီးဆိုသောသူက ဗလကြီးအား ရူးရဲစွာစိုက်ကြည့်ရင်း ဆတ်ခနဲခေါင်းညိတ်လိုက်သည်။ ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



နေရာကနေ ဖျတ်ခနဲထကာ တဲအောက်သို့ခုန်ဆင်းသွားပြီး မြင်းကြီးပေါ်သို့ လွှားခနဲခုန်တက်လိုက်၏။

ပြီးလျှင် မြင်းကို ဖနောင့်တို့ကာ အပြင်းစိုင်းနှင်းသွားတော့၏။

"ခွပ် ... ခွပ် ... ခွပ်"

မြင်းကြီးဖြင့် ဆရာကြီးသည် တောတန်းလေးအဆုံး ဖျတ်ခနဲ ပျောက်ကွယ်သွားလေသည်။ ဗလကြီးသည် ပြုံးလျက် ဂုဏ်ယူဝင့်ကြွားစွာ နက်တူနှင့် မုန်တိုင်းတို့အားကြည့်လိုက်လေတော့၏။ ပြီးတော့ သုံးယောက်သား အရက်ခွက်ကို ပြိုင်တူသောက်လိုက်ကြလေတော့သည်။

ჯ



အခန်း (၁၀)

# စိညာဉ်တွေက သတ်မြစ်ခြင်း

ညက တိတ်ဆိတ်နေသည်။

လကွယ်ညဖြစ်၍လည်း ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ဝတ်ရုံကြီးက လွှမ်းခြုံထားလေသည်။ တိတ်ဆိတ်မှောင်မိုက်နေသော ခြံကျယ်ကြီးအတွင်း အမှောင်ထုအောက်၌ ညည့်ငှက်ပိုးမွှားကောင်ငယ်လေးများ၏ တစီစီအောင်မြည်သံကသာ ထွက်ပေါ်နေလေသည်။ ဦးထွန်းမြတ်သည် ပြုလုပ်နေကျ နိစ္စဒူဇအတိုင်း ဘုရားခန်းထဲကနေလှမ်းထွက်လာ၏။ ဒီနေ့ သူဘုရားဝတ်တက်တာ အချိန်အတော်ကြာသွားသည်။ ဘုရားဝတ်ပြုပြီး ဝင်လေထွက်လေ ရှုမှတ်နေစဉ် ထူးဆန်းသောအာရုံတစ်ခုကိုမြင်ရ၍ နောက်ဆုံး ပရိတ်ဖြုတ်ကာ ဘုရားခန်းတွင်းကနေ ထွက်လာခဲ့မိခြင်းဖြစ်လေသည်။

ယနေ့ည ဦးထွန်းမြတ် ဖျတ်ခနဲမြင်လိုက်ရသော နိမိတ်မှာ အိုင်ထွန်းနေသည့် အနီရောင်သွေးများပင်ဖြစ်သည်။ အာရုံထဲမှ ပျောက်လိုက်ပါသော်လည်း တဒင်္ဂမျှသာ ...

သုံးလေးကြိမ်မက အာရုံအမြင်မှာ ယင်းအနီရောင်သွေး



www.burmeseclassic.com

www.burmeseclassic.com



ပွက်အိုင်ကြီးကိုသာ တွေ့မြင်နေရသည်မို့ ဦးထွန်းမြတ် နောက်ဆုံးတရားဖြတ်လိုက်မိလေတော့၏။ ဇနီးဖြစ်သူ မယဉ်နွယ်ကမူ အိပ်ပျော်နေစပြုလောက်ပေပြီ။ ဦးထွန်းမြတ် သူတို့အခန်းနားအရောက်

"ရှပ် ... ရှပ်"

"ကလောက် ... တောက် ... တောက်"

"ဟင် ... "

ရုတ်တရက် အောက်ထပ်ဆီကနေ ခြေသံတဖျတ်ဖျတ်ဖြင့် အတူ တစ်စုံတရာအား တိုက်မိ၍ လိမ့်သွားသံကို နားကကြားလိုက်၏။ တိတ်ဆိတ်နေသောညမို့ အသံက ကျယ်လောင်သလိုထင်လိုက်ရသည်။ ဦးထွန်းမြတ် ခြေလှမ်းတုံ့သွားပြီး အသံကိုထပ်နားစွင့်လိုက်ရာ ...

"ဖျပ် ... ဖျပ်"

ရုတ်တရက် အောက်ထပ်ဆီကနေ ခြေသံတဖျပ်ဖျပ်ဖြင့် အတူ တစ်စုံတရာအား တိုက်မိ၍ လိမ့်သွားသံကို နားကကြားလိုက်၏။ တိတ်ဆိတ်နေသောညမို့ အသံကကျယ်လောင်သလိုထင်လိုက်ရသည်။ ဦးထွန်းမြတ်ခြေလှမ်းတုံ့သွားပြီး အသံကို ထပ်နားစွင့်လိုက်ရာ ...

"ဖျပ် ... ဖျပ်"

သေချာသည်။ အောက်ထပ် နောက်ဖေးမီးဖိုခန်းဘက်ဆီမှ လှုပ်ရှားသံ ခြေသံပင်ဖြစ်သည်။ ဦးထွန်းမြတ် ဘာမှစဉ်းစားမနေတော့ဘဲ လှေကားကနေတစ်ဆင့် သွက်လက်စွာဆင်းသွားမိလိုက်သည်။ သူ၏စိတ်တွင်းမှာ ဒီတစ်ခါတော့ ဝိညာဉ်တစ္ဆေကောင်အားမိအောင်ဖမ်းမည်ဟု တွေးမိ၏။

"ဟော ... "





"ဖျပ် ... ဖလပ်"

ဦးထွန်းမြတ် လှေကားခြေရင်းမရောက်ခင် အမှောင်ရိပ်တွင်းမှ အရိပ်သဏ္ဍာန်တစ်ခုမက လှုပ်ရှားသွားသလို ထင်လိုက်မိသည်။ ဦးထွန်းမြတ်သည် မှိန်ဖျဖျလေးလင်းနေသည့် အောက်လင်းမီးအိမ်ငယ်၏အလင်းအောက် ခုန သူလှမ်းမြင်သည့် အရိပ်သဏ္ဍာန်များ ပျောက်ကွယ်သွားရာ မီးဖိုခန်းဟောင်းသို့ အပြေးလှမ်းသွားလိုက်သည်။

ယင်းနေရာ၌ မည်သည်ကိုမျှ မတွေ့ချေ။

ဦးထွန်းမြတ် ဤအိမ်ကြီးသို့ရောက်ပါမှ မကြာခဏ ဝိညာဉ်နာနာဘာဝမကောင်းဆိုးဝါးတွေ အခြောက်အလှန့်ခံနေရသည်မို့ ထူးပြီးမကြောက်တော့။

ဦးထွန်းမြတ် ပြန်လှည့်ထွက်လိုက်စဉ် ရုတ်တရက် ...

"မအော်နဲ့ အော်ရင်သေသွားမယ်"

"ဟင် ... "

ရုတ်တရက် သူ၏ပါလည်ကုပ်ဘက်သို့ အေးစက်သည့် ဓား၏အထိအတွေ့ဖြင့်အတူ ခပ်အုပ်အုပ်အသံကပါ ထွက်ပေါ်လာ၍ ဦးထွန်းမြတ် ထိတ်လန့်သွား၏။ စောစောပိုင်းက သူတွေးထင်ထားသလို ဝိညာဉ်တစ္ဆေများမဟုတ်ပေ။

"မင်း ... မင်းတို့ ဘယ်သူတွေလဲ"

"ငါတို့က သေမင်းတွေပဲ ... ဘာမှဆက်မမေးနဲ့ အပေါ်ထပ်ကိုရှေ့ကသွား"

"မင်း ... မင်းတို့ ဓားပြတွေ"

"ဟုတ်တယ်၊ ခင်ဗျားဆီမှာ စုဆောင်းထားတဲ့ ရှေးဟောင်းပစ္စည်းတွေ ရွှေငွေတွေရှိတယ်ဆိုလို့ လာအလှူခံတာပဲ ကဲသွား"



www.burmeseclassic.com

www.burmeseclassic.com



ဓားပြများမှာ သုံးယောက်တိတိဖြစ်သည်။ မကြာမီ အပေါ်ထပ် သူတို့၏အိပ်ခန်းဆီသို့ ရောက်ရှိလာ၏။ ဒေါ်ယဉ်နွယ် တရေးနိုးချိန်ဖြင့် သွားဆုံနေသည်။

"ကိုထွန်းမြတ် ရှင် ဘယ်မှာလဲ"

"ဒီမှာပါ"

"ဟင် ... "

ဒေါ်ယဉ်နွယ် အထိတ်တလန့်ဖြစ်သွားစဉ် ကျန်ဓားပြနှစ်ယောက်က ဒေါ်ယဉ်နွယ်၏အပါးသို့ လျင်မြန်စွာပြေးလျှက် လက်နက်များဖြင့် မိုးထားလိုက်၏။

"အဘွားကြီး တစ်စက်မှမအော်နဲ့ ... အော်တာနဲ့သေပြီမှတ် ... ရွှေတွေငွေတွေ ဘယ်မှာလဲပေးစမ်း ... "

"အို ... မ ... မရှိပါဘူးကွယ် ... အဒေါ်တို့က ဒီ ဒီအိမ်ကြီးကို အကြွေးရစရာရှိလို့ရလိုက်တာပါ ... "

"တယ် ... ဇက်ကိုပိုင်းလိုက်ရ ... ဟော့ကောင်ရှာစမ်းကွာ ... "

ကျန်ဓားပြတစ်ယောက်သည် အခန်းတွင်းရှိ ဗီရိုများနှင့် မွေ့ရာခေါင်းအုံးအောက်တွေကိုပါ သွက်လက်စွာ လိုက်ရှာလိုက်၏။ မကြာမီ ဘူးလေးတစ်ဘူးအား တွေ့သွား၏။ ဘူးထဲမှာ ရတနာများ ...

"တွေ့ပြီကွ ... "

"အို ... အဲ ... အဲဒါတော့ မယူကြပါနဲ့ ... နင်နင်တို့ လာကြပါဦးရှင် ... ဓားပြ ... ဓားပြ လာကြပါဦး"

"ဟော ... ဒီအဘွားကြီးက ... ကဲ ... ကဲကွာတဲ့"





"အမလေး ... "

ဓားပြတစ်ဦး၏ဓားရှည်က ဒေါ်ယဉ်နွယ်၏ရင်ကို ဖောက်ထွင်းသွားပေပြီ။ ဦးထွန်းမြတ်မှာ မြင်လိုက်ရသောမြင်ကွင်းကြောင့် ဦးထွန်းမြတ်သည် သူ့အားရွယ်ထားသည့် ဓားပြအား တစ်ဟုန်ထိုးတိုက်ခိုက်လိုက်သည်။ ဓားပြမှာ ရုတ်တရက်မို့ ကြောင်အမ်းသွားစဉ် ဦးထွန်းမြတ်သည် ဇနီးသည်ရှိရာသို့ ပြေးလွှားသွားကာ ...

"မ ... မယဉ်နွယ်"

"ဒုတ် ... "

"အား ... "

အရှိန်ပြင်းလှသည့် ဓားချက်ကြောင့် ဦးထွန်းမြတ်သည် ဇနီးသည်ဖြစ်သူ ဒေါ်ယဉ်နွယ်၏ကိုယ်ပေါ်သို့ ပြိုလဲကျသွားသည်။ အခန်းထဲ သွေးညှီနံ့တွေ လှိုင်သွားလေတော့သည်။ မျက်နှာဖုံးများစွပ်၍ ရုပ်ဖျက်ထားကြသည့် ဓားပြသုံးယောက်သည် တစ်ယောက်ကို တစ်ယောက် မျက်စပစ်ပြကာ အခန်းတွင်းကနေ လျှင်မြန်စွာ ပြေးထွက်သွားကြလေတော့သည်။

အခန်းထဲမှာ မှန်အိမ်ငယ်လေးကို လှုပ်ရမ်းကာ ဝိညာဉ်ကင်းမဲ့ကာ အသက်ပျောက်နေပြီဖြစ်သော အလောင်းနှစ်လောင်း တစ်ဝိုက် သွေးများက မြင်မကောင်းအောင် အိုင်ထွန်းလျက် ...

ယင်းသည်ပင် အသက်မသေဆုံးခင်က ဘုရားခန်းတွင်း၌ ဦးထွန်းမြတ် မြင်တွေ့ခဲ့ရသော ပုဗ္ဗနိမိတ်ပင် ဖြစ်ပေလေတော့သတည်း။

⌘



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

# ဌာနအုပ်ငွေမောင်းနှင့် ရှုပ်ထွေး

ပုလဲမြိုင်ရွာစွန်ရှိ နှစ်ဆောင်ပြိုင်အိမ်ဆည်ကြီးမှာနေကြသည့် ဦးထွန်းမြတ်နှင့် ဒေါ်ယဉ်နွယ်အသတ်ခံလိုက်ရသည့် သတင်းသည် ချက်ချင်းလိုလို ပုလဲမြိုင်တစ်ရွာလုံးသို့ ပျံ့နှံ့သွားလေတော့သည်။ ဦးထွန်းမြတ်တို့လင်မယားသည် အနေအထိုင်အေးအေးဆေးဆေးပြီး ထွန်းဇော်ဟူသည့် သားတစ်ယောက်သာရှိ၏။ ယခု ထွန်းဇော်က မြို့ရှိ ကောလိပ်ကျောင်းသို့ ကျောင်းသွားတက်နေစဉ် ဦးထွန်းမြတ်နှင့် ဒေါ်ယဉ်နွယ် အသတ်ခံလိုက်ရသောကြောင့် တစ်ရွာလုံးစုပ်တသပ်သပ် သနားနေကြ၏။

ဦးထွန်းမြတ်၏ ခြံကုန်းကြီးနှင့် အနီးဆုံးနေသည့် ထွန်းဇော်ဖြင့် ခင်မင်ရင်းနှီးသူ ဦးမာဃဆိုလျှင် မကြေမချမ်းတက်တခေါက်ခေါက်ဖြစ်နေ၏။ ဦးထွန်းမြတ်တို့ လင်မယားအား ဓားပြများက ရွှေငွေများ ယူဆောင်သွားပြီး လူကိုပါသတ်ခဲ့သဖြင့် မြို့ပေါ်မှ ဌာနအုပ်ငွေမောင်းနှင့် ပုလိပ်သားအချို့ ရောက်ရှိလာကြ၏။ ချွန်တော်လည်း ယင်းသတင်းကြောင့် မြို့ကနေ ချက်ချင်းပြန်

www.burmeseclassic.com



ရောက်လာလေသည်။ မိဘနှစ်ပါး၏အဖြစ်ဆိုးကြောင့် ကြေကွဲမဆုံး ဖြစ်နေ၏။

ဦးထွန်းမြတ်တို့လင်မယား ဓားပြများသတ်၍ သေဆုံးခြင်းမှာ ခြံနားနီးချင်းဖြစ်သူ ဦးမာဃပင်မသိဘဲ ရွာထဲမှ ဦးထွန်းမြတ်တို့ လင်မယားဖြင့် ရင်းနှီးသော ဒေါ်မွေးလှဆိုသူသည် အလည်လာရာမှ အသတ်ခံရမှန်း သိကြခြင်းဖြစ်လေသည်။

ဌာနအုပ်ငွေမောင်းသည် ရာကြီးဟုခေါ်သည့် ပြစ်မှုကြီးစာရင်းဝင်လေးမျိုးတွင် လူသတ်မှုဖြစ်၍ အလောင်းများအား သေချာစွာ စစ်ဆေးပြီး ပုလိပ်သားများနှင့်အတူ ဆေးရုံသို့ ပို့လိုက်လေတော့သည်။ သူကမူ ကျန်ရစ်ခဲ့လေသည်။

"ဒေါ်မွေးလှက အလောင်းကို ဘယ်လိုစတွေ့တာလဲ"

"ဒီ ... ဒီလိုပါ ဌာနအုပ်မင်းရယ် ... အခုသေတဲ့ ဦးထွန်းမြတ် ဒေါ်ယဉ်နွယ်တို့နဲ့ ကျွန်မက ခင်မင်ရင်းနှီးပါတယ်၊ သုံးလေးရက်တစ်ခါ မနက်ပိုင်းဆိုရင် ရွာထဲကနေ အဲဒီနှစ်ဆောင်ပြိုင်အိမ်ကြီးကိုသွား အဝတ်လျှော် ထမင်းချက် လုပ်ပေးစရာရှိတာ လုပ်ပေးပြီးမှ ရွာထဲပြန်လာပါတယ်၊ အဲဒီနေ့မနက်ကလည်း အိမ်ကြီးကိုရောက်တော့ အိမ်ရှေ့တံခါးကြီးက ပိတ်ထားတယ် ... အရင်ဆို မိုးလင်းအရုဏ်တက်တာနဲ့ တံခါးဖွင့်ပြီး ဦးထွန်းမြတ်က ခြံကြီးထဲ လမ်းလျှောက်တတ်ပါတယ် ... ဒီမနက်တော့ ဦးထွန်းမြတ်ကိုလည်းမတွေ့၊ အိမ်တံခါးလည်းပိတ်ထားတော့ နောက်ဖေးဘက် ပတ်ကြည့်တဲ့အခါ နောက်ဖေးတံခါးက ပိတ်ထားတယ်၊ အဲဒါနဲ့ ဦးထွန်းမြတ်တို့နာမည်ကိုခေါ်တော့ မထူးတာနဲ့ အိမ်ကြီးထဲ လိုက်ရှာကြည့်ရင်း သေ ... သေနေတာတွေ့ရတော့တာပါပဲ၊ အမလေး ပြောရင်းနဲ့ ကြောက် ... ကြောက်လိုက်တာရှင်"





"ခင်ဗျား အလောင်းတွေ စတွေ့တာ ဘယ်အချိန်လောက်လဲ"

"မ ... မနက် ခြောက်နာရီလောက်ရှိပြီ"

ဌာနအုပ်ငွေမောင်းသည် ဒေါ်မွေးလှဟူသော မိန်းမကြီးအား အကဲခတ်လိုက်၏။ မိန်းမကြီးသည် ရိုးသားသော အသွင်အပြင်ရှိသည်။ ရွာသူကြီး ဦးဘိုလှိုင်အပါအဝင် ရွာသားအချို့လည်း အိမ်ကြီးထဲတွင် စုဝေးရောက်ရှိနေလေ၏။

"ဓားပြတွေက ငါတို့ရွာကို ဝင်ပြီးသတ်သွားတာ ငါတို့ရွာနာတယ်ကွာ"

"ဟာကွာ ... မင်းက အဲလိုပြောရအောင် ... ဒီအိမ်ကြီးက ရွာစွန်မှာ သူ့ဘာသူတစ်ဦးတည်းရှိနေတဲ့ဥစ္စာ ခေါ်လည်းမကြား အော်လည်းမကြား ဘယ်သူသိမှာလဲကွ ... အနီးဆုံးခြံမှာနေတဲ့ ဦးမာဃကြီးတောင် သိမှမသိတဲ့ဥစ္စာ"

ယင်းရွာသားထဲမှာလည်း ဦးမာဃပါ ပါဝင်သည်။ ဦးမာဃသည် ထွန်းဇော်နှင့် အရမ်းရင်းနှီးသူဖြစ်၍ ဦးထွန်းမြတ်တို့သေနေခြင်းအပေါ် တက်တခေါက်ခေါက် ခံပြင်းဒေါသထွက်နေလေသည်။

"တောက် ... ဘယ်လိုကောင်တွေကများ ဒီအဘိုးကြီး အဘွားကြီးကို ... သတ်ဖြတ်သွားလဲမသိဘူး တောက်"

"ခင်ဗျားနာမည်က ဘယ်သူလဲ"

"ကျုပ်နာမည် ဦးမာဃပါ ဌာနအုပ်ကြီး"

"အခု သေတာကရော ဦးမာဃတို့အနေနဲ့ ဒီရက်ပိုင်းမှာ ထူးခြားမှုတွေဘာတွေရော သတိမပြုမိဘူးလား"

"ဦးထွန်းမြတ်နဲ့ ဒေါ်ယဉ်နွယ်က သူတို့ဘာသာ အေးချမ်းစွာနေကြတဲ့သူတွေပါ ... သူတို့မှာ အတွင်းပစ္စည်းတွေ ရှိမရှိ

www.burmeseclassic.com



ကျုပ်တို့လည်း တစ်ရွာလုံး ဘယ်သူမှမသိကြပါဘူး ... သူတို့ရဲ့ သား ဟောဟိုက မောင်ထွန်းဇော်နဲ့ ကျုပ်ကတော့ အလွန်ခင်မင်ရင်းနှီးပါတယ် ... ဒါပေမဲ့ တစ်ခုတော့ရှိတယ် ဌာနအုပ်ကြီး"

"ဘာလဲဗျ ..."

"ဒီအိမ်ကြီးက သူ့ရဲ့မူလပိုင်ရှင်တွေလည်း အဲလိုပဲ ဘယ်သူ သတ်သွားမှန်းမသိဘဲ သေသွားခဲ့တာ ... အဲဒါ မကျွတ်မလွတ်ဘဲ ဝိညာဉ်တွေ တစ္ဆေသရဲတွေအဖြစ်မှီတွယ်ခိုရှနေကြတယ်လို့ ကျုပ်တို့တစ်ရွာလုံးက ယုံကြည်ထားကြပါတယ်၊ သူ သူတို့ကို တစ္ဆေသရဲ မကောင်းဆိုးဝါးတွေများ ပူးကပ်နှောင့်ယှက်ပြီး ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး သတ်ဖြတ်ကြသလားလို့ပါ"

ဦးမာဃသည် သူတွေးမိသမျှ ထင်ရာမြင်ရာကို ဌာနအုပ်အား ပြောပြနေ၍ ဌာနအုပ်ငွေမောင်း မျက်မှောင်ကြုတ်သွားလေသည်။ ပြီတော့ ခေါင်းကိုဖြည်းညင်းစွာ ရမ်းခါလေသည်။

"ဦးမာဃပြောတဲ့ ဝိညာဉ်လောကသား တစ္ဆေသရဲတွေက ပူးကပ်ပြီး သတ်ဖြတ်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး ... ကျုပ်တို့ ပုလိပ်အဖွဲ့ကြီးရဲ့ လုပ်ထုံးလုပ်နည်းမှာလည်း ဝိညာဉ်လောက မမြင်ရတဲ့လောကနဲ့ အမှုတစ်ခုကို ကောက်ချက်ဆွဲဖော်ထုတ်ထောက်လှမ်းလို့မရပါဘူး ... ကျုပ်တို့ စစ်ဆေးကြည့်ရှုတဲ့အခါ သေသူဦးထွန်းမြတ်ရဲ့လောင်းနားမှာ ငှက်ကြီးထောင်ဓါးတစ်ချောင်း တွေ့တယ်ဆိုပေမဲ့ အခန်းတစ်ခုလုံး ဓါးပြတိုက် လူသတ်တယ်ဆိုတာရှင်းလင်းနေပါတယ်၊ အခြားကျုပ်တို့ မသိနိုင်တဲ့ အကြောင်းတရားတွေလည်း ရှိချင်ရှိနေမှာပေါ့ ... ပြီးတော့ အလောင်းနဲ့ အခန်းထဲမှာတွေ့ရတဲ့ ခြေရာအချို့နဲ့ မြေမှုန့်တွေက လူသတ်သမားဟာ တစ်ယောက်တည်းမဖြစ်နိုင်ဘူးလို့ ယူဆလို့ရတယ်၊ ဒီအမှုကို





မကြာခင်ပေါ်အောင် ကျုပ်တို့ပုလိပ်အဖွဲ့ကြီးက စုံစမ်းမှာပါဗျာ"

ယင်းနောက် မြို့ပေါ်မှ ဌာနအုပ်ငွေမောင်း သေဆုံးသူ ဦးထွန်းမြတ်တို့လင်မယားဧ၏သား ကောလိပ်ကျောင်းသား ထွန်းမောင်အား သိလိုသမျှ မေးမြန်းသည်။ အခြားသူအချို့ကိုလည်း မေးမြန်းလေသည်။ ထွန်းဇော်သည် မိဘနှစ်ပါးသည်း သူ့ကျောင်းသွားတက်နေစဉ် မသမာသူများ၏ ဝင်ရောက်သတ်ဖြတ်မှုကြောင့် ခံပြင်းဒေါသထွက်လျက် ကြေကွဲမဆုံးဖြစ်နေသည်။ သူ ကောလိပ်ပညာရေးကို ဆက်မသင်တော့ဟုလည်း ဆုံးဖြတ်ချက်ချလိုက်ပြီး သူ၏မိဘနှစ်ပါးကို သက်သွားသူအား မပေါ်ပေါ်အောင် ဖော်ထုတ်မည်ဟု စိတ်ကိုယတိပြတ်ပိုင်းဖြတ် သံဓိဋ္ဌာန်ချလိုက်မိလေသည်။

ဌာနအုပ်မင်းနှင့်ရွာသားများ ပြန်သွားသောအခါ မကြာခင်က သွေးညှီနံ့လွှမ်းခံရသည့် အိမ်ကြီးထဲ၌ ထွန်းဇော်နှင့် ဦးမာဃတို့သာ ကျန်ရစ်ခဲ့လေသည်။

ဦးမာဃက ဝမ်းနည်းကြေကွဲနေသော ထွန်းဇော်အား ...

"မောင်ရင် ဘာဆက်လုပ်မလဲ မောင်ထွန်းဇော်"

"ကျွန်တော်လည်း ခေါင်းတွေပူထူပြီး စိတ်တွေအရမ်းရှုပ်ထွေးနေတယ် ဦးမာဃ ... ကျွန်တော်မရှိတုန်း မိဘနှစ်ပါးကို မသမာသူတွေ လုယက်သက်ဖြတ်သွားတာ ဝမ်းနည်းမဆုံးဘူး။ ကျွန်တော်သာ မိဘနှစ်ပါးအနားမှာရှိနေရင် ခုလိုအဖြစ်ဆိုးကြီးနဲ့ ကြုံချင်မှကြုံမှာ"

"ဒီလောက်လည်း ဝမ်းနည်းမနေပါနဲ့ကွာ ... မြို့ကအမှုလိုက် ဌာနအုပ်မင်းကလည်း ဒီအမှုကို မပေါ်ပေါ်အောင် လိုက်ပေးမယ်လို့ ပြောသွားသားပဲ ... ငါတစ်ခုတော့ အကြံပေးချင်တယ် တကယ်တော့ ဒီအိမ်ကြီးက မကောင်းဆိုဝါးတွေ ဝိညာဉ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပျော်မြူးကြတဲ့ မိစ္ဆာ အိမ်ကြီးပဲကွ နေတဲ့သူတိုင်း တစ်နည်းမဟုတ် တစ်နည်းနဲ့ သေကြမယ် ဒီတော့ မင်းဒီအိမ်ကြီးကို ရသလောက်နဲ့ ပြန်ရောင်းလိုက်ပါလားကွာ''

''ဘယ်လိုပြောလိုက်တာလဲ ဦးမာဃရာ ကျွန်တော့်မိဘနှစ်ပါး ခေါင်းချခဲ့တဲ့ဒီအိမ်ကြီးကို အရင်ကတော့ကျွန်တော်က သိပ်မပျော်ပိုက်ပေမဲ့ ခုတော့ကျွန်တော် သေတဲ့အထိ မစွန့်ခွာစတမ်း နေထိုင်သွားဖို့ ဆုံးဖြတ်လိုက်ပြီ ... ပြီးတော့ ကျွန်တော့်မိဘတွေကို သက်ဖြတ်သွားတဲ့ အဓမ္မလူသတ်သမားတွေကိုလည်း ကျွန်တော် ဖော်ထုတ်ပြမယ်''

''အားမငယ်ပါနဲ့ကွာ ငါနဲ့မင်းက မိတ်ဆွေကောင်း မိတ်ဆွေရင်းပါပဲ မင်းမှာ အကူအညီလိုလည်း ပြောပေါ့ မောင်ထွန်းဇော်''

''ဟုတ်ကဲ့ လိုတဲ့အခါ ပြောပါ့မယ်''

ယင်နောက် ဦးမာဃသည် ထွန်းဇော်အား နှုတ်ဆက်ကာ ပြန်သွားလေတော့သည်။ ဦးထွန်းမြတ်တို့သတင်းကြား၍ ပန်းသဇင်ရွာမှ သင်းနန္ဒာနှင့် ဦးရွှေမောင်းတို့အပါအဝင် ရွာသားအချို့ ရောက်ရှိလာသည်ကြ၏။ သင်းနန္ဒာသည် စိတ်ထိခိုက်ကြေကွဲနေသော ထွန်းဇော်အား အားပေးနှစ်သိမ့်ပေးလေသည်။ လက်ပွားမင်းလက်တို့ကလည်း ဖျောင်းဖျကြသည်။

သင်းနန္ဒာ ဖခင်ဖြစ်သူ ပြန်သွားကြသောအခါ လက်ပွားတစ်ယောက်သာ သူနှင့်ကျန်ခဲ့၏။ ယင်းရက်များတွင် ခြံအနီးအပါး မိတ်ဆွေကြီး ဦးမာဃလည်း သူတို့ဖြင့် အတူလာနေကာ လုပ်ကိုင်စရာရှိသည်များအား လုပ်ကိုင်ပေးသည်။

ထွန်းဇော်မှာမူ သွက်လက်ရွှင်ပျမှုမရှိဘဲ အချိန်တိုင်း





တစ်စုံတစ်ရာအား လေးလေးနက်နက်တွေးနေသလို တစ်ယောက်တည်း ငိုင်တွေးနေတတ်သည်။ လက်ပွားသည် မိဘနှစ်ပါးစလုံး အဖြစ်ဆိုးဖြင့်ကြုံကာ ဆုံးရှုံးခဲ့သည့် ထွန်းဇော်အား သူလည်းစိတ်မကောင်းဖြစ်ရ၏။ သို့သော် လက်ပွားသည် ဖျောင်းဖျရုံကလွဲ၍ ဘာမှမတတ်နိုင်ပါချေ။

⌘



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

## ဗူးဆန်းသည့်မြေမှုံအရှုန်း

ညသည် ပိန်းပိတ်အောင် မှောင်နေလေသည်။ ဤည ကြယ်လည်းမရုံ လလည်းမသာပါ။ ခြံဝန်းကြီးတစ်ခုလုံး တိတ်ဆိတ်နေလေသည်။ အတော်အတန် ညဉ့်နက်စပြုနေပြီဖြစ်၍ ညဉ့်လေကြမ်းကြီးများ တစ်ခါတစ်ရံ ဝှေ့ရမ်းတိုက်ခိုက်သည့်အခါ ခြံကြီးတွင်းရှိ သစ်ပင်ဝါးရုံများ တဟူးဟူး တရှဲရှဲဖြစ်နေခြင်းသံကြီးများကပင် ချောက်ချားဖွယ် ဖြစ်နေလေသည်။

မနေ့ကပင် မိဘနှစ်ပါး၏ ရက်လည်ကိစ္စအဝဝကို ဆောင်ရွက်ပြီးစီးသွားခဲ့လေပြီ။ အိမ်ကြီး၌ လက်ပွားဖြင့် ထွန်းဇော်နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့လေသည်။ ဦးမာဃကြီးလည်း သူ့အိမ်သို့ သူပြန်သွားလေပြီဖြစ်သည်။ လက်ပွားကမူ နောက်ထပ်တစ်ပတ်ခန့် ထွန်းဇော်အဖော်ရအောင်နေပြီးမှ ရွာပြန်မည်ပြောသည်။ ရွာတွင် လက်ပွား၏မိဘများရှိသေး၍ လက်ပွားလုပ်စရာရှိတာလုပ်ပေးရပေမည်။

အောက်လင်းဓာတ်မီးဓါအလင်းက အောက်ထပ်ညှိခန်း



www.burmeseclassic.com

www.burmeseclassic.com



မကြီးတစ်ဝိုက် လင်းနေ၏။ ညဆယ်နာရီသန်းခေါင်ကျော်လျှင် လေပေါင်ကျကာ သူ့အလိုလိုငြိမ်းသွားပေမည်။ သူတို့ ရှတ်တရုတ် ခြံကြီး၏အမှောင်ရိပ်တွင်းမှ အသံဆိုးကြီးသည် ထွက်ပေါ်လာလေ၏။

"အူ ... အူ ... ဝူ ... အူ"

ချောက်ချားဖွယ်ရာ ခွေးအူသံကြီးပင်တည်း။ ယင်းသို့ မမျှော်လင့်ဘဲ ဗြုန်းခနဲ ထွက်ပေါ်လာသည့် ခွေးအူသံကြီးကြောင့် လက်ပွားသည် ဆတ်ခနဲလှုပ်သွားပြီး ...

"ဟာကွာ ဒီခွေးတွေကလည်း အသံဆိုးကြီးနဲ့ အူနေလိုက်တာ"

"လက်ပွားရာ... ခွေးပဲကွာ အူချင်တဲ့အချိန်အူမှာပေါ့ကွာ ခွေးဆိုတာ လူခြေတိတ်လေ အူချင်လာလေအမျိုးကွ"

"ဒါပေမဲ့ကွာ အူချင်လည်း နေ့လည်နေ့ခင်းအူဖါလားကွာ ဒီလိုအချိန်ကြီးကျမှ မင်းအိပ်ချင်ပြီလား လက်ပွား"

ထွန်းဇော်သည် လက်ပွားအကြောက်ပြေစေရန် စကားလမ်းကြောင်း လွှဲလိုက်လေသည်။ လက်ပွားသည် ခေါင်းရမ်းပြလိုက်၍ ...

"ဒါထက် မင်းကိုငါမေးရဦးမယ် ထွန်းဇော်၊ မင်း ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလားကွာ"

"မပြင်တော့ဘူး လက်ပွား ... ငါ့စိတ်ကိုမင်းလည်းသိတယ် ... ဒီအိမ်ကြီးဟာ ငါ့မိဘနှစ်ပါး ခေါင်းချသွားခဲ့တဲ့နေရာပဲ ပြီးတော့ ဒီခြံကြီးမှာ မင်းမသိသေးတဲ့ လို့ဝှက်ချက်တွေရှိနေတယ် လက်ပွား ... "





"သင်းနန္ဒာ သနားစရာပါကွာ၊ မင်းတို့လက်ထပ်ဖို့ကိစ္စရော"

"ငါကောလိပ်ကထွက်လိုက်တာ မင်းအသိသားပဲ လက်ပွားရာ ပြီးတော့လည်း ငါ့ရဲ့မိဘနှစ်ပါးကို ရက်ရက်စက်စက် သတ်ဖြတ်သွားတဲ့ လူသတ်သမားတွေကို ငါဖော်ထုတ်နိုင်ဖို့ ကြိုးစားရဦးမယ် ... သင်းနန္ဒာ ငါ့ကို နားလည်မှာပါကွာ၊ ဒါပေမဲ့ ငါ့ရွာကိုတော့ မကြာမကြာလာခဲ့ပါ့မယ်"

ထွန်းဇော်သည် အချို့သောကိစ္စများနှင့် သူ၏ အိပ်မက်များအကြောင်း လက်ပွားကိုမပြောပေ။ ယုံကြည်လျှင်ကောင်းပါ၏။ ထွန်းဇော်သည် သူ၏မိဘနှစ်ပါး သေဆုံးခြင်းမှာ ယင်းနန်းစဉ့် မှော်ဝင်ပတ္တမြားကြီးဖြင့် ပတ်သက်နေရော့သလားဟု မဆီမဆိုင် တွေးမိသည်။

ထွန်းဇော် ဘာမှဆက်မတွေးတော့ဘဲ ဦးခေါင်းကို ခါရမ်းလိုက်လေသည်။ ပြီးတော့မှ လက်ပွားအားကြည့်ကာ ...

"ကဲ လက်ပွား အိပ်ကြစို့ ညဉ့်နက်နေပြီ"

လက်ပွားနှင့် ထွန်းဇော် အောက်ထပ်ရှိ ထွန်းဇော်၏အိပ်ခန်းရှိရာသို့ လျှောက်လာလေသည်။ အခန်းတွင်းသို့ရောက်လျှင် လက်ပွားသည် ခုတင်ပေါ်သို့ပစ်လှဲလိုက်ရာ မကြာမီမှာပင် အိပ်ပျော်သွားလေတော့၏။ ထွန်းဇော်မှာမူ မအိပ်သေးဘဲ သူ၏စာကြည့်စားပွဲခုံထိုင်ကာ တစ်ခါတုန်းက ဖခင်ဖြစ်သူ ဦးထွန်းမြတ် သို့အားပေးခဲ့သည့် အိမ်ရှင်ဦးကာလူးကြီး၏ မှတ်တမ်းစာအုပ်လေးအား ပြန်လည်ဖတ်ရှုနေလေသည်။

ထွန်းဇော် မှတ်တမ်းထဲတွင် မည်မျှစိတ်ဝင်စား နစ်မျှောသွားရလေသည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



"ရှပ် ... ရှပ် ... ရှပ်"

ရှတ်တရှတ်အခန်းဝဆီကနေ ကြားရသော အသံကြောင့် လှမ်းကြည့်လိုက်မိ၏။

"ဟင်"

အခန်းဝကနေ အခန်းထဲလှမ်းဝင်လာသည့် အဖြူရောင်အရိပ်တစ်ခု ထွန်းဇော်သည် နှုတ်ဖျား၌ အာစေးမိထားသလို နှုတ်ဆွံ့အလျက် သူ့ရှေ့မလှမ်းမကမ်း၌ ရပ်နေသော အဖြူရောင်အရိပ်ရှင်အား ငေးကြောင်၍ကြည့်နေမိသည်။ အရိပ်မှာ ဆံပင်ကြီးများ ဖိုးရိုးဖားရားကြီးကျနေလေသည်။ ထွန်းဇော် ယင်းအရိပ်ကြီးအား မြင်ဖူးတွေ့နေသလို စိတ်တွင်း၌ ထင်မြင်နေပါပြီ။ ဖျတ်ခနဲတစ်စုံတစ်ရာအား အမှတ်ရလိုက်မိသည်။

ထွန်းဇော် မည်သည့်စကားမျှမဆိုရခင် ဝိညာဉ်အရိပ်ဖြူကြီးသည် ထွန်းဇော်ရှိရာ စာကြည့်စားပွဲနံဘေး ရှေးဟောင်းအိမ်ကြီးဆီသို့ လက်ညှိုးညွှန်ပြသည်။ ထွန်းဇော် အံ့အားသင့်သွားမိလေသည်။ ယင်းဖြင့် တဆက်တည်း ...

"အဲဒီဗီရိုနောက်မှာ လျှို့ဝှက်ချက်ကိုရှာ မင်းသိချင်နေတဲ့အဖြေ အဲဒီမှာရှိတယ်"

ဟုထွန်းဇော်၏နားထဲ၌ အသံတစ်သံအား ပီသစွာကြားလိုက်ရသောကြောင့် ကြက်သီးမွေးညင်းများ ထသွားလေသည်။ ယင်းအချိန်မှာပင် အရိပ်ဖြူဖြူကြီးသည် အခန်းတွင်းကနေ လှည့်ထွက်သွားစဉ် ...

"ဟင်"

ထွန်းဇော် ဖျတ်ခနဲ လန့်နိုးသွားလေသည်။ ချက်ချင်းပင်ထွန်းဇော်သည် သူ၏အိပ်ခန်းအတွင်းဝေ့ဝဲကြည့်လိုက်၏။ အိပ်ခန်းအတွင်း၌ ဟာလာဟင်းလင်း မည်သူမျှရှိမနေပါ။ ခုတင်ပေါ်ရှိလက်ပွားမှာ နှစ်ခြိုက်စွာအိပ်မောကျနေပြီး ဟောက်သံပင် ထွက်နေသည်။ ထွန်းဇော်သည် မှတ်တမ်းစာအုပ်လေးအား ဖတ်ကာပင်ပန်းလွန်း၍ စာကြည့်စားပွဲမှာပင် မေ့ခနဲအိပ်ပျော်သွားပြီး အိပ်မက်မက်နေခြင်းဖြစ်သည်။ အိပ်မက်က ဆန်းကြယ်လွန်းလှ၏။

ထွန်းဇော်သည် သိချင်စိတ်ကို မြိုသိပ်မထားနိုင်ဘဲ ချက်ချင်းပင် စားပွဲမှထကာ ခုနအိပ်မက်ထဲမှ အရိပ်ဖြူကြီးညွှန်ပြရာဗီရိုကြီးသို့ လျှောက်သွားလေသည်။ ဗီရိုမှာ ထွန်းဇော်တစ်ရပ်ခန့်။ ယခင် သူက အိမ်ရှင်အဘိုးကြီး အသွားကြီးတို့ပိုင်ဆိုင်သည့်ဗီရိုကြီးဖြစ်သည်။

ဒီနှစ်ဆောင်ပြိုင်အိမ်ကြီးအား ထွန်းဇော်၏ မိဘနှစ်ပါးပိုင်ဆိုင်သည့်အခါ ယခင်က အသုံးအဆောင်ပစ္စည်းများပါ ပါဝင်ခဲ့သည်။ ဖခင်ကြီးဦးထွန်းမြတ်သည် ယင်းပစ္စည်းများအား သူ၏မူလ အနေအထားအတိုင်း ထားရှိခြထားခဲ့လေသည်။ ထွန်းဇော်သည် ဗီရိုကြီးအား သူ၏ခွန်အားဖြင့် နံရံဖြင့်ကွာအောင် ရွှေ့လိုက်လေသည်။

"ဟင်"

ထွန်းဇော် ပါးစပ်ဟသွားလေ၏။ အရမ်းအံ့ဩသွားရလေသည်။ အဘယ်ကြောင့်ဆိုသော် ဗီရိုကြီး၏အနောက်ဘက် နံရံတွင်ခြောက်လက်မခန့်ရှိ အံဝှက်လေးတစ်ခုအား မြင်တွေ့လိုက်ရခြင်းကြောင့်ပင်ဖြစ်သည်။ ထွန်းဇော်သည် ယင်းအံဝှက်လေးအား အံ့ဩစွာကြည့်မိရင်း အတွင်းသို့နှိုက်လိုက်ရာ သူ၏လက်တွင်း၌ သားရေနွမ်းစလေးတစ်ခုပါလာလေသည်။

"ဟင်"







www.burmeseclassic.com

www.burmeseclassic.com



ထွန်းဇော်အလွန်တရာမှပင် အံ့ဩသွားရလေတော့သည်။ ထူးဆန်းသော အရာလေးတစ်ခုပါပဲလား။ ထွန်းဇော်သည် အံဝှက်တွင်းက သူရရှိလိုက်သည့် သားရေနွမ်းလေးအားယူကာ သူ၏စာကြည့်စားပွဲသို့ လှမ်းလာခဲ့သည်။ ယင်း ဘာမှန်းမသိသည့် သားရေနွမ်းလေးသည် ထွန်းဇော်၏မနောအာရုံတို့အား ဖမ်းစားသွားလေပြီဖြစ်သတည်း။

⌘



အခန်း (၁၃)

## နောက်ဆုံးလမ်းစပျောက်ခြင်း

မြင်းတစ်စီးသည် တောလမ်းအတိုင်း ဒုန်းစိုင်းလာ၏။ တောသည် အတန်ငယ်နက်လွန်းသဖြင့် မြင်းသွားသံသည် ခပ်တိုးတိုးကိုသာလွှင့်နေသည်။ ထူးခြားမှုမှာ မြင်းထက်၌ စီးနင်းလိုက်ပါလာသူမှာ ရှည်လျားသည့်ဝတ်ရုံကြီးအား ဝတ်ရုံလာပြီး ဦးခေါင်းထက်၌မူ အနက်ရောင် ခေါင်းစွပ်အား စွပ်ထားလေသည်။

တစ်နေရာသို့အရောက် မြင်းဇက်ကို တံ့လိုက်ကာ မြင်းပေါ်က လွှားခနဲခုန်ဆင်းလိုက်လေ၏။ ပြီးလျှင် တောလမ်းလေးအတိုင်း သွက်လက်စွာ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။ ဝတ်ရုံနက်သည် သူဦးတည့်နေရာ ကျောက်ဂူကြီးတစ်ခုရှေ့သို့ ရောက်လာသည်။ ဂူထဲသို့ လှမ်းဝင်လိုက်လေသည်။

ဂူမှာ သဘာဝကျောက်လိုက်ဂူကြီးဖြစ်ပြီး အတော်အတန်ကျယ်ဝန်း၏ ဂူတွင်း၌ လူသုံးဦးသည် ဖဲကစားနေကြလေသည်။ ဂူရှေ့ဘက်သို့ မျက်နှာမူထိုင်နေသည့် ဗလကောင်းကောင်းလူတို့တိုဖြင့်လူက ဂူတွင်းသို့ဝင်လာသည့် ဝတ်ရုံနက်အား လှမ်းမြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်နှင့် ...

"ဟော ဆရာကြီး လာပြီ"

ဆရာကြီးဆိုသူ ဝတ်ရုံနက်သည် ယင်းလူစုရှိရာသို့ တန်းမက်စွာ လျှောက်သွား၏။ ဂူကြီးတွင်းရှိ ဖဲရိုက်နေသောသုံးယောက်မှာ ဗလကြီးတို့ပင်ဖြစ်သည်။

"ကိစ္စပေါ်လာပြန်ပြီးလား ဆရာကြီး"

"ဒါပေါ့ကွာ ကိစ္စပေါ်လို့လည်း ငါတို့ရဲ့ ဒီပင်မကျောက်လိုဏ်ဂူထိ ငါလိုက်လာခဲ့ရတာပေါ့"

"ဟုတ်ကဲ့ ပြောပါ ဆရာကြီး"

ဝတ်ရုံနက်ခေါင်းစွပ်ဖြင့် ဆရာကြီးဆိုသူသည် သူ၏ရှေ့ရှိ လူသုံးယောက်အား စူးစိုက်ကြည့်လိုက်ပြီး ...

"ငါတို့ရဲ့ ရည်ရွယ်ချက်က အောင်မြင်တော့မယ်ကွ ... အဲဒီအတွက် ငါက ဆူးကြောင့်ခလုတ်တစ်ခုကို ထပ်ရှင်းရဦးမယ်။ အဲဒီဆူးကြောင့်ခလုတ်ကို ထပ်မံရှင်းပြီးမှ ငါလျှို့ဝှက်သဲလွန်စ ရထားတဲ့ နေရာတွေကို ပိုက်စိပ်တိုက်လိုက်ရင် ငါနှစ်ပေါင်းများစွာ မျှော်လင့်ခဲ့ရတဲ့ အကြံအစည်အောင်ပြီး ဒီအတွက် လူတစ်ယောက်ကို ထပ်ပြီးကိစ္စတုံး ..."

"ဟာ ဖြစ်... ဖြစ်ပါ့မလား ဆရာကြီး"

"ဘာဖြစ်လို့လဲကွ ဗလ"

"ဟို ... ဟိုလေ ဆရာကြီး၊ ကျွန်တော်တို့ ဆရာကြီးခိုင်းတဲ့အတိုင်း ပုလဲမြို့ရွာအစွန်က နှစ်ဆောင်ပြိုင်အိမ်ကြီးက လင်မယားကို လက်စဖျောက်တာ ပူပူနွေးနွေးပဲရှိသေးတော့"

ဗလကြီး၏ လေသံပျော့ပျော့လေးကြောင့် ဆရာကြီး၏ မျက်လုံးတွေက စူးရှသွားပြီး–





"ဘာလဲကွ မင်းတို့က အဲဒီနှစ်လောင်းသတ်မှုနဲ့ မြို့ပေါ်က ဌာနအုပ်ငွေမောင်းဆိုတဲ့ကောင်က ဒီအမှုကိုစုံစမ်းနေတယ်ဆိုလို့ ကြောက်နေတာလားဗလ ... ပုလိပ်တွေဆိုတာ တို့လို ဥာဏ်မြင်ပက လူတွေလောက် ဥာဏ်မကောင်းပါဘူးကွာ။ တွေးကြောက်မနေစမ်းပါနဲ့ကွာ ... ငါတို့ အကြံအစည်ကြီး ပါးစပ်နားရောက်မှ သဲထဲရေသွန် အဖြစ်မခံနိုင်ဘူး ... ဒီတော့ သွားရာလမ်းမှာ အနှောင့်အယှက်ဖြစ်မဲ့ ဆူးကြောင့်ခလုတ်မှန်ရင် လောကကြီးထဲက ဖယ်ပစ်ရမှာပဲ ... ဒီတစ်ခါဆို ပွဲပြီးပါပြီကွ.. ပွဲပြီးမီးသေပေါ့ ငါတို့လုပ်လာတာ ပိရိလို့ ဒီပုလိပ်စုတ်တွေ ခြေရာမကောက်နိုင်တာလို့ မှတ်ထားပါ၊ ခုတစ်ကြိမ် အောင်မြင်ရင် ငါတို့ ဆယ်သက်ချမ်းသာစွာနေရပြီကွ ဟားဟား ... ဟား"

ဝတ်ရုံနက်ခြုံလွှမ်းထားသော ဆရာကြီးဆိုသူက အသံအစ်အစ်ကြီးဖြင့် တဟားဟားရယ်မောရင်းပြောသည်။ ,တပည့်သုံးယောက်အနက်မှ တစ်ယောက်က ...

"ဘယ်နေ့လုပ်ငန်းစမလဲ ဆရာကြီး ... ပြီးတော့ ကျွန်တော်တို့ ဒီတစ်ခါ လက်စဖျောက်ပေးရမှာ ဘယ်သူလဲ ဆရာကြီး"

"ထွန်းဇော် ... ဟို အဘိုးကြီး လင်မယားရဲ့သားပဲ"

"ဟိုကောလိပ်ကျောင်းက ပြန်လာတယ်ဆိုတဲ့ကောင်လေးလား ..."

"အေး ... ဟုတ်တယ် ဒီကောင်က ငါတို့ချမ်းသာကြွယ်ဝမဲ့အစီအစဉ်အတွက် နောက်ဆုံးဆူးကြောင့်ပဲကွ ... ဒီတော့ မင်းတို့တတွေနဲ့ငါ သန်ဘက်ခါ နေဝင်ပျိုးစမှာ ဆုံကြမယ်... သတိဝီရိယလည်းထားကြ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဆိုသူသည် စကားဆုံးသည်နှင့် ကျောက်လိုဏ်ဂူကြီးထဲကနေ လှမ်းထွက်သွားလေသည်။ မကြာမီ ကျောက်ဂူရှေ့ရှိ သစ်ပင်ဝါးတောများ အကြား၌ ပျောက်ကွယ်သွားပေတော့သည်။

ကျောက်ဂူကြီးထဲမှ လူသုံးယောက်လည်း သူတို့ ဖဲကစားခြင်းကို ပြန်လည်စတင်ကြလေတော့သည်။

⌘



အခန်း (၁၄)

# မျှော်ဝင်ပတ္တမြားကြီး

လရောင်မလင်းတလင်းလေးသည် ရွာစွန်အဖျားရှိ ကုန်းမြင့်ကြီးပေါ်သို့ ဖြာကျနေလေသည်။ ညည့်နက်စပြုနေလေပြီ။ မြို့ကြီး၏ အနောက်ဘက် ကျောက်တုံးကျောက် ကျောက်ထပ်များ သွယ်တန်းနေသော နေရာလေး၌ လရောင်ရေးရေးအောက်၌ အရိပ်တစ်ခုသည် ဝိညာဉ်တစ္ဆေသရဲတစ်ကောင်အလား ညင်သာစွာ တစ်နေရာမှ တစ်နေရာသို့ ရွေ့လျားလှုပ်ရှားနေလေသည်။ ယခုလို အချိန်၌ မြို့ကြီးအနားသို့ အမှတ်မထင် ရောက်ရှိလာသူရှိပါက ယင်းလူရိပ်အားမြင်ပြီး တစ္ဆေသရဲပမာ ချောက်ချားလန့်ထိတ်သွားပေမည်။

အချိန်က တဖြည်းဖြည်း တဖြုတ်ဖြုတ်ကြွေကျနေလေသည်။ အရိပ်ကြီးသည်သစ်ပင်ရိပ်အမှောင်ထုအောက်၌ ရုတ်တရုတ်ရပ်တန့်သွားလေသည်မှာ အချိန်အတော်ကြာလေ၏။ အရိပ်ဖြူဖြူကြီးသည် အမှောင်ရိပ်ထွန်းမှ သူ၏လက်တွင်းရှိ မြေပုံလိုလို အမှတ်အသားလိုလို သားရေခွမ်းလေးအား သေးငယ်သောဓာတ်မီး



www.burmeseclassic.com

www.burmeseclassic.com



လေးဖြင့် ထိုးကြည့်လိုက်၏။

"ဒါ ရှာနေတာများ လွဲနေတာလား ဒီမြေပုံအညွှန်းအရဆို ကျောက်တလားကြီးက အရှေ့မြောက် အတောင်(၂၀)အကွာမှာရှိတဲ့ နဂါးပုံကျောက်တန်းရဲ့ထိပ်မှာပဲ ဟင်"

သူ့ဘာသာသူ ခပ်တိုးတိုး ပြောနေရင်းက အရိပ်သည် ရှေ့သို့ကြည့်လိုက်ရာ မမျှော်လင့်ဘဲ ကျောက်တန်းတစ်ခုအပေါ် လရောင်စွန်းနေသဖြင့် မြေပြင်ပေါ်သို့ နဂါးကြီးတစ်ကောင် လဲလျောင်းနေသလို အရိပ်မည်းကြီးက ကျရောက်နေ၏။ အရိပ်ရှင်သည် အံ့ဩသွားရလေသည်။

ထို့ကြောင့် နှုတ်ခမ်းဖျားဆီမှ ဟပ်ခနဲ အာမေဋိတ်သံ ထွက်သွားလေသည်။

အရိပ်သည် ယင်းနေရာသို့ လျင်မြန်စွာ တိုးရွေ့သွား လိုက်၏ သူသည် မြေပုံအညွှန်းအရ ကျောက်တန်းနဂါးကိုသာ လိုက်လံရှာဖွေနေမိသည်။ ယင်းအချက်ကို သတိမမူမိပေ။ သူသည် မြေပုံ၏လျှို့ဝှက်ချက်ကို တွေ့ရလေပြီ။

အရိပ်သည် ဘာမှ စဉ်းစားမနေတော့ဘဲ အသင့်ပါလာ သည့် သံတူရွင်းဖြင့် ယင်းနေရာအား ဝိုက်၍ တူးဆွလေတော့၏။

"ဒုတ် ... ဒုတ် ... ဒုတ်"

တိတ်ဆိတ်နေသော ညဉ့်ထဲ၌ တဒုတ်ဒုတ်ဖြင့် တူးဆွနေ သည့် အသံက ထွက်ပေါ်နေလေသည်။ အရိပ်ရှင်သည် သိပ်ကြာ ကြာမတူးဆွလိုက်ရပါ။ ခဏကြာလျှင် သံတူရွင်းသည် တစ်ခုံ တစ်ရာဖြင့် ထိတွေ့သွားသံပေါ်လာ၏။

"ဒုတ် ... ဒုတ် ... ဒုတ်"

အရိပ်ရှင်သည် စိတ်အားတက်ကြွသွားပြီး မြေကျင်းအား





ကျယ်သထက်ကျယ်အောင် တူးလာသည့်အခါ ဖြန့်ပြူးသော ကျောက်သားပြင်တစ်ခုအား တွေ့မြင်လိုက်ရ၏။ အသင့်ပါလာ သည့် အောက်လင်းလက်ဆွဲမီးအိမ်အား ထွန်းညှိထားသဖြင့် မြင် နေရခြင်းဖြစ်လေသည်။ အရိပ်မှာ သူတစ်ယောက်ထဲဖို့ ကြိုးစား ပမ်းစားတူးနေရာ ခဏအကြာတွင် ကျောက်သားကြီးတစ်ခုက ပေါ်လာ၏။

အရိပ်ဖြူကြီးသည် ကျောက်တုံးကျောက်ခဲများအား ဖယ် ရှားပစ်လိုက်သောအခါ ...

"ဟာ ... တွေ့ ... တွေ့ပြီ"

နှုတ်ကဝမ်းသာစွာ အသံထွက်သွားမိသည်။ လက်ထဲရှိ လက်ဆွဲမီးရောင်၏အလင်းကြောင့် ကျင်းကြီးတွင်းသို့ သေချာစွာ မြင်နေရသည်။ ကျင်းထဲမှာ ကျောက်သားကြီးတစ်ခုရှိပြီး ယင်း ကျောက်သားကြီးထဲမှာ အရိုးစုကျနေသည့် အလောင်းတစ်လောင်း

ထူးခြားမှုမှာ ယင်းအရိုးစု၏ လက်ဝဲဖက်ရင်အုံနေရာ၌ ထိုးစိုက်ထားသည့် ဓားတစ်ချောင်းပင်ဖြစ်၏။ ဓါးရိုးပေါ်၌မူ စာတွေ လား အက္ခရာတွေလား သူမသိသည့် တွန့်လိမ်ကောက်ကွေးသည့် စာအက္ခရာတွေ ရေးထွင်းထားလေသည်။

အရိပ်က ဓါးရိုးဆီ လက်လှမ်းမိပြီးမှ တုံ့ခနဲဖြစ်သွား၏။

သူ၏ခေါင်းထဲ အတွေးတစ်စ ပေါ်လာသည်။ ဒီလျှို့ဝှက် ဂူနေရာအား သူသည် သူ၏အိပ်ခန်းတွင်းမှရသည့် မြေပုံအညွှန်း ဖြင့် ရှာဖွေခြင်းဖြစ်သည့် တစ်ပတ်တိတိပြည့်မြောက်သည့် ယနေ့ည မှာမှ ရှာဖွေတွေ့ရှိခြင်းဖြစ်လေသည်။

သို့သော် သူမကြာခဏ မက်မြင်နေသည့် အိပ်မက်တွေ ထဲမှာမူ ယင်းဓားအားယူလိုက်ပါက ကျောက်တလားတွင်းရှိ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးဝါး မှော်မိစ္ဆာရှင်ကြီးသည် တစ်ဖန်ပြန်လည် အသက်ဝင်နိုးထလာပေမည်။ ထို့ကြောင့် သူ ဖျတ်ခနဲတုံ့သွားရခြင်းဖြစ်လေသည်။

အရိပ်ရှင်သည် အိမ်ကြီးရှင် ထွန်းဇော်ပင်ဖြစ်လေသည်။

ယင်းအခိုက်မှာပင် ...

"ဟားဟား လွယ်မဲ့လွယ်တော့လည်း ရေကန်အသင့် ကြာအသင့်ဆိုသလိုပဲလား ... ကဲ အောက်ကကောင် အဲဒီဓါးကို နှုတ်ယူလိုက်ပြီး အပေါ်တက်ခဲ့ ဒီမှာတွေ့လား"

ကျယ်လောင်သည့် အသံကြီးကြောင့် ထွန်းဇော်ဖျတ်ခနဲ မော့ကြည့်လိုက်မိရာ ...

သူ့အား သေနတ်ဖြင့်ချိန်ရွယ်ထားသည့် အရိပ်မည်းကြီးလေးခုအား တွေ့လိုက်ရလေသည်။

သေနက်ဖြင့်ချိန်လျက် သူ့အားပြောလိုက်သူမှာ ဝတ်ရုံနက်ကြီး လွှမ်းခြုံထားသည့် အလယ်ကလူဖြစ်သည်။ ကျန်သူမှာလည်း ခေါင်းစွပ်များစွပ်ထားကြ၏။

"ပြောနေတယ်လေကွာ.. အဲဒီ အရိုးစုမှာ စိုက်နေတဲ့ ဓါးကိုဆွဲနုတ်ပြီးတက်လာခဲ့ အမြန်လုပ်စမ်း"

ထွန်းဇော် ဝတ်ရုံနက်ပြောသည့်အတိုင်း ဓါးအားဆွဲနှုတ်လိုက်၏။

"ဝေါ ဂီးဂီး"

"ဝေါ ဗရော"

တိုက်ဆိုင်လှချည်လား ထူးဆန်းလှချည်လား မဆိုနိုင် ထွန်းဇော်အရိုးစုကြီးထံမှ ဓါးကိုဆွဲနှုတ်လိုက်စဉ် ငှက်ဆိုးထိုးသံများဖြင့်အတူ ပတ်ဝန်းကျင်တစ်ခုလုံး လေကြမ်းကြီးများ ရုတ်တရက်





တိုက်ခတ်လာလေ၏။

"အူ ... ဝူ ... ဝူ"

ခွေးအူသံတွေကလည်း သွေးပျက်ချောက်ချားဖွယ် ထွက်ပေါ်လာ၏။ ထွန်းဇော် သူ၏တစ်ရပ်ခန့်ရှိ ကျင်းပေါ်သို့ တက်လိုက်၏။ ကျင်းပေါ်မှ ဝတ်ရုံနက်များမှာ လေးယောက်ဖြစ်ပြီး ထွန်းဇော်အား ဝိုင်းရံထားကြပေသည်။

"ဘာလဲ အံ့ဩနေလို့လား။ ဟဲ ဟဲ မအံ့ဩပါနဲ့ကွာ၊ ကဲ ပေးစမ်း၊ မင်းလက်ထဲကဓါး ဒီဓါးကိုရဖို့ ငါ့ဘဝတစ်ခုလုံး မြှုပ်နှံပြီး နှစ်ပေါင်းများစွာ ငွေတွေအချိန်တွေ ကုန်ခဲ့ရတာ ဟား ဟား"

ထွန်းဇော်သည် သူ၏လက်တွင်းမှဓါးအား တစ်စုံတစ်ယောက်အား တွေးတောဆက်စပ်စဉ်းစားမိသဖြင့်–

"ကျုပ် မိဘနှစ်ပါးကိုသတ်ခဲ့တာ ခင်ဗျားတို့လား"

"အေး ဟုတ်တယ်ပဲဆိုပါတော့ မင်းမိဘတင်မဟုတ်ဘူး မူလဒီခြံကြီးနဲ့ အိမ်ကိုပိုင်တဲ့ အဘိုးကြီး အဘွားကြီးသင်မယားကိုလည်း တို့ပဲသက်စဖျောက်ခဲ့တာ အစိက,က ဟောဒီနန်းစဉ်မှော်ဝင်ရတနာဓါးနဲ့ပတ်သတ်ပြီး အဲဒီ အဘိုးကြီးကာလူးဆီက မှတ်တမ်းနဲ့ မြေပုံကိုလိုချင်လို့ပါ ... ဒါပေမဲ့ ငါတို့လူသတ်မှုသာ ကျူးလွန်လိုက်ရတယ် လိုချင်တာမရခဲ့ဘူး"

"အဟဲ မင်းက ကံကောင်းပြီးရလို့ ဒီကျောက်တလားကို ဖွင့်နိုင်ခဲ့တာပေါ့ ... ဒါပေမဲ့ ဒီလို ရတနာပစ္စည်းက ထိုက်သူ့စံပဲ ကဲပေးစမ်း မင်းဆီကဓါး ... ငါတို့ကမင်းကို ရှင်းပစ်ဖို့လာတာ မမျှော်လင့်ဘဲ ရတနာပုံဆိုက်ကိန်းကြုံနေပြီ ဟဲဟဲ"

ထွန်းဇော်သည် လက်တွင်းရှိ ဓါးအား ပစ်ပေးလိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ဖြစ်သည့် ဝတ်ရုံနက်က သွက်လက်စွာဖမ်းယူလိုက်လေသည်။ ထွန်းဇော်သည် အားမတန်၍မာန်လျှော့လိုက်ရသော်ငြား ခေါင်းဆောင်ဖြစ်ဟန်တူသူ ဝတ်ရုံနက်အား စေ့စေ့ကြည့်လျှက် မေးလိုက်၏။

"ခင်ဗျားတို့က ဘယ်သူတွေလဲ"

"အဟား ငါတို့ဘယ်သူဆိုတာ သိရတော့လည်း မင်းအတွက် ဘာများထူးခြားမှာလဲကွာ မင်းကမကြာခင်သေရမယ့်လူပဲ မင်းလဲမင်းမိဘတွေနောက်ကို လိုက်သွားပေတော့ ဟဲဟဲ"

ခေါင်းဆောင်ဖြစ်သူ၏ စကားကြောင့် ထွန်းဇော်ဖျဉ်းခနဲ ခံစားချက်တစ်ခုဖြစ်ပေါ်သွားလေသည်။ ယင်းလူ၏ စကားများမှာ သူ့၏မိဘနှစ်ပါးအာ လုပ်ကြံသတ်ဖြတ်ခဲ့သူမှာ သူတို့ပင်ဟု အတိအလင်းဖော်ပြနေသည် မဟုတ်ပါလား။ ထွန်းဇော်သူ၏ ဒူဝေသာသည့် ဒေါသတို့အား ဆက်လက်မထိန်းချုပ်နိုင်တော့ဘဲ ...

"ဟိုင်း"

"ဟင်"

ထွန်းဇော်သည် သူဖြင့် အနီးဆုံးဝတ်ရုံနက်အား လွှားခနဲ ခုန်ပျံဝင်ရောက်တိုက်ခိုက်လေတော့၏။ အခြေအနေသည် ရှုပ်ထွေးသွားသည်။ ဝတ်ရုံနက်သုံးယောက်ဖြင့် ထွန်းဇော်တရစပ် ပြင်းထန်စွာ တိုက်ခိုက်နေဆဲ ခေါင်းဆောင်ဖြစ်ဟန်တူသူသည် လှစ်ခနဲ ပြေးထွက်သွားလေ၏။

ထွန်းဇော်သည် ဝတ်ရုံနက်တစ်ယောက်အား လှဲသိမ်းလိုက်ပြီး ဝတ်ရုံနက်ခေါင်းဆောင်နောက်သို့ လှစ်ခနဲပြေးလိုက်သွားလေသည်။ ဝတ်ရုံနက်သည် ပြေးလွှားရင်မှ ထွန်းဇော်ရှိရာသို့ သေနတ်ဖြင့်လှည့်ပစ်သည်။





"ဒိုင်း"

ကျည်ဆံသည် ထွန်းဇော်၏ နားထင်အနီးမှ ဖြတ်သန်းသွားလေသည်။ ထိုစဉ် ...

"ဟေ့ လက်မြှောက်စမ်း မင်းတို့ကို ငါတို့ ပုလိပ်အဖွဲ့ ဝိုင်းထားပြီးပြီ"

"ဟင် ပု ... ပုလိပ်တွေ"

"ဒိုင်း"

"ဒိုင်း"

ပြေးလွှားသွားသည့် ဝတ်ရုံနက် ခေါင်းဆောင်သည် ပုလိပ်အဖွဲ့အသံကြားရာဆီသို့ လှည့်ကာပစ်ခတ်လေသည်။ သည့်နောက် ပုလိပ်အဖွဲ့၏ ဌာနအုပ်ငွေမောင်း၏ သေနတ်ပြောင်းဝမှ သေနတ်သံတစ်ချက် ထွက်ပေါ်လာ၏။ ဝတ်ရုံနက်ခေါင်းဆောင် ပုံကနဲ လဲကျသွားလေသည်။

"ဟေ့ကောင်တွေ လက်နက်ချ"

ခေါင်းဆောင်ဖြစ်သူပင် သေနတ်မှန်သွားပြီမို့ ကျန်ဝတ်ရုံနက်သုံးယောက်စလုံး ဆက်လက်မခုခံကြတော့ဘဲ ခြုံကြီးတွင်းမှ အလျှိုလျှိုထွက်လာကြသည့် ဝေါယာစစ်ပုလိပ်များထံ အဖမ်းခံလေတော့၏။

ယင်း ပုလိပ်အဖွဲ့အား ဦးဆောင်လာသူမှာ ဌာနအုပ်ငွေမောင်းပင်ဖြစ်၏။

ဌာနအုပ်ငွေမောင်းက ဝတ်ရုံနက်ခေါင်းစွပ်များအား ...

"ကဲ မင်းတို့ခေါင်းစွပ်တွေ ချွတ်လိုက်စမ်း"

ဌာနအုပ်ငွေမောင်းအမိန့်ကြောင့် လက်ထိတ်ခတ်ခြင်း ခံရသူဝတ်ရုံနက်သုံးယောက်သည်။ ခေါင်းစွပ်များ ချွတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြလေ၏။

"ခြော် ပင်လယ်ပိုင်းဘက်နဲ့ အထက်အညာဘက်မှာ ဓါးပြမှု၊ လူသတ်မှုတွေနဲ့ မိုက်ခဲသုံးဖော်လို့ခေါ်တဲ့ ဗလကြီးတို့ပဲကို၊ မင်းတို့ ရဲဘက်ကနေပြေးလာပြီး ဒီမှာလာနိုနေပြီး ရာဇဝတ်မှုတွေ ကျူးလွန်နေတာပေါ့"

"ဟုတ် ... ဟုတ်ပါတယ် ဆရာ"

"ဦးထွန်းမြတ်တို့လင်မယားကိုလည်း လုယက်ပြီး သတ်ခဲ့တာ မင်းတို့ပဲမဟုတ်လား"

"ဟုတ်ပါတယ်ဆရာ သူတို့တင်မဟုတ်ပါဘူး ပထမ အဘိုးကြီးလင်မယားကိုလည်း ကျုပ် ... ကျုပ်တို့ပဲလုပ်ကြခဲ့တာ ပါ ခုလည်းဟောဒီကကောင်လေးကို နောက်ဆုံးအနေနဲ့ နှုတ်ပိတ်ဖို့ လာတာ ခုဌာနအုပ်မင်းတို့ အဖမ်းခံရတာပါပဲ"

ဌာနအုပ်ငွေမောင်းသည် သေနတ်ဒဏ်ရာဖြင့် မြေပေါ် လဲကျနေသည့် ဝတ်ရုံနက်ခေါင်းဆောင်ဖြစ်သူထံ လှမ်းလျှောက် သွားပြီး ခေါင်းစွပ်ချွတ်လိုက်ရာ ထွန်းဇော်အလွန်အံ့အားသင့် သွားရလေသည်။

"ဟင် ဦးမာဃ"

"ဟုတ်တယ် မောင်ထွန်းဇော် သူဟာ ဦးမာဃပါပဲ သူတို့ တွေ့တွေ့ချင်း ကျုပ်သံသယဖြစ်မိတယ် ... ဒါဟာလဲ အင်္ဂါရုပ် ကြောင့်ပဲ သူ့ရဲ့အင်္ဂါရုပ်ဟာ ဘယ်အခါမဆို လျှို့ဝှက်ကြံစည် တတ်တဲ့ ရုပ်မျိုးဗျ ... ဒါကြောင့်လဲ ဦးမာဃရဲ့အကြောင်းတွေ ထောက်လှမ်းသိလောက် စုံစမ်းပြီး ဦးမာဃခြံနဲ့ ဒီဝန်းကျင်တဝိုက်မှာ ကျုပ်ရဲ့လူတွေ ဘယ်သူမှမရိပ်မိအောင် တိတ်တဆိတ်ချထားခဲ့ တာပဲ၊ တဲ ဦးမာဃ ခင်ဗျားဘာကြောင့် ဒီဝန်းကျင်မှာ ဦးမာဃ





အဖြစ်နဲ့ ဇာတ်မြှုပ်ပြီးနေရသလဲဆိုတာ ထွန်းဇော်သိအောင်ပြောပြ ပါ ခင်ဗျားဟာ တစ်ချိန်က နာမည်ကြီးဓါးပြခေါင်းဆောင် မိုက်ခဲ ဗဒင်ဆိုတာလဲ ကျုပ်တို့ အတိအကျသိထားပြီးပါပြီ ဘာကိုမှ ဖုံးကွယ်မနေနဲ့တော့"

သေနတ်သံများကြောင့် ပုလဲမြိုင်ရွာသူကြီးဖြင့် ရွာသား များလည်း မီးတုတ်များ လက်နက်များဖြင့် နှစ်ဆောင်ပြိုင်ခြံကြီး ထဲသို့ ရောက်ရှိလာကြ၏။ ဦးမာဃခေါ် မိုက်ခဲဗဒင်မှာ ခေါင်းငိုက် စိုက်ချလျက်။

"ဟုတ်ပါတယ်ဗျာ ဌာနအုပ်မင်းပြောသလို ကျုပ်ဟာ မိုက်ခဲဗဒင်ပါပဲ ကျုပ်ဒီရွာလေးမှာ ဦးမာဃအဖြစ် လာရောက်နေ ထိုင်ရတာကတော့ ဒီခြံကြီးထဲမှာ ကျုပ်လိုချင်တဲ့ အဖိုးမဖြတ် နိုင်တဲ့ ရတနာပစ္စည်းတွေရှိလို့ပါပဲ"

"ဟင် ရတနာတွေတဲ့"

"ထူးဆန်းလှချည်လား ဒါကြောင့်လဲ ဒီခြံကြီးနဲ့ အိမ် ကြီးဟာ နေသမျှလူတွေ တနည်းမဟုတ် တနည်းသေကြရတာ ကို"

"အဲဒါဟာလဲ ကျုပ်ရဲ့ လက်ချက်ပါပဲ တစ်ချိန်က လွန်ခဲ့ တဲ့နှစ်ပေါင်းနှစ်ရာဝန်းကျင်လောက်က ဒီနေရာဟာ မြေပြန့်လွင် ပြင်ကြီးတစ်ခုဖြစ်ပြီး ဒါမင်းဟိုးဆိုတဲ့ ဟိမဝန္တာနယ်ဘက်က ရွှေ့ ပြောင်းလာတဲ့ လူမျိုးစုတစ်ခု အခြေတည်နေထိုင်ခဲ့ကြတယ်။ အဲဒီလူမျိုးစုဟာ ရှေးဟောင်းဂမ္ဘီရပညာတွေနဲ့ မှော်အတတ်တွေ ကို ယုံကြည်စွဲလန်းကြတဲ့လူမျိုးပဲ"

"တစ်နေ့တော့ ဒါမင်းဟိုး လူမျိုးစုတွေမှာ မမျှော်လင့်ဘဲ ရောဂါဘယကပ်ဆိုးကြီး ကျရောက်လာလို့ ရွာလုံးကျွတ်နီးပါး



www.burmeseclassic.com

www.burmeseclassic.com



သေကြပျက်စီးကြတယ်၊ ဒီလိုသေကြေပျက်စီးကြရတာဟာ သူတို့ရဲ့ ရွာအစွန်မှာနေတဲ့ သူတို့က မှော်မိစ္ဆာရယ်လို့ သတ်မှတ်ထားကြတဲ့ အဘိုးအိုကြီး တာဆန်ဆိုသူကြောင့် ဖြစ်ရတာဆိုပြီး တစ်ညမှာ အဲဒီတာဆန်ဆိုတဲ့ အဘိုးကြီးကို ဟောဒီခြံကြီးရဲ့ ကုန်းပေါ်မှာ ကားစင်တင်သတ်ခဲ့ကြပါတယ် ... အဲလိုသုတ်သင်ခဲ့ကြရာမှာ အဘိုးအိုတာဆန်ရဲ့ မှော်အတတ်တွေနဲ့ စီရင်ထားတဲ့ ဓါးနဲ့ပဲ ထိုးသတ်ပြီး သတ်ဖြတ်ခဲ့ကြတာပါ ဟောဒီဓါးပါပဲ''

ဦးမာဃ၏အနားမှာ ကျနေသော ဓါးအား ဠာနအုပ်မင်းငွေမောင်က ကောက်ယူလိုက်ပြီး ဓါးကို သေချာစွာ ကြည့်ရှုနေလေသည်။ ဓါးရိုးလက်ကိုင်တွင် ရုပ်ပုံများ ကနုတ်သဖွယ်မြင်ဖူးသည့် အက္ခရာစာလုံးများ ထွင်းထုထားသည်ကိုတွေ့ရလေ၏။

''အမှန်တကယ်တော့ ပညာဉာဏ်နည်းပါးတဲ့ ဗဟုသုတခေါင်းပါးတဲ့ရွာသားတွေက ရွာနံဘေး စမ်းချောင်းထဲက အဆိပ်သင့်စေတဲ့ ကျောက်သတ္တုရိုင်းတစ်မျိုးရဲ့ရေကို သုံးစွဲမိကြပြီး တစ်ရွာလုံးဝမ်းပျက် ဝမ်းလျှောအနာတွေဖေါက်ပြီး သေဆုံးကြတာပါ။ တကယ်က အဘိုးကြီးတာဆန်ဆိုတာကလည်း တောတောင်အနှံ့ တရားအားထုတ်နေပေမဲ့ သူ့ပိုင်ဆိုင်တဲ့ နန်းစဉ်ပတ္တမြားကြီးနဲ့ အချို့ပတ္တမြားတွေကို သူ့ရဲ့ဓါးရိုးအိမ်ထဲမှာ လျှို့ဝှက်ထည့်သွင်းထားပြီး မှော်ဝင်ဓါးလိုလို မိစ္ဆာဓါးလိုလို ရွာသားတွေထင်ယောင်ထင်မှားဖြစ်ခဲ့တာပါ''

''ဒီပုလဲမြို့ရွာက ဒီခြံကြီးနဲ့ အိမ်ကြီးမှာ ပထမဆုံးနေတဲ့ အဘိုးကြီးဘာဘူဟာလည်း အဲဒီဒါမင်းဟိုး မျိုးနွယ်ကဆင်းသက်လာပြီး အဲဒီလျှို့ဝှက်ချက်ကို သိသူတစ်ယောက်ပါ သူဘာဘူ မြေပုံအရ အဲဒီအဘိုးကြီးတာဆန်ကို သတ်ဖြတ်ပြီး မြှုပ်





နှံထားတဲ့ ကျောက်တလားကို ရှာဖွေနေမှန်း သိလို့ တစ်ညမှာ ကျုပ်နဲ့ ကျုပ်လူတွေ အဲဒီမြေပုံကို ကောင်းရင်းနဲ့ နောက်ဆုံး မရတာနဲ့ ဒေါသထွက်ပြီး သတ်လိုက်တာပဲ အဲဒီနောက် ကျုပ်ဟာ ဦးမာဃအဖြစ်နဲ့ နေထိုင်ရင်း လကွယ်လပြည့်ညတွေမှာ ဟောဒီခြံကြီးရော အိမ်ကြီးထဲမှာပါ အဲဒီမြေပုံကိုလိုက်လံရှာဖွေနေခဲ့တာပါ အဲဒါကို တစ်ချို့က ကျုပ်တို့မကျွတ်မလွတ်တဲ့ ဗိညာဉ်တစ္ဆေသရဲလို့ အမြင်မှားကြတာပါပဲ ကျုပ်ဟာလည်း အဲလိုဟန်ဆောင်မှသာလျှင် ဒီခြံကြီးထဲဘယ်သူမှ မလာဝံ့ကြပဲ ကျုပ်ရည်ရွယ်ချက်တွေ အထမြောက်မယ်လေ''

''နောက်ထပ် ထွန်းဇော်ရဲ့ မိဘနှစ်ပါးကိုလည်း ကျုပ်တပည့်တွေက လက်စဖျောက်သတ်ပစ်ကြတယ် ဘာလို့လဲဆိုတော့ ကျုပ်ရှာဖွေနေကဲ့ နန်းစဉ်မှော်ဝင်ပတ္တမြားကြီးရဖို့နဲ့ အိမ်ကြီးမှာ ဘယ်သူမှ မနေရဲအောင်ပါ သူ့မိဘတွေသေဆုံးရင် ထွန်းဇော်လဲ ပန်းသဇင်ရွာကို ပြန်သွားမယ်လို့ကျုပ်ကထင်မြင်ထားခဲ့တာ မမျှော်လင့်ဘဲ ထွန်းဇော်က သူ့မိဘတွေရရှိခဲ့တဲ့ မှတ်တမ်းရော မြေပုံကိုပါ ရရှိသွားပြီး လိုက်လံရှာဖွေရာက ဒီညမှာ ကျောက်တလားကြီးကိုရှာဖွေတွေ့ရှိခဲ့တာပဲ ကျုပ်တို့တွေကလည်း သူ့တို့အား လက်စဖျောက်ဖို့ ဒီညဗလကြီးတို့နဲ့အလာ ဠာနအုပ်မင်းနဲ့ ပုလိပ်တွေရဲ့ အဖမ်းကိုခုလိုခံရတာပါပဲဗျာ''

''ခင်ဗျားရဲ့ မဟာအကြံအစည်ကြီး ပျက်သွားရတယ်ဆိုပါတော့ ဦးမာဃ''

''ဟုတ် ... ဟုတ်ပါတယ် ဠာနအုပ်မင်း ဠာနအုပ်မင်းငွေမောင်းဆိုတာ ကျုပ်တို့သတင်းကြားပြီးသားပါ အမှုတော်ကို မပေါ်ပေါ်အောင် ဖော်ထုတ်နိုင်စွမ်းရှိသူဆိုတာ ကျုပ်တို့သိလို့



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စကို အမြန်အကောင်အထည်ဖော်ဖို့ ကြိုးပမ်းမှု ဌာနအုပ်မင်းနဲ့ ထိပ်တိုက်တိုးရတာပဲဆိုပါတော့ဗျာ''

ထွန်းဇော်မှာမူ သူ၏ ထူးခြားဆန်းကြယ်သော အိပ်မက်များမှတစ်ဆင့် ဒီဓါးကြီးအကြောင်း သိရှိထားသူမို့ သိပ်တော့မအံ့ဩခဲ့ချေ။ ရွာသားများအတွက်မူ ထူးဆန်းနေလေသည်။ ဌာနအုပ်မင်းက ဦးမာဃခေါ် မိုက်ခဲဗဒင်အား သနားစဖွယ်ကြည့်ကာ ...

''အင်း တကယ်တော့ ရေလိုက်လွဲတာပဲ ဦးမာဃ ဒီနန်းစဉ် မှော်ဝင်ပတ္တမြားကြီးနဲ့ ပတ္တမြားတွေက ဒီဓါးရိုးထဲမှာမရှိဘူး လွန်ခဲ့တဲ့ နှစ်ငါးဆယ်လောက်က ဒီပုလဲမြို့ရွာကို စတင်တည်ကြတဲ့ ရွာလူကြီးလေးယောက်မှ ဦးမင်းခင်ဆိုတဲ့ ရွာသူကြီးတစ်ဦးက မမျှော်လင့်ဘဲ ရှာဖွေတွေ့ရှိသွားပြီး နိုင်ငံတော်ကို အပ်နှံပြီးခဲ့ပါပြီ ဒါကို ကျုပ်က ဘာလို့သိနေရသလဲဆိုတော့ ဒီအမှုကို ကျုပ်ဖော်ဖို့ဆုံးဖြတ်တာရယ် ... စိတ်ဝင်စားတာရယ်ကြောင့် ရန်ကုန်အင်းစိန် အမှုတွဲတွေရယ် ရှေးဟောင်းသတင်းစာတွေရယ်က သိရသလို အမှန်ပြောရရင် ကျုပ်က အဲဒီရွာလူကြီး ဦးမင်းခင်ရဲ့ မြေးတော်စပ်နေသူတစ်ဦးဖြစ်လို့ပါပဲ ... ကျုပ်က လူသတ်မှုတွေကို အစက ပဇ္ဇည်းလိုချင်လို့ သတ်ဖြတ်တာပဲ ထင်မြင်နေမိပေမယ့် နောက်မှ ဒီအမှုတွေရဲ့ နောက်ကွယ်မှာ ထူးခြားမှုရှိရမယ်ဆိုတဲ့ အတွေးကြောင့် ကျုပ်ရဲ့လူတွေကိုလွှတ်ပြီး ဒီခြံကြီးဝန်းကျင်မှာ ဖြန့်ယှက်ထားခဲ့တာပေါ့ ဒါကြောင့်လဲ ခင်ဗျားဟာ ဦးမာဃ အသွင်ယူထားပေမဲ့ မိုက်ခဲဗဒင်မှန်း ကျုပ်သိနေတာပေါ့ ဒါကြောင့်လဲ ခင်ဗျားရဲ့ လှုပ်ရှားမှုတွေကို စောင့်ကြည့်ခဲ့တာပါ''

''အင်း ဌာနအုပ် ပြော ပြောတာတွေက တကယ်လား''

ဦးမာဃခေါ် မိုက်ခဲဗဒင်သည် ဌာနအုပ်ငွေမောင်း၏





စကားတွေကို မယုံကြည်နိုင်ဟန် အထိတ်တလန့်ဖြင့် မျက်လုံးတွေ ပြူးကာ အလောသုံးဆယ်မေးလိုက်၏။

''သြော် ... ခင်ဗျားက ကျုပ် လိမ်ဆယ်လိမ်ညာပြီးပြောနေတယ် ထင်တာကို မယုံရင်လည်း ... ယုံအောင်ပြရတာပေါ့ ကဲ ဒီမှာကြည့်''

ဌာနအုပ်ငွေမောင်းသည် စကားဆုံးသည်နှင့် သူ၏လက်တွင်း၌ရှိသည့် ထူးဆန်းသော ဓါးမြှောင်လက်ကိုင်ရိုးတွင်းမှ လက်ကိုင်အား ချွတ်ပြကာ မှောက်သွန်ပြလိုက်၏။ ဓါးမြှောင်လက်ကိုင်ရိုးတွင်းမှ မည်သည့်ပတ္တမြားမှ ထွက်ပေါ်မလာပေ။

ထွန်းဇော်အပါအဝင် ရွာသူရွာသားများရော ဦးမာဃနှင့် တပည့်များပါ ခေါင်းငိုက်စိုက်ကျသွားလေသည်။ အထင်ဖြင့် အမြင်လွှဲခဲ့ကြပါလားလေ။

⌘



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၅)

# အချစ်သည်စွမ်းအား

အရာအားလုံးရှင်းလင်းသွားပြီးနောက် ဖြစ်သည်။

ဌာနအုပ်ငွေမောင်းနှင့်ပုလိပ်များသည် လူသတ်တရားခံ ဦးမာဃခေါ် မိုက်ခဲဗဒင်ဖြင့် တပည့်များကို မြို့သို့ခေါ်သွားကြလေသည်။ ဦးမာဃသည် သူ၏ ဘဝတစ်လျှောက် လျှို့ဝှက်စွာ ဆင်းရဲပင်ပန်းခံ၍ လိုက်လံရှာဖွေခဲ့ရသည့် နန်းစဉ်ပတ္တမြားကြီးမှာ အမှန်တကယ် မရှိခြင်း ခေါင်းငိုက်စိုက်ကျလျှက် သွားလေသည်။

သို့သော် လူသတ်မှု ခါးပြမှုများကြောင့် ဦးမာဃနှင့် တပည့်များသည် ကြိုးကျလျှင်ကျ မကျပါက တစ်ကျွန်းသို့ အပို့ခံရမည်မှာ သေချာသည်။

ယခုတော့လည်း အိမ်ကြီးသည် တိတ်ဆိတ်ခြောက်သွေ့နေလေသည်။ ယင်းသတင်းကြောင့် ဖန်းသဖင်ရွာကနေ လက်ပွားနှင့်မင်းလက်တို့ လိုက်လာကြလေသည်။





အိမ်ကြီး၏ ဆင်ဝင်လသာဆောင်ထက်မှာ သူတို့တတွေ ထိုင်နေကြလေသည်။ ထွန်းဇော်သည် နန်းစဉ်ရတနာ မှော်ဝင်ခါးကြီးရှိခဲ့ရာ နဂါးသင်္ချိုင်း ကျောက်တန်းလေးသို့ ငေးမောကြည့်နေမိလေသည်။ လောက၌ အမှန်တကယ် မရှိသည့် မှော်ဝင်ပတ္တမြားကြီးအား မှတ်တမ်းစာအုပ်လေး တစ်အုပ်ဖြင့် မမျှော်လင့်ဘဲသူ၏မိဘနှစ်ပါးသည် အသက်ပေးဆပ်ခဲ့ရသည်။ သူပင် သီသီကလေး လွတ်လာခဲ့ရသည်မဟုတ်ပါလား။ လောဘသည် လိုချင်မှုတစ်ခုသည် ကြောက်မက်ဖွယ်ရာ ဖြစ်မှုကြီးတွေကိုပင် ကျူးလွန်စေတတ်ကြောင်း ထွန်းဇော်သည် သံဝေဂရသည်။

"ထွန်းဇော်"

လက်ပွားထံမှ ခေါ်သံထွက်ပေါ်လာ၍ ထွန်းဇော်သည် လက်ပွားတို့ရှိရာသို့ လှမ်းကြည့်မိလိုက်သည်။ လက်ပွားသည် သူ့အား ပြုံးပြလျှက်က ...

"ဘာတွေ တွေးနေတာလဲကွ ပန်းသဖင်ရွာသူလေး သင်းနန္ဒာအကြောင်းလား ဟဲဟဲ"

"နန္ဒာအကြောင်းရယ် မဟုတ်ပါဘူးကွာ နန္ဒာက ငါ့ရင်ထဲမှာ အချိန်ပြည့်အမြဲတမ်းရှိနေတာပါ ငါတွေးနေတာက ထူးဆန်းလွန်းတဲ့ အိပ်မက်တွေကို ကြုံခဲ့ရပြီး ဖေဖေနဲ့မေမေသေဆုံးခဲ့ရတာကို တွေးနေမိတာပါကွာ"

"မင်းကလဲကွာ ဖြစ်ပြီးသားတွေက ဖြစ်ပြီးပြီပဲကွာ စိတ်မကောင်းဖြစ်အောင် ဘာလို့ပြန်တွေးနေရတာလဲ အခုတော့ မင်းလက်ရှိတွေးရမှာက မင်းရဲ့ရှေ့အနာဂတ်ကို ဘယ်လိုစီစဉ်မလဲဆိုတာပဲ"

"လက်ပွားရာ ပြောချင်လည်း ရှင်းရှင်းလင်းလင်းပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကွာ အနာဂတ်တွေ အတိတ်တွေ လုပ်မနေနဲ့ သင်းနန္ဒာနဲ့ ဘယ်တော့ယူကြမလဲလို့တာ မေးလိုက်ကွာ''

မင်းလက်က ရယ်ကျဲကျဲဖြင့် ဝင်ပြောသည် ထိုအခါ လက်ပွားက

''ဟုတ်တယ်နော် ထွန်းဇော် မင်းနဲ့နန္ဒာတို့ကိစ္စက ဘယ်လိုလဲ တစ်ရွာလုံးကလည်း စိတ်ဝင်စားနေကြတယ် ... ပြီးတော့ ငါတို့ ဒီကိုလာမှာသတင်းကြားလို့ ခုလာတာတောင် စကားအမှာက ပါးလိုက်သေးတယ်ကွ''

''နန္ဒာဘာပြောလိုက်လို့လဲ လက်ပွား''

''ပန်းသဖင်ရွာက သင်းနန္ဒာဆိုတဲ့ ကောင်မလေးတစ်ယောက်ကို မေ့ပြီး ပုလဲမြို့သူတွေရဲ့အလှမှာ သာယာနေပြီလားတဲ့ သူ့အမေလည်း အတော်လေး ကျန်းမာလာပြီကွ နန္ဒာရဲ့ အဖေနဲ့အမေကလည်း မင်းတို့ကိစ္စကို သူတို့မျက်စိမမှိတ်ခင်စီစဉ်ပေးခဲ့ချင်တယ်လို့ပြောနေတာပါ''

''လက်ပွားရာ ငါ နန္ဒာ့ကိုသိပ်ချစ်ပါတယ် ... ဒါပေမဲ့ ငါက အရင်ကထွန်းဇော် မဟုတ်တော့ဘူးလေကွာ ဦးမာဃတို့ လက်ချက်ကြောင့် မေမေတို့စုဆောင်းထားသမျှ ဖြုံကာဖြုံကာတဲ့ မျက်နှာမွဲ ထွန်းဇော်ဖြစ်နေပြီကွ ငါပိုင်ဆိုင်တာဒီခြံနဲ့ အိမ်ကြီးပဲရှိတယ်''

''ဟော ... ဒါတော့ မင်းက သင်းနန္ဒာရဲ့အချစ်ကို အထင်သေးတဲ့သဘောပဲထွန်းဇော် မင်းတို့က ငယ်ချစ်တွေပဲ မင်းမိဘတွေပြည့်စုံလို့ မင်းကိုနန္ဒာက ချစ်ခဲ့တာမှမဟုတ်တာပဲ နန္ဒာနှလုံးသားကဖြူစင်တယ်ဆိုတာ ငါတို့သိတယ်''

''ဟုတ်တယ် ထွန်းဇော် ဒါတော့မင်းအတွေးတွေ တလွဲ





တချော်ထင်နေတာပါ မင်းမှာရွာမှာလဲ အိပ်ဝိုင်းခြံဝိုင်းနဲ့ လယ်မြေကွက်တွေရှိနေသေးတာပဲ ရှင်းရှင်းပြောရင် ရွာသူဌေးပေါက်စပါကွာ''

''အေးလေကွာ ငါလိုလယ်တစ်ဧက နွားတရှဉ်းမပိုင်တဲ့ကောင် ခင်အေးမူနဲ့ ချစ်သူဖြစ်နေတာကို ဒီကောင်ဘယ်လိုများနေမလဲမသိဘူး''

''ဟုတ်ပါ့ကွာ''

မင်းလက်ရော လက်ပွားပါ ပြောပြ၍ မင်းလက်ဖြင့်ရွာမှ ခင်အေးမူတို့ မကြာခင်လက်ထပ်ကြတော့မည်ဟု ထွန်းဇော်သိထားသည်။

''ဘာမှ စဉ်းစားမနေနဲ့ ဟော့ကောင် ငါတို့မနက်ဖြန်ရွာပြန်ရင် မင်းလိုက်ခဲ့ရမယ် ဒါပဲ''

''ဟိုက ရွှေမင်းသမီးက မောင်တော်မင်းသားလေး ပေါ်မလာလို့ ရွှေစိတ်တော် ညှိုးနွမ်းပြီး နှလုံးကြေကွဲလွမ်းဆွတ်နေရတာနဲ့ လူတောင်ယဲ့ယဲ့ကလေး ရှိတော့မယ် ဒီကောင်ကတော့ နေနိုင်လိုက်တာ''

''နန္ဒာ ဘာဖြစ်လို့လဲ''

လက်ပွား၏ စကားကြောင့် ထွန်းဇော်၏စိတ်ထဲမှာ စိုးရိမ်လှိုင်းက စလှုပ်ခက်သွားရသည်။ ထွန်းဇော် ကပျာကသီပင် မေးလိုက်၏ မင်းလက်က–

''ဘာဖြစ်ရမှာလဲကွ လွမ်းဖျားလွမ်းနာကျပြီး ဖျားနေတာပေါ့ မင်းတို့ကလည်းကွာ နန္ဒာနေမကောင်းဖြစ်နေတာကို ရောက်ရောက်ချင်းမပြောဘူး မဟုတ်တာတွေ ပလ္လင်ခံနေသေးတယ်''

''မင်းကို အမြင်ကတ်လို့ပေါ့ကွ''



www.burmeseclassic.com

www.burmeseclassic.com



"ကဲ သွားကြမယ်"

စကားအဆုံး ထွန်းဇော်က ထိုင်နေရာက မတ်တတ်ထရပ်လိုက်၍ မင်းလက်ဖြင့် လက်ပွားအံ့အားသင့်သွားရသည်။

"ဟ ဖြုန်းစားကြီးပါလား ဘယ်လဲကွ"

"နန္ဒာ့ဆီ သွားမယ်လေ"

"ဟိုက်ရှားဘား ဟော့ကောင် တော်ကြာမိုးချုပ်တော့မယ်"

"ချုပ်ချုပ်မှောင်မှောင်ကွာ ငါနန္ဒာ့ကို အခုတွေ့ချင်တယ်"

"ရောဂါက တိုးပြီ"

"ဟော့ကောင် လက်ပွား မင်းက အချစ်ဆိုတာကို ခံမှမခံစားဖူးတာ ဝင်မပြောနဲ့ မင်းတို့လိုက်ချင်လည်းလိုက် မလိုက်ချင်လည်း နေခဲ့ငါတော့သွားပြီး"

ထွန်းဇော်သည် လသာဆောင်ကနေ လှမ်းထွက်သွားလေတော့သဖြင့် မင်းလက်ရော လက်ပွားပါ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပခုံးတွန့်လိုက်မိလေတော့သတည်း။

⌘



အခန်း (၁၆)

# အနာဂတ်လျှောင်း

"နန္ဒာ နေမကောင်းဘူးဆို"

"ထွန်းကို ဘယ်သူတွေက ပြောတာလဲ"

သင်းနန္ဒာသည် ချစ်စဖွယ် မျက်စောင်းလေးတစ်ပွင့်ခြွေကာ မေးလိုက်သည်။ လက်ပွားတို့နှစ်ယောက်က သူမနေမကောင်းဟုပြောလိုက်၍ စက်ဘီးကိုယ်စီဖြင့်လာခဲ့ရာ ပန်းသဇင်ရွာသို့ နေဝင်ဖြိုးဖျအချိန်တွင် ရောက်လာခဲ့သည်။

သင်းနန္ဒာဖြင့် ဆုံတွေ့သောအခါ သူမသည် သူ့အားမြင်တွေ့လိုက်သဖြင့် ပျော်ရွှင်ဝမ်းမြောက်သွားလေသည်။ မင်းလက်နှင့် လက်ပွားမှာ ရွာထဲဝင်စကပင် ကိုယ်ရောင်ဖျောက်သွားကြသေပြီ။ ဘာဖြစ်ဖြစ် ချစ်သူအား ချမ်းမြေ့စွာမြင်တွေ့ရလိုက်၍ ထွန်းဇော် ဝမ်းသာသွားလေပြီ။

"ဘယ်ကောင်တွေရှိမလဲ နန္ဒာရယ် လက်ပွားနဲ့ မင်းလက်ပေါ့ ... နန္ဒာနေမကောင်းဘူးပြောလို့ တို့ရင်ထဲမှာ စိုးမိုးမှုနက်



www.burmeseclassic.com

www.burmeseclassic.com



သွားရတာ ပြောမပြတတ်အောင်ပဲ ... ခုမှပဲ စိတ်အေးသွားရတော့တယ်''

''မယုံပါဘူးနော် ကွယ်ရင်မေ့ တွေ့သောအောင်လွမ်းတယ်ဆိုတာ ထွန်းပဲဖြစ်လိမ့်မယ်။ ရွာကိုအကြာကြီးမလာဘဲ နန္ဒာကို မေ့ထားပြီးတော့ အဟင်း ... မသိရင်ခက်မယ်''

''နန္ဒာ နန္ဒာက တို့ရဲ့နှလုံးသားထဲမှာ အမြဲတမ်းရှိနေတဲ့သူပါ ... ဦးမာယတို့ကိစ္စတွေနဲ့ မှော်ဝင်ပတ္တမြားကြီး ကိစ္စတွေကြောင့် နန္ဒာ့ဆီချက်ချင်းမလာဖြစ်တာပေါ့။ ဒါကို နန္ဒာက စိတ်ဆိုးသလား''

''နန္ဒာက မိန်းကလေးပါ ထွန်းရယ်။ မိန်းမသားဘဝဆိုတာက ကိုယ့်ချစ်သူကို လွမ်းရင်တောင် လွမ်းကြောင်း မြေပေါ်မှာ ရွှေကြော်ငြာမကာမ်းရဲတဲ့ဘဝပါ ... ခုလည်း နန္ဒာကို ရွာထဲက မေးနေကြတယ်''

''ဘာမေးလို့လဲ နန္ဒာ''

''နန္ဒာ မဖြေချင်ဘူး''

သင်းနန္ဒာ ထိုသို့ပြောရင်း သက်ပြင်းလေးရှိုက် မျက်လွှာလေးအောက်ငုံကာ ခေါင်းငိုက်သွားလေသည်။ သင်းနန္ဒာ မပြောပါသော်လည်း ရွာထဲမှလူတွေ မေးကြမြန်းကြမည်မှာ သူတို့နှစ်ယောက် မင်္ဂလာပွဲကိုပင်ဖြစ်ပေမည်။

နန္ဒာ၏အဖို့မူ မြင်းကမလှုပ် ခုံကလှုပ်သည်ဟူသော အဖြစ်ဆိုးကြီးမြင်ကြုံတွေ့နေရမည်မှာ သေချာသည်။ ထွန်းဇော်သည်





မျက်ဝန်းလေးတွေ့ ညှို့ဖျော့စွာရှိနေသော သင်းနန္ဒာအား ချစ်မြတ်နိုးစွာကြည့်ရင်းမှ ...

''နန္ဒာကို တို့ ပြောပြဖူးတာ နန္ဒာမှတ်မိလား''

''ဘာကိုလဲ''

''တို့နှစ်ယောက်လုံး ဘွဲ့ဒီဂရီရပြီးရင် လက်ထပ်ဖို့နှစ်ဖက်မိဘတွေက သဘောတူကြပေမယ့် ကိုယ် နန္ဒာ့ကိုမခွဲချင်လို့ တစ်ခါတည်း ခိုးပြေးသွားချင်တယ်ဆိုတာလေ''

''အို ... ဒါ ... ဒါကတော့''

''အဟင်း အဲဒီတုန်းက နန္ဒာခုလိုပဲ ထိတ်လန့်သွားတာပဲမဟုတ်လား ... ကိုယ် နန္ဒာကိုဘယ်လောက်ချစ်တယ် မြတ်နိုးတယ်ဆိုတာ လက်တွေ့ပြမယ် ကဲ''

''အို ထွန်း''

သင်းနန္ဒာ၏ ကိုယ်လုံးလေးသည် ခြံထောင့်အမှောင်ရိပ်အောက်၌ ထွန်းဇော်၏ ရင်ခွင်တွင်းသို့ နှစ်မြုပ်ကျဆင်းသွားလေသည်။ ပြီးတော့ ပူနွေးသော အနမ်းမွှင့်တွေက သူမ၏ မျက်နှာပြင်အနှံ့တရစပ် ကြွေကျလာလေ၏။ သင်းနန္ဒာ မရုန်းကန်မိပါ ရင်တွေတဒိတ်ဒိတ်ခုန်နေလေသည်။

အတန်ကြာတော့မှ ...

''အို ... လွှတ်ပါဦး ထွန်းရယ်''

''မလွှတ်ချင်တော့ဘူး နန္ဒာရယ်၊ နန္ဒာရဲ့ကြင်နာ...

တွေနဲ့ပဲ တို့ရဲ့မနက်ဖြန် အနာဂတ်သစ်တစ်ခုကို ရွေး...



www.burmeseclassic.com

ချင်ပြီ၊ နန္ဒာနဲ့တစ်ရက်ခွဲနေရလေ တို့တစ်ရက်ပိုခံစားရလေပဲ တို့လေ နန္ဒာရဲ့မျက်နှာလေးကို အမြဲမြင်ချင်နေတာ မထူးတော့ပါဘူး။ မနက်ကျရင် ဦးလေးနဲ့အဒေါ်ကို ခွင့်ပန်ပြီး တစ်ခါတည်း ပြောပြလိုက်မယ်''

''ဟင် ထွန်း . . ထွန်းက ဘာပြောမှာလဲဟင်''

သင်းနန္ဒာသည် ထွန်းဇော်၏ တဖွတ်ဖွတ်လှုပ်ခတ်သော စိတ်ကိုသိထားသည်မို့ အထိတ်တလန့်လေး မေးလိုက်မိရလေသည်။ ထွန်းဇော်က ပြုံးလျက် . . .

''ကိုယ်မှ နန္ဒာကို မခွဲနိုင်တာ''

''အို . . . အဖေတို့ကို ဘာပြောမှာလဲလို့မေးနေတာ''

''နန္ဒာက သိပ်သိချင်နေလား''

''ပြောပါဆို ထွန်းကလည်း ရှေးကိုင်နေပြန်ပြီ''

''ကိုယ်ပြောမှာက ကိုယ်မနေနိုင်တော့ဘူးလို့ နန္ဒာ့ကိုလည်း စိတ်မချတော့ဘူးလို့ အံမြန်ဆုံးလက်ထပ်ပေးပါလို့''

''ဟင်း ထွန်း ကောလိပ်တက်ဖို့ ကိစ္စကရော''

''အိုကွာ အဲဒီကျောင်းကိစ္စကို ခေါင်းထဲက ထုတ်ပစ်လိုက်ပြီ။ ကိုယ် အခုသိတာ နန္ဒာကို မခွဲနိုင်တာပဲဖြစ်နိုင်ရင်ခုပဲ''

''အို ထွန်း''

သင်းနန္ဒာ ခန္ဓာကိုယ်လေးက ထွန်းဇော်၏ ရင်ခွင်ကျယ်ကြီးထဲ နစ်မြုပ်သွားပြန်လေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး ရေးရေးလေးလင်းနေသည့်လရောင်တွေက တိမ်မည်းညိုတွေကြောင့်မှောင်မိုက်သွားလေ၏။





လေပြည်လေညင်းလေးများသည် နုနွဲ့စွာ တိုက်ခတ်နေ၏။ ပန်းရနံ့လေးများကလည်း လေပြေအား ခိုစီးလျက် ဝန်းကျင်တစ်ဝိုက် ပြေးလွှားဆော့ကစား၍ နေကြလေတော့သတည်း။

လေညင်းစောင်းကြိုးခတ်သံပင် ရင်ခုန်သံဖြစ်နေလေတော့သည်လေ။

အောင် ဇေယျတု သဗ္ဗ မင်္ဂလာ၊

**ဂျူးရှမောင်ရွှေ**

၂-၆-၂၀၀၉

နံနက်။

www.burmeseclassic.com

## ❋ ဆင်ခြင်ပင်ပင် ရှာရှာမှီးမှီး စိတ်ဓာတ်ဒါသည် ❋

ကျွန်တော်သည် လွန်ခဲ့သော ၁၂ နှစ်ကတည်းက စာရေးဆရာ ဖော်နှင်းကိုအမည်ဖြင့် ဖြစ်ရပ်မှန်, မှခင်း, ဂမ္ဘီရ ဒေဿာရှိ, အမှတ်တရဒေဿာရှိ, မြတ်ဗုဒ္ဓ၏မော်ကွန်းစာပန်း၏ စသည့် ဤပါးလိုင်းကို တစ်တောဝင် တစ်တောင်တက် နေရာ ပေါင်းစုံ၊ နယ်ပေါင်းစုံ ဇာတ်လမ်းရှာဖွေကာ ရေးသားနေသူ ဖြစ်ပါသည်။ ဇာတ်လမ်းရှာဖွေခဲ့ရာတွင် ကျွန်တော်ကျော်သွားတာ လည်း ရှိသလို ကျန်ခဲ့တာလည်း ရှိပါသည်။ နောက်ထပ်ပေါ် ထွန်းလာသည့် ဇာတ်လမ်းများလည်း ရှိကောင်းရှိပါမည်။

### ဇာတ်လမ်းဆိုတာ လူသားတိုင်းမှာ ရှိပါသည်

ဆောင်ပုဒ်အတိုင်း ပရိသတ်များအနေဖြင့် . . .

(၁) ဂမ္ဘီရဇာတ်လမ်းများ (၂) သရဲဇာတ်လမ်းများ (၃) အချစ်ဟာသဇာတ်လမ်းများ (၄) မှုခင်းဇာတ်လမ်းများ စသည့် စသည့် ဝတ္ထုဇာတ်လမ်းများ တွေ့ရှိပါက အောက်ပါ လိပ်စာအတိုင်း ပေးပို့ပါရန် မေတ္တာရပ်ခံပါသည်။ ကြိုက်နှစ်သက်ပါက ထိုက်သင့်သောစာရွေ ချီးမြှင့်ပါမည်။

ရဲရင့်အောင်စာပေထုတ်ဝေဖြန့်ချိရေး
အမှတ် (၂၉) အရှေ့မြို့ပတ်လမ်း။
ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

BURMESE CLASSIC
www.burmeseclassic.com